# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ်(ဓမ္မပဒ-၁၂)**


၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် | ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ် (၂၁၁)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Chinese People's Political Consultative Conference- CPPCC ဥက္ကဋ္ဌ Mr. Wang Yang နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင်များနှင့်တွေ့ဆုံ၊ သစ်သီးဝလံနှင့် ပန်းမန်ဥယျာဉ်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**ပေကျင်း ဧပြီ ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိပြီး မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင်များနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာသံရုံးအတွင်း လှည့်လည်ကြည့်ရှုပြီး မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိပြီး Chinese People's Political Consultative Conference- CPPCC ဥက္ကဋ္ဌ Mr. Wang Yang နှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဦးဆက်အောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❒


## ထူးခြားသည့်နေ့အပူချိန်များ

၂၈-၄-၂၀၁၉

| | | | |
|---|---|---|---|
| မန္တလေးမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် | ဘော်လခဲမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် |
| တံတားဦးမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် | မြင်းမူမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၄ ဒီဂရီစင်တီဂရိတ် | မြင်းခြံမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် | ကျောက်ဆည်မြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| တောင်ငူမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် | မကွေးမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |

## နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။




မြန်မာ့အလင်း

# ကြိုးပမ်းအားထုတ်မှုနှင့် အခြေအနေအခွင့်အလမ်း

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံဘဝသို့ ကျရောက်ခဲ့ရာမှ ပြန်လည်ရုန်းထွက်နိုင်ရန် ကြိုးပမ်းနေရသည်။ LDC ဟူ၍လည်း လူသိများကြသည့် နိုင်ငံမွဲဘဝကိုခံယူကာ အကူအညီအထောက်အပံ့များ၊ သက်သာခွင့်များ စသည်တို့ရယူရန် ရည်ရွယ်ခဲ့သော်လည်း အခြားသော နိုင်ငံမွဲများနည်းတူ အခွင့်အရေးများ အပြည့်အဝမရရှိခဲ့။ နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည့် နိုင်ငံမွဲဘဝကို ကျရောက်ခဲ့ရခြင်းသည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကိုလည်း ထိခိုက်စေခဲ့သည်။ မည်သို့ပင်ဆိုစေ လက်ရှိအခြေအနေတွင်တော့ နိုင်ငံမွဲဘဝမှ ပြန်လည်လွတ်မြောက်တော့မည့် အလားအလာကောင်းများ ရှိနေပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ နိုင်ငံသူ နိုင်ငံသားများ၏ ကြိုးပမ်းအားထုတ်မှုအပေါ်တွင် အဓိကမူတည်နေပြီး အစိုးရပိုင်းကမူ ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများ ပေါ်ပေါက်လာရေးအတွက် အခြေအနေအခွင့်အလမ်းများ ဖန်တီးပေးနိုင်ဖို့ပင် ဖြစ်သည်။ ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများ အားကောင်းမောင်းသန်ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ပြည်သူ့ကျန်းမာရေး၊ ပညာရေး၊ ပြည်သူ့ဘဝ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများ၊ ရပ်ဓလေ့ ရွာဓလေ့များ၊ အာဟာရပြည့်ဝအောင် စားသောက်နိုင်သည့် အခြေအနေများနှင့် အဆင့်ဆင့်သော ဦးစီးဦးဆောင်မှုများ စသည်တို့က ဖန်တီးပေးသည်ဟူ၍ ပညာရှင်တို့က ဆိုသည်။

မဝေးသေးသည့် အတိတ်ကာလ နှစ်ပေါင်း ၅၀ ကျော်မျှကြာအောင် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရာမှ ပညာရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်အခြေအနေတို့လည်း နိမ့်ကျခဲ့ရပြီး ဖိနှိပ်တင်းကျပ်သည့် အုပ်ချုပ်ရေးပုံစံများ၏အောက်တွင် လူတို့၏ အတွေးအခေါ်အယူအဆများ၊ အမူအကျင့်များ၊ စိတ်ဓာတ်ရေးရာ အခြေအနေများသည်လည်း ပြောင်းလဲသွားခဲ့သည်။ ခေတ်ကာလအခြေအနေများ၏ အောက်တွင် နိမ့်ကျသွားခဲ့ကြရာတွင် မိမိတို့မှီတင်းနေထိုင်ရာ နိုင်ငံ၏ အရေးကိုလည်းကောင်း၊ မိမိပါဝင်သည့် လူ့အဖွဲ့အစည်းကိုလည်းကောင်း စိတ်ဝင်စားမှု နည်းပါးလာသည်။ အများအကျိုးဆောင်လိုခြင်းထက် အကျပ်အတည်းမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းနှင့် မိမိတစ်ကိုယ်စာအတွက်ကိုသာ ဦးစားပေးစဉ်းစားလာကြသည်။ ဆင်းရဲမွဲတေခြင်းနှင့် နိမ့်ကျခြင်းကို အရှိတရားအဖြစ်လက်ခံကာ လိုက်လျောညီထွေညီယူနေထိုင်လာကြသည်။ ကာလကြာရှည်စွာ တိုးတက်မှုကင်းမဲ့နေသည့် အခြေအနေကို ပြောင်းလဲဖြစ်ပေါ်လာအောင် အားထုတ်ကြိုးပမ်းမည့်အစား (ကျောက်နံရံကို ခေါင်းနှင့်မတိုက်တော့ဘဲ) တင်းတိမ်ရောင့်ရဲငိုက်မျဉ်းတတ်လာသည်။ ဤအခြေအနေနှင့် ဤစိတ်ဓာတ်များ ရာစုနှစ်ထက်ဝက်ကျော်မျှ အမြစ်တွယ်ခဲ့သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို ခေတ်အပြောင်းအလဲတွင် နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထအား၊ ရုန်းအားတို့ ရရှိရန်မှာ အဘက်ဘက်မှ ပြုပြင်မှုတို့ ပြုလုပ်ပေးရမည်ဖြစ်သည်။ အထူးသဖြင့် မျိုးဆက်သစ်များကို နည်းလမ်းမှန်ကန်စွာ ပြုစုပျိုးထောင်ရင်း တစ်ဖက်တွင်လည်း လက်ရှိမျိုးဆက်များကို နိုင်ငံ၏ အရေးအရာများ၌ တက်ကြွစွာပါဝင်လာရေး၊ စည်းကမ်းရှိသော၊ စည်းလုံးညီညွတ်သော လူ့အဖွဲ့အစည်းအဖြစ် ဖြစ်ပေါ်လာရေးတို့အတွက် နိုင်ငံရေးဆိုင်ရာနည်းလမ်း၊ လူမှုရေးဆိုင်ရာနည်းလမ်းများဖြင့် ပြုပြင်ပြောင်းလဲသွားရမည်ဖြစ်သည်။

မြန်မာလူမျိုးတို့သည် ပင်ကိုဗီဇအားဖြင့် အားနည်းနိမ့်ကျသူများ မဟုတ်သည်မှာ လွန်စွာမှပင် သေချာပါသည်။ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံဘဝသို့ ကျရောက်ခဲ့ရခြင်းသည် ထိုခေတ်ထိုအခါက ပြည်သူတို့၏ ကြိုးပမ်းအားထုတ်မှု နိမ့်ကျခဲ့ခြင်းကြောင့် မဟုတ်ဘဲ ပြည်သူတို့၏ အားထုတ်ကြိုးပမ်းမှုများကို ရယူနိုင်စွမ်းမရှိခဲ့သော၊ အခြေအနေအခွင့်အလမ်းများ ဖန်တီးပေးနိုင်စွမ်းမရှိခဲ့သော ထိုခေတ် နိုင်ငံအုပ်စိုးသူတို့ကြောင့်သာဖြစ်ပြီး သမိုင်းသင်ခန်းစာယူဖွယ်ရာအဖြစ် မှတ်တမ်းဝင်ခဲ့ပြီးဖြစ်သည်။ လူတိုင်းလူတိုင်း မိမိကိုယ်တိုင် စွမ်းဆောင်နိုင်သူတစ်ဦးအဖြစ်နှင့် မိမိဘဝ တိုးတက်မြင့်မားရေး၊ မိမိနေထိုင်ရာပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းနှင့် အခြေအနေ၊ အခွင့်အလမ်းကောင်းများလည်း ဖြစ်ထွန်းပေါ်ပေါက်ပါစေကြောင်း။ ။



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ဓမ္မစကူးသာသနာပြုလုပ်ငန်းများ ပိုမိုအောင်မြင်စွာ တိုးချဲ့ဆောင်ရွက်နိုင်စေရေးအတွက် ငွေကျပ်သိန်း ၂၀၀ မတည်လှူဒါန်းပွဲကို ဧပြီ ၂၈ ရက်က ရွှေကူညီ မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ၌ ပြုလုပ်ရာ မတည်အလှူရှင်များ ဖြစ်ကြသည့် မဟာရွှေသိမ်တော် ဂေါပကဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် ကော်မတီဝင်များက အလှူငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ မြို့နယ်(ပြန်/ဆက်)

## ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း မြန်မာနိုင်ငံစာရင်းကောင်စီ (၁/၂၀၁၉) အစည်းအဝေးတက်ရောက်

**နေပြည်တော် ဧပြီ ၂၈**

မြန်မာနိုင်ငံစာရင်းကောင်စီ (၁/၂၀၁၉) အစည်းအဝေးကို ယမန်နေ့က ရန်ကုန်မြို့ မြန်မာနိုင်ငံ စာရင်းကောင်စီရုံး၌ ကျင်းပရာ မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။



မြန်မာနိုင်ငံစာရင်းကောင်စီအစည်းအဝေး၌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း အမှာစကားပြောကြားစဉ်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံစာရင်းကောင်စီ (၂/၂၀၁၈) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အတည်ပြုပြီးသည့် မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကိစ္စ၊ မြန်မာနိုင်ငံစာရင်းကောင်စီ နည်းဥပဒေ မူကြမ်းကိစ္စ၊ မြန်မာနိုင်ငံစာရင်းကောင်စီမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ၂၀၁၉ ခုနှစ် ဧပြီ ၂၆ ရက်အထိ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာများ၊ ရုံးအမိန့်များ၊ မြန်မာနိုင်ငံ စာရင်းကောင်စီကော်မတီများ၏ အစည်းအဝေးကျင်းပမှုများနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ စာရင်းစစ်လုပ်ငန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ International Code of Ethics for Professional Accountants ကို လိုက်နာဆောင်ရွက်ရေးကိစ္စ၊ Self Evaluation Checklist on Audit Quality Maturity Model, Self Assessment against CAPA Maturity Model Attributes for CPD၊ အပြည်ပြည်ဆိုင်ရာစာရင်း ပညာအဖွဲ့အစည်းနှင့် ဆက်သွယ်ဆောင်ရွက်မှု၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ စာရင်းကောင်စီရုံး၏ ရုံးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ စသည်တို့ကို အစီအစဉ်အတိုင်း ဆွေးနွေးကြပြီး တက်ရောက်လာသည့် မြန်မာနိုင်ငံ စာရင်းကောင်စီဝင်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံ စာရင်းကောင်စီ၏ လုပ်ငန်းတာဝန်များ ပြည့်မြောက်အောင်မြင်ရေးနှင့် စာရင်းပညာဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံစာရင်းကောင်စီဝင်များက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းကြိုးပမ်းကြရန် မှာကြားသည်။

**သတင်းစဉ်**

## ကွမ်းလုံမြို့နှင့် ချင်းရွှေဟော်မြို့တို့တွင် တံတားအသစ် တည်ဆောက်မည့်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်နှင့် ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တို့သည် ဧပြီ ၂၆ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် သံလွင်မြစ်ကူး(ကွမ်းလုံ) တံတားအသစ်တည်ဆောက်မည့်နေရာသို့ ရောက်ရှိပြီး တံတားပုံစံ၊ တံတားတည်ဆောက်မည့်အခြေအနေ၊ တံတားချဉ်းကပ်လမ်း Alignment လျာထားနေရာနှင့် တံတားတည်ဆောက်ရေးအတွက် ရွေးချယ်ခံရသော Yunan Broad Vision Engineering Co.,Ltd. မှ Site Investigation နှင့် Soil Test ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း တံတားအသစ်တည်ဆောက်ရေး ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် သံလွင်မြစ်ကူး (ကွမ်းလုံ) ကြိုးတံတားအဟောင်း၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်မည့်နေရာ Alignment ချဉ်းကပ်လမ်း၊ Alignment နှင့် မလွတ်ကင်းသော မြေယာများနှင့် အိမ်နေရာများ သိမ်းဆည်းရေးနှင့် အမြန်စွန့်လွှတ်နိုင်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ လင်ချန်းမြို့မှ ဒုတိယမြို့တော်ဝန် လူကြည်ဟွာ ဦးဆောင်သောအဖွဲ့နှင့် ချင်းရွှေဟော်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးရာတွင် တံတားတည်ဆောက်မည့်နေရာ၊ တံတားချဉ်းကပ်လမ်း၊ ကွမ်းလုံမြို့ ရှောင်လမ်းဖောက်လုပ်မည့်နေရာများနှင့် မလွတ်ကင်းသည့်နေရာများ၊ သိမ်းဆည်းရေးနှင့် လျော်ကြေးကိစ္စများစတင် တည်ဆောက်မည့်အခြေအနေ၊ နှစ်နိုင်ငံ ပူးတွဲညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းရေး၊ နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေးအတွက် လမ်းအဆင့်မြှင့်တင်ခြင်း ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

❒ ရွှေဖုံးမှ

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတကိုယ်စား (Chinese People's Political Consultative Conference - CPPCC ) ဥက္ကဋ္ဌ Mr. Wang Yang က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ယန်းချင့်မြို့ Beijing International Horticultural Exhibition သို့ရောက်ရှိပြီး မြန်မာပြခန်း (Myanmar Garden) သို့ သွားရောက်လေ့လာကြည့်ရှုရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် ပြခန်းတာဝန်ခံ ဒေါ်ခင်ဌေးကြွယ်တို့က ရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာပြခန်း ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ပြခန်းတာဝန်ရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

Beijing International Horticultural Exhibition တွင် နိုင်ငံတကာနှင့် အဖွဲ့အစည်းများ၏ ပြခန်းပေါင်း ၁၁၀ ပြသထားပြီး ပြပွဲကို အောက်တိုဘာ ၇ ရက်ထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြခန်းသို့ ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၊ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အစိုးရအဖွဲ့ကိုယ်စားလှယ်များနှင့်အတူ နိုင်ငံကိုယ်စားပြု ဗီဒီယိုမှတ်တမ်းများကို ကြည့်ရှုကြကာ နိုင်ငံတကာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သစ်သီးဝလံနှင့် ပန်းမန်ဥယျာဉ်ပြပွဲ (2019 Beijing International Horticultural Exhibition) ဖွင့်ပွဲ အမှတ်တရပန်းသီးပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကွေးရွှေ့ပြဇာတ်ရုံသို့ ရောက်ရှိပြီး သစ်သီးဝလံနှင့် ပန်းမန်ဥယျာဉ်ပြပွဲ (2019 Beijing International Horticultural Exhibition ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ **သတင်းစဉ်**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်




**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေးရွှေ့ပြဇာတ်ရုံ၌ သစ်သီးဝလံနှင့် ပန်းမန်ဥယျာဉ်ပြပွဲ (2019 Beijing International Horticultural Exhibition) ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။**
သတင်းစဉ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ယန်းချင့်မြို့ Beijing International Horticultural Exhibition ၌ မြန်မာပြခန်းအား လေ့လာကြည့်ရှုစဉ်။**
သတင်းစဉ်

# ဂျိုင်းမဟာမုနိနှင့် ဂျိုင်းစူဠာမုနိ စေတီတော်မြတ်နှစ်ဆူအား ရွှေထီးတော် တင်လှူပူဇော်ပွဲ ကျင်းပ

**ဘားအံ မေ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဂျိုင်းကျေးရွာရှိ ဂျိုင်းမဟာမုနိ စေတီတော်မြတ်ကြီးနှင့် ဂျိုင်းစူဠာမုနိစေတီတော်မြတ်နှစ်ဆူအားရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ စေတီတော်ဝင်းအတွင်း ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဓမ္မဝါသီကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တဥတ္တရ အရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များမှ ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဆရာတော်၊ သံဃာတော်များထံ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်လှူဖွယ်ပစ္စည်းများအားဆက်ကပ်လှူဒါန်းပြီး ကျိုက်ထီးဆောင်း ဒုတိယဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနာဂဒီပမှ စေတီတော် မြတ်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်ဆက်ကပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟ အသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ တို့က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

**သီဆိုပူဇော်**

ယင်းနောက် ၁၁ ပါးမြောက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုဏ္ဍပါလဆရာတော် ရေးစပ်သီကုံးထားသော စေတီယပူဇာ မင်္ဂလာရတုပိုဒ်စုံကို တေးသံရှင် စိမ့်နေခြည်က သီဆိုပူဇော်ပြီး မြန်မာပြည်သိန်းတန်က သဒ္ဒါယုံ၍ ရတနာပုံသီချင်းဖြင့် သီဆိုပူဇော်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓါနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တစန္ဒိမာ ဘိဝံသမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားဟောကြားကာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား ဒေဝါဝင်း ရာဇာဝင်းခြံရံလျက် စေတီတော်အထွတ်သို့ပင့်ဆောင်၍ ဆရာတော်အရှင်သူမြတ်တို့က ဇယမင်္ဂလာအောင်ဂါထာများရွတ်ဆိုပူဇော်၍ ထီးတော်တင်လှူပူဇော်ကြသည်။ (အပေါ်ပုံ)



ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာ တင်တော်မူကြသည်။

ယနေ့ရွှေထီးတော်တင်လှူပူဇော်သည့် ဂျိုင်းမဟာမုနိစေတီတော်မြတ်ကြီးနှင့် ဂျိုင်းစူဠာမုနိစေတီတော်မြတ်နှစ်ဆူသည် ပုဂံခေတ်အလောင်းစည်သူမင်း ဖောင်တော်ဆိုက်ရာတွင် တည်ထားကိုးကွယ်ခဲ့သော စေတီတော်များဖြစ်ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ- မင်းသစ်**

# ရန်ကုန် နှလုံး၊ ဦးနှောက်နှင့် အာရုံကြောအထူးကုဆေးရုံသစ်ကြီးပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၈**

ရန်ကုန် နှလုံး၊ ဦးနှောက်နှင့် အာရုံကြောအထူးကုဆေးရုံသစ်ကြီး ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ရေး စီမံကိန်းမြေနေရာ၌ ကျင်းပသည်။

**အကျိုးကျေးဇူးများရရှိနိုင်**

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ နှလုံး၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ဆေးပညာရပ်အပါအဝင် ကုသရေး ကဏ္ဍကြီးတစ်ခုလုံး ပိုမိုတိုးတက်ကောင်းမွန်စေမည့် အထူးကုဆေးရုံသစ်ကြီး ပြီးစီးပါက လူနာများ အနေဖြင့်သက်သောင့်သက်သာဖြင့် ပိုမိုကျယ်ဝန်းသန့်ရှင်းသပ်ရပ်သော ဆေးရုံကြီးတွင် ကုသမှုခံယူနိုင်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးသူ ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြုပညာရှင်များ အားလုံးသည်လည်း ကောင်းမွန်ခေတ်မီသော ဆေးရုံသစ်ကြီးတွင် ဆေးပစ္စည်းကိရိယာစုံလင်စွာဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ခြင်း၊ ဘွဲ့ကြိုနှင့် ဘွဲ့လွန်ဆေးနှင့်ဆေးနီးနွယ်ပညာ သင်ကြားသင်ယူမှုလုပ်ငန်းများပါ ဆောင်ရွက်နိုင်ခြင်း စသည်ဖြင့် များစွာသော အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ဆေးရုံသစ်ကြီး တည်ဆောက်လည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံအစိုးရကဂျပန် ယန်းငွေ (၈ ဒသမ ၆) ဘီလီယံခန့်အား ထောက်ပံ့ကူညီမည်ဖြစ်ကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ မြန်မာကျပ်ငွေ ၄၂ ဘီလီယံခန့် ကျခံသုံးစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ရန်ကုန် နှလုံး၊ ဦးနှောက်နှင့် အာရုံကြော အထူးကုဆေးရုံသစ်ကြီး ပန္နက်တော်တင်ပေးစဉ်။ သတင်းစဉ်

**ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်**

ဂျပန်နိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံတို့အကြား ကျန်းမာရေးကဏ္ဍတွင် ကာလတာရှည် ရင်းနှီးချစ်ကြည်စွာပူးပေါင်းဆောင်ရွက်ခဲ့မှုများစွာရှိခဲ့ပြီး လားရှိုး၊ လွိုင်ကော်၊ မကွေးနှင့် ထားဝယ် ဆေးရုံကြီးများကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးကု ဆေးရုံသစ်ကြီးပြီးစီးပြီးနောက် နှလုံးရောဂါဆေးပညာ၊ နှလုံးခွဲစိတ်ကုသမှုပညာ၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုပညာ၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသမှု ပညာဌာနများဖြင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကာ ဆေးနှင့်ဆေးနီးနွယ်သင်ကြား သင်ယူမှုများ ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သိသာထင်ရှားသောလက္ခဏာဖြစ်**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးတွင် အများပြည်သူ အကျိုးအတွက် အရည်အသွေးကောင်းမွန်ပြီး ပစ္စည်းကိရိယာ ပြည့်စုံသည့် အထူးကုဆေးရုံကြီး ပေါ်ထွန်းလာမည်ဖြစ်သဖြင့် ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအထူးကုဆေးရုံ သစ်ကြီးသည် လွန်ခဲ့သော နှစ် ၄၀ ခန့်က JICA မှ ဆောက်လုပ်လှူဒါန်းခဲ့သော ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးကဲ့သို့ရန်ကုန်မြို့၏ အချက်အချာကျသောနေရာတွင် တည်ရှိသဖြင့် လူနာလွှဲပြောင်းပေးပို့ရာတွင်လည်း အဆင်ပြေကာမြန်မာ- ဂျပန်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု၏သိသာထင်ရှားသော လက္ခဏာတစ်ရပ်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းကြိုးစားဆောင်ရွက်**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H. E. Mr. Ichiro Maruyama က ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Shinzo Abe ကိုယ်တိုင်ကတိပြုခဲ့သည့် ယခုအထူးကုဆေးရုံသစ်ကြီး တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ JICA အဖွဲ့မှ ဆောက်လုပ်ပေးခဲ့သော ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး ဘက်စုံအဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အလေးအနက်ထားစဉ်းစားသွားမည် ဖြစ်ပါကြောင်း၊ မြန်မာ- ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသင်္ကေတဖြစ်သော အထူးကုဆေးရုံသစ်ကြီး အကောင်းဆုံးတည်ဆောက်လည်ပတ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် JICA Myanmar Office မှ Chief Representative ဖြစ်သူ Mr. Masayuki Karasawa က ယခုအထူးကုဆေးရုံသစ်ကြီး တည်ဆောက်ရေးစီမံကိန်းသည် နှလုံး၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ပိုမိုမြှင့်တင်ရန်နှင့်အဆင့်မြင့်နည်းပညာများအသုံးပြု၍ ခွဲစိတ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ JICA အဖွဲ့မှ တာဝန်ရှိသူများက မင်္ဂလာပန္နက်တော်များ တင်ပေးကြသည်။

**တက်ရောက်အမှာစကားပြောကြား**

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဆေးသုတေသနဦးစီးဌာန၊ ရန်ကုန်၌ ကျင်းပပြုလုပ်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု ငှက်ဖျားရောဂါဆိုင်ရာ သုတေသနနှင့် လေ့ကျင့်ရေးပူးပေါင်းဆောင်ရွက်မှုဌာနနှင့် သူနာပြုနှင့် သားဖွားဆိုင်ရာ သုတေသနနှင့် လေ့ကျင့်ရေးပူးပေါင်းဆောင်ရွက်မှုဌာနတို့ ပိုမိုတိုးတက်ဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကေသွယ်ဟန်တို့က ဆေးသုတေသနဦးစီးဌာနရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု ငှက်ဖျားရောဂါဆိုင်ရာ သုတေသနနှင့် လေ့ကျင့်ရေး ပူးပေါင်းဆောင်ရွက်မှုဌာနနှင့် ပတ်သက်၍လည်းကောင်း၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမြတ်သန္တာက သူနာပြုတက္ကသိုလ် (ရန်ကုန်) ရှိကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြုသူနာပြုနှင့် သားဖွားဆိုင်ရာ သုတေသနနှင့် လေ့ကျင့်ရေး ပူးပေါင်းဆောင်ရွက်မှုဌာနနှင့် ပတ်သက်၍လည်းကောင်း၊ ဆေးသုတေသန ဦးစီးဌာနညွှန်ကြားရေးမှူး ဒေါက်တာမို့မို့ထွန်းက မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနမှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကလောမြို့နယ်၌ ငမြောင်တောင်ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းရန် ပညာပေးဆွေးနွေးပွဲ ကျင်းပ

**ကလော မေ ၂၈**

ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စု၌ ၂၀၁၉ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်းသီးနှံများတွင် ငမြောင်တောင်ပိုးကျရောက်မှုကာကွယ်နိုင်ရေးအတွက် ဟဲဟိုးကျေးရွာအုပ်စုရှိ လယ်ခေါင်း၊ ရှမ်းရွာ၊ ပုန်းအင်း၊ ဟဲဟိုး၊ စကားအင်းကျေးရွာများမှ အစေ့ထုတ်ပြောင်းစိုက်ပျိုးမည့် တောင်သူများအား တောင်သူပညာပေးဆွေးနွေးပွဲကို မေ ၂၈ ရက်နံနက်က ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ လ/ထ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းလဲ့က တောင်သူများအား (ငမြောင်တောင်ပိုး)ကျရောက်မှု ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

အခမ်းအနားသို့ ပြည်နယ်သီးနှံကာကွယ်ရေးမှ ဝန်ထမ်းများ၊ ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ တောင်သူ ၄၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ပျိုးဥယျာဉ်များနှင့် စိုက်ခင်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၈**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်အား ကြည့်ရှုစစ်ဆေးပြီး မြို့မပျိုးဥယျာဉ်တည်ရှိရာ ရုက္ခဥယျာဉ်အတွင်း ပေါက်ရောက်လျက်ရှိသည့် သစ်မျိုးများအား စာရင်းကောက်ယူရန်၊ လေ့လာသူများ လွယ်ကူစေရန်အတွက် ရုက္ခဥယျာဉ်အတွင်းရှိ သစ်ပင်များ၏ သစ်မျိုးအမည်နှင့် ရုက္ခဗေဒအမည်များ ချိတ်ဆွဲထားရှိရန်၊ ရုက္ခဥယျာဉ်အား အဆင့်မြှင့်တင်ဆောင်ရွက်ရန်၊ လူထုဖြန့်ပျိုးပင်များအား စိုက်ပျိုးလိုသည့် ပြည်သူများလက်ဝယ်သို့ စနစ်တကျဖြန့်ဖြူးရန်၊ ပျိုးပင်များမဖြန့်ဝေမီ ကျန်းမာကြံ့ခိုင်သန်စွမ်းသည့် ပျိုးပင်များဖြစ်စေရေးအတွက် Hardening Process ဆောင်ရွက်ရန်၊ နှစ်ချို့ပျိုးပင်ကြီးများအား ပျိုးအိတ်ကြီးများဖြင့် ပြောင်းထည့်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရွှေကျပျိုးဥယျာဉ်အား ကြည့်ရှုစစ်ဆေးပြီး ရွှေကျပျိုးဥယျာဉ်အတွင်း ယခုထက် သစ်မျိုးများစုံလင်အောင် ဦးစီးရုံးချုပ်ပျိုးဥယျာဉ်နှင့် ချိတ်ဆက်၍ ထပ်မံတိုးချဲ့ပျိုးထောင်ထားရှိရန်၊ ပျိုးအိတ်ကြီး ပျိုးပင်များကို အပူဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုမရှိအောင် စနစ်တကျပြုစုထိန်းသိမ်းရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်အတွင်း ၂၀၁၆ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များအတွင်း မိုးရာသီသစ်ပင်စိုက်ပွဲတော်ပြုလုပ်၍ တည်ထောင်စိုက်ပျိုးခဲ့သည့် စိုက်ခင်းများ ရှင်သန်အောင်မြင်မှုနှင့် ပြုစုထိန်းသိမ်းစောင့်ရှောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ၂၀၁၉ ခုနှစ် မိုးရာသီတွင် တည်ထောင်စိုက်ပျိုးမည့် စိုက်ခင်းအတွက် မြေနေရာရှင်းလင်းပြင်ဆင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ စိုက်ပျိုးပြီးသစ်ပင်များ သေကျေပျက်စီးမှုမရှိစေရန် စနစ်တကျပြုစုထိန်းသိမ်းရန်၊ အပူဒဏ်ကြောင့် သေကျေပျက်စီးသည့် အပင်များကို ယခုမိုးရာသီတွင် သက်တမ်းတူ ပျိုးပင်များဖြင့် ဖာထေးစိုက်ပျိုးရန်၊ ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော် ဆောင်ရွက်မည့်မြေနေရာအား မြေရှင်းလင်းရာတွင် အပေါ်ယံမြေဆီလွှာများ မဆုံးရှုံးအောင် မြေညှိခြင်းလုပ်ငန်းအား စနစ်တကျဆောင်ရွက်ရန်၊ အပင်စိုက်ပျိုးရန် ကျင်းတူးခြင်းလုပ်ငန်းဆောင်ရွက်ပြီးပါက လိုအပ်သည့်မြေသြဇာဖြည့်တင်းခြင်း ဆောင်ရွက်ထားရှိရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ်သို့ဆက်လက်ထွက်ခွာ၍ ရန်ကုန်- မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၂၁၄/၅နှင့် ၂၁၄/၆ အကြားရှိ ငလိုက်ပျိုးဥယျာဉ်အားကြည့်ရှုစစ်ဆေး၍ လူထုဖြန့်ဝေခြင်းဆောင်ရွက်ရာတွင် ယခုနှစ်ပျိုးပင်ထက် ယခင်နှစ်ပျိုးထောင်ထားသည့် သက်တမ်းရင့်ယူကလစ်၊ မယ်ဇလီပျိုးပင်ကြီးများအား ဖြန့်ဝေရန်၊ ပျိုးအိတ်သေးများဖြင့် ပျိုးထောင်ထားရှိသည့် သက်တမ်းရင့်ပျိုးပင်များအား ပျိုးအိတ်ကြီးများဖြင့် ပြောင်းရွှေ့ပြုစုပျိုးထောင်ရန်၊ မိုးကျသည်နှင့် တစ်ပြိုင်နက်ပျိုးပင်များအား စိုက်ပျိုးလိုသည့် ပြည်သူများလက်ဝယ်သို့ အခမဲ့ဖြန့်ဝေနိုင်ရေး လိုအပ်သည်များကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ပျိုးဥယျာဉ်များနှင့် စိုက်ခင်းများကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကချင်ပြည်နယ်အတွင်းရှိ လမ်း / တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ဧပြီ ၂၆ ရက် ညနေပိုင်းတွင် ကချင်ပြည်နယ်ပူတာအို - မချမ်းဘော့ လမ်းပေါ်ရှိ မလိခတံတား (မချမ်းဘော့) ကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ်စစ်ဆေး၍ ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။



ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၂၇ ရက်နံနက်ပိုင်းတွင် မချမ်းဘော့- ဖရခ - နောင်မွန်လမ်းပေါ်ရှိ တံတားအထူးအဖွဲ့ (၁)မှ တည်ဆောက်သော အရှည်ပေ ၄၀၀ ရှိ တံတားအမှတ်(၁/၈) ထီခတံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ သံကူကွန်ကရစ်ရေလယ်တိုင် တည်ဆောက်နေမှုနှင့် Steel Plate Girder တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အရည်အသွေး၊ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရေး၊ မိုးမကျမီ ပြီးစီးနိုင်မည့် လုပ်ငန်းများကို ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါလမ်းပေါ်ရှိ အရှည်ပေ ၂၀၀ ရှိ တံတားအမှတ်(၃/၂၂) ထာခတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ တံတားတိုင်လုပ်ငန်းများ တည်ဆောက်နေမှုနှင့် အရှည်ပေ ၂၁၀ ရှိ တံတားအမှတ်(၁/၅၆) တဆာတံတား ဘေလီသံပေါင် တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) နောင်မွန်မြို့ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထန်ထု - ကဆန်ခူး - ထုံလာ - ခူထီ ကျေးရွာချင်းဆက်လမ်း မြေသားလမ်း ဖောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရပ်ဘော့ - ပန်နန်းဒင် - ဒဇွန်ဒမ်း လမ်းကို ကြည့်ရှုစစ်ဆေး၍ မဝွေဇ - ခေါင်လန်ဖူးလမ်းနှင့် မချမ်းဘော့ - ဖရခ - နောင်မွန်လမ်းတို့အား ဆက်သွယ်မည့် မဝွေဇတံတား တည်ဆောက်မည့်နေရာနှင့် မြေပြင်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

## ဆလုံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကော့သောင်း ဧပြီ ၂၈**

တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဆောင်သည့် အဖွဲ့ ဧပြီ ၂၇ ရက်မှ ၂၈ ရက်အထိ ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စုအတွင်းရှိ ဆလုံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆောင်ရွက်မှုတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ထောက်ပံ့ဆန်များအား ပေးအပ်နိုင်ရေး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ ဦးဆောင်သော ဆလုံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များသည် ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စုအတွင်းရှိ ဆလုံတိုင်းရင်းသားများ ကျေးရွာများဖြစ်သည့် မကြုံဂလက်ကျေးရွာအတွက် ဆန်အိတ် ၂၀၀၊ ညောင်ဝိကျေးရွာအတွက် ဆန်အိတ် ၁၀၀၊ ဂျလန်းကျေးရွာအတွက် ဆန် ၉၅ အိတ်နှင့် ဂျအုန်းကျေးရွာအတွက်ဆန် ၁၇ အိတ် စုစုပေါင်း ဆန် ၄၁၂ အိတ်ကို အိမ်ထောင်စု အရေအတွက်အလိုက် ကျေးရွာများအရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ခရီးစဉ်အတွင်း အဆိုပါကျေးရွာများရှိ ဆလုံတိုင်းရင်းသားများ မိသားစုများအတွက် မိသားစုစားဝတ်နေရေး၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း သုံးငါးဖမ်းလှေငယ်များ ထောက်ပံ့ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာများအလိုက် ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များအား ကျေးရွာပြည်သူများနှင့် တွေ့ဆုံမေးမြန်းပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ခရီးစဉ်တွင် ကော့သောင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေထွန်း၊ ဘုတ်ပြင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမန်းဆွေမြင့်၊ ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူး၊ ကော့သောင်းမြို့နယ် အုပ်ချုပ်ရေးမှူး၊ ဘုတ်ပြင်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# အပူဒဏ်အန္တရာယ် သိမှတ်ဖွယ်ရာအဖြာဖြာ (အပိုင်း ၅)

ပါမောက္ခ ခင်မောင်ဝင်း (အသည်း)

**ကျွန်တော်တို့ငယ်ငယ်တုန်းက သတ္တမတန်း ပထဝီဘာသာရပ်မှာ မြန်မာနိုင်ငံကို ရပ်ဝန်းကြီးတွေခွဲခြားပြီး သင်တာကို မှတ်မိနေပါသေးတယ်။ ကျန်တဲ့ရပ်ဝန်းတွေကိုတော့ မမှတ်မိတော့ပါ။ ကျွန်တော်တို့ အရပ်ဒေသ မိတ္ထီလာ၊ သဲတော၊ ဝမ်းတွင်း၊ ရေနံချောင်း၊ ချောက်၊ မကွေး၊ မြင်းခြံ၊ တောင်သာ၊ ပျော်ဘွယ်၊ ရမည်းသင်းတို့ကို 'မိုးခေါင်ရေရှားဒေသ'လို့ ခေါ်တာကိုတော့ မှတ်မိနေပါသေးတယ်။ မိုးကလည်း ခေါင်တယ်၊ တစ်နှစ်မှ တစ်လပြည့်အောင် မရွာဘူး။**

ဝမ်းတွင်းမြို့မှာ မိုးရွာရင် ထူးထူးဆန်းဆန်းလို့ သတ်မှတ်ပြီး ကျွန်တော်တို့တစ်တွေ ကျောင်းမတက်ကြပါဘူး။ အဲဒီလောက်ကို မိုးခေါင်တဲ့ဒေသတွေပါ။ ရေရှားတာကတော့ ပြောမနေနဲ့၊ ဘာမြောင်း၊ ဘာချောင်းမှမရှိ၊ သောက်ရေကန်လေးတစ်ခုလောက်ကို မနည်းထိန်းသိမ်းထားရပါတယ်။

အဲဒီလို မိုးခေါင်ရေရှား ရပ်ဝန်းဒေသမှာ နေတဲ့သူတွေရဲ့ လူမှုရေးပတ်ဝန်းကျင် ဘဝဖြစ်စဉ်နဲ့ အောက်ပြည်အောက်ရွာ တောင်ပေါ်ဒေသက လူတွေရဲ့အခြေအနေတွေကတော့ လုံးဝကွာခြားမှာ။ ဒါကြောင့် အပူဒဏ်အကြောင်းပြောမယ်ဆိုရင် အညာကရွာတွေအကြောင်း မပြောလို့မပြီးပါဘူး။ မြို့ကြီးပြကြီးတွေမှာ အပူဒဏ်ကုဖို့ ပစ္စည်းကိရိယာ ဆေးဝါးတွေရှိပေမယ့်လို့ အညာရွာတွေမှာတော့ အခြေအနေတွေက မြို့ကြီးပြကြီးတွေနဲ့ လုံးဝကွာခြားတာကတော့ တကယ့်ကိုသနားစရာပါ။

ကျွန်တော်ငယ်ငယ်တုန်းက အညာမှာကြီးခဲ့တာပါ။ အမေက ဝမ်းတွင်းမြို့နယ် တောင်ဘိုရွာက၊ အဖေက ပျော်ဘွယ်ဇာတိ။ ဟိုတုန်းက ရဲဌာနအုပ်၊ အခုအခေါ် စခန်းမှူး sub inspector လို့ ခေါ်ပါတယ်။ မန္တလေး အဲဒီကျောင်းက ဆင်းတာနဲ့ ကျောင်းကဆင်းရင် ဌာနအုပ် sub inspector တန်းရလို့ ဆပ်ကျောင်းလို့ ခေါ်တာပါ။ အဖေဟာ ဆပ်ကျောင်းဆင်းပြီး ဝမ်းတွင်းမြို့ကို ရဲဌာနအုပ်ရာထူးနဲ့ ရောက်လာတော့ တောင်ဘိုရွာသူ အမေနဲ့ တွေ့ပြီး အိမ်ထောင်ကျသွားတာပါ။

တောင်ဘိုရွာသူအမေ့ကြောင့်မို့လို့ ကျွန်တော်တို့ ညီအစ်ကိုတွေဟာ အမေ့ရွာ တောင်ဘိုကို မကြာမကြာ အမြဲရောက်လေ့ရှိပါတယ်။ အထူးသဖြင့် နွေကျောင်းပိတ်ဆိုရင် အမေက ရွာကိုပြန်၊ လယ်ကိစ္စတွေ စာရင်းရှင်း၊ ရစရာပိုက်ဆံတွေတောင်း၊ တစ်ခါတလေ တစ်ပတ်လောက်ကြာပါတယ်။ အဲဒီ အခါမျိုးမှာ ကျွန်တော်တို့က ပျော်ပြီပေါ့။ တစ်နေကုန် ဘာစာမှလည်းမဖတ်ရ၊ အခုခေတ်လို ကျူရှင်လည်းမရှိ၊ တစ်နေကုန်ဆော့၊ အညာနွေ နေပူပူမှာ တောင်ဘိုရွာ တစ်ရွာလုံး တစ်အိမ်တက် တစ်အိမ်ဆင်း လည်ပတ်စားသောက်ကြပါတယ်။

အပူဒဏ်အကြောင်း မပြောပြခင် အဲဒီလို အညာရွာတွေမှာ နေဖူးတဲ့ အတွေ့အကြုံလေးတွေ ပြောပြချင်ပါသေးတယ်။

အညာရွာတွေဟာ ရွာပတ်လည်မှာ ကန္တာရပင်လို့ခေါ်တဲ့ ဆူးပင်တွေ အုတ်အုတ်သဲသဲနဲ့ ခြံစည်းရိုး ခတ်သလိုစိုက်ထားပါတယ်။ ကန္တာရပင်တွေဟာ ၁၉၅၇ ခုနှစ် လောက်က ဝန်ကြီးချုပ်ဦးနု အစိုးရနိုင်ငံက ယူလာပြီး စိုက်တယ်လို့ မှတ်သားဖူးပါတယ်။ ဘယ်လောက်ပဲ မိုးခေါင်ခေါင် စိမ်းစိုနေအောင် ပေါက်ပါတယ်။ ကန္တာရပင်ရဲ့ဆူးတွေကြောင့် ခွေးတောင်တိုးလို့မရဘူးလို့ ပြောပါတယ်။ အဲဒီလို ကန္တာရခြံစည်းရိုးရှိပြီးတော့မှ ရွာရဲ့အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်မှာ တံခါးလေးခုရှိပါတယ်။ ရွာတံခါးကြီးတွေက သံဆူးကြိုးတွေ၊ ဆူးခက်တွေ၊ ဝါးကပ်တွေနဲ့ လုပ်ထားပြီး တံခါးတိုင်နဲ့ တစ်ဖက်မှာ ပတ္တာလိုဟာမျိုးနဲ့ ချိတ်ထားပါတယ်။ တစ်ဖက်ကတော့ အလွတ်ပေါ့။

ရွာတံခါးကို ပိတ်ချင်ရင် လူသုံးယောက်၊ လေးယောက်လောက် မပြီးမှ ပိတ်ရပါတယ်။ ရွာတံခါးက ဝင်လိုက်တော့မှ ရွာလယ်လမ်းမကြီးကို ရောက်ပါမယ်။ ရွာလမ်းမကြီးကတော့



"အဲဒီလို မိုးခေါင်ရေရှား ရပ်ဝန်းဒေသမှာ နေတဲ့သူတွေရဲ့ လူမှုရေးပတ်ဝန်းကျင် ဘဝဖြစ်စဉ်နဲ့ အောက်ပြည်အောက်ရွာ တောင်ပေါ်ဒေသက လူတွေရဲ့အခြေအနေတွေကတော့ လုံးဝကွာခြားမှာ။ ဒါကြောင့် အပူဒဏ်အကြောင်းပြောမယ်ဆိုရင် အညာကရွာတွေအကြောင်း မပြောလို့မပြီးပါဘူး။ မြို့ကြီးပြကြီးတွေမှာ အပူဒဏ်ကုဖို့ ပစ္စည်းကိရိယာ ဆေးဝါးတွေရှိပေမယ့်လို့ အညာရွာတွေမှာတော့ အခြေအနေတွေက မြို့ကြီး ပြကြီးတွေနဲ့ လုံးဝကွာခြားတာကတော့ တကယ့်ကိုသနားစရာပါ"

မြေနီဖို့ထားတဲ့ လမ်းမကြီးပါ။ ကားနှစ်စီးလောက် ရှောင်လို့ရနိုင်မှာပေါ့။ အဲဒီလမ်းမကြီးမှ ရွာထဲကို လမ်းသွယ်လေးတွေ ခွဲထွက်သွားပါတယ်။ အဲဒီလမ်းလေးတွေကတော့ ဖုန်တွေ၊ သဲတွေနဲ့ သဘာဝအတိုင်း ရှိတဲ့လမ်းလေးတွေပါ။ လှည်းဘီးရာနှစ်ခု အလယ်လမ်းပေါ့။ လှည်းပဲ သွားကြတာပါ။ ကျွန်တော်တို့တစ်တွေကတော့ လှည်းလမ်းအလယ် သဲဖုန်ထဲမှာ နေပူပူ ပြေးလွှားဆော့လို့ပါပဲ။

အဲဒီတုန်းက ကျွန်တော်တို့ အညာရွာမှာ လျှပ်စစ်မီး၊ ရွာရေပေးရေး စနစ်မရှိပါဘူး။ ရန်ကုန်-မန္တလေးလမ်းမကြီးနဲ့ ခြောက်မိုင်လောက်ဝေးပါတယ်။

ရွာထဲကအိမ်တွေက ပိုက်ဆံရှိ မရှိ အပေါ်မူတည်ပြီး တစ်ထပ်အိမ်လား၊ နှစ်ထပ်အိမ်လားပေါ့။ ပိုက်ဆံမရှိတဲ့သူတွေကတော့ သက်ငယ်မိုး၊ ထရံကာ၊ ပြတင်းပေါက် တစ်ပေါက်တည်းပါတဲ့ အိမ်လေးတွေပေါ့။ လေဝင်လေထွက်လည်း လုံးဝမကောင်းဘူး။ အိမ်ထဲဝင်လိုက်ရင် ပူလှောင်နေတာပါ။ ရွာထဲမှာ အပင်ကြီးတွေ နည်းနည်းပါးပါးရှိတော့ သိပ်ပူတဲ့အချိန် အိမ်ထဲမှာနေတာထက် သစ်ပင်ကြီးတွေအောက်က ကွပ်ပျစ်ပေါ် သွားအိပ်နေရတာက အပူသက်သာပါသေးတယ်။

ပိုက်ဆံနည်းနည်း ပိုတတ်နိုင်တဲ့သူကတော့ သက်ငယ်မိုးမဟုတ်ဘဲ သွပ်မိုးအိမ်နဲ့ပါ။ သွပ်ကလည်း ပူသလားမပြောနဲ့ သွပ်မိုးအောက်မှာ တရှိန်ရှိန်နဲ့ မီးဖိုထဲဝင်ရသလား အောက်မေ့မိပါတယ်။

ရွာရဲ့လူကုံထံ လူတန်းစားတွေကတော့ နှစ်ထပ်ပျဉ်ထောင်အိမ်တွေနဲ့ပေါ့။ ကျွန်း ဒါမှမဟုတ် ပျဉ်းကတိုးတိုင်တွေနဲ့ ကြမ်းခင်းကလည်း အဲလိုပဲ ကျွန်း၊ ပျဉ်းကတိုး လျှာထိုးနဲ့ပါ။

လူတွေက အောက်ထပ်မှာပဲ အနေများပါတယ်။ အများစုကတော့ အောက်ထပ်ဟင်းလင်းပြင်ကို ကြမ်းခင်းအုတ်စီပြီး ကွပ်ပျစ်အကြီးကြီး တစ်ခုလောက်နဲ့ တန်းလျား နှစ်ခု၊ သုံးခု လောက်ထားပြီး ညှော့သည် ညှော့ခံ၊ ထမင်းစား၊ နေ့ခင်း၊ ညနေ အောက်ထပ်မှာပဲ နေကြပါတယ်။ ဘာလို့လဲဆိုတော့ အပေါ်ထပ်က ပူလွန်းလို့ပါ။ အဲဒီလို နှစ်ထပ်အိမ်ရဲ့အောက်ထပ်ဆိုတော့ အပူတော်တော်လေး သက်သာပြီး နေသာထိုင်သာရှိပါတယ်။ လူကြီးတွေ နေ့လယ်နေ့ခင်း ရေနွေးကြမ်းကရားလေးနဲ့ လက်ဖက်လေး၊ ထန်းလျက်လေးဝါးပြီး စကားစမြည်ပြောလို့ နေလေ့ရှိပါတယ်။

အခုပြန်တွေးကြည့်တော့ ကျွန်တော်တို့ အညာရွာက လူတွေဟာ လျှပ်စစ်မီးမရှိ၊ ပန်ကာမရှိ၊ အဲကွန်းမရှိ၊ ရေခဲရေမရှိ၊ သဘာဝပုံစံအတိုင်း အပူဒဏ်ကို ကြံ့ကြံ့ခံနေကြသူတွေပါလားလို့ ချီးမွမ်းမိပါတယ်။ ဒါ လွန်ခဲ့တဲ့ အနှစ် ၅၀ ကျော်က ကျွန်တော်တွေ့ကြုံခဲ့ဖူးတဲ့ အညာရွာဓလေ့ ရွာသဘောသဘာဝပါ။

ကျွန်တော့်ရွာလည်း အနှစ် ၅၀ ကြာခဲ့ပြီဆိုတော့ အခုဆိုရင် တော်တော်လေး တိုးတက်ပြောင်းလဲနေမှာပဲလို့ တွေးမိပါတယ်။ ဒါပေမယ့် ကျွန်တော်အဲဒီလိုတွေးမိတာဟာ လွဲနေပါပြီ။ ဘာလို့လဲဆိုတော့ လွန်ခဲ့တဲ့နှစ်လလောက်က ရွာကဘုန်းကြီးနဲ့ ရွာက လူကြီးတစ်အုပ်ကြီး ကျွန်တော်နဲ့ တွေ့ဖို့ဆိုပြီး ကျွန်တော့်ဆီကို လိုက်လာကြပါတယ်။ ဒါနဲ့ 'အရှင်ဘုရား ဘာကိစ္စရှိလို့လဲ' လို့မေးလိုက်တော့ 'ကျုပ်တို့ရွာမီးရဖို့ မီးက ခံတောရွာနားကို ရောက်နေပြီ။ အဲဒါ တို့ရွာနဲ့အနီးဆုံးပဲ၊ တို့ကမီးတိုင်တွေနဲ့ ကြိုးသွယ်ပေးရမှာ။ ကျပ်သိန်း ၅၀၀ လောက်ကျမယ်။ အဲဒါ ဒါယကာကြီးဆီက အကူအညီလိုနေလို့' လို့ ပြောပါတယ်။ 'တပည့်တော် အဲဒီကိစ္စစုံစမ်းပေးပါမယ်' လို့ပြောပြီး ရွာကအဖွဲ့ကို ပြန်လွှတ်လိုက်ရပါတယ်။ တကယ်တမ်း စုံစမ်းကြည့်လိုက်တော့ ကိုယ့်ဘာသာတိုင်ထူ၊ ကြိုးသွယ်လည်း လျှပ်စစ်ဌာနရဲ့ သတ်မှတ်ချက်တွေနဲ့ မကိုက်ညီဘူးဆိုရင် အဲဒီရွာဟာ မီးမရနိုင်ပါဘူးတဲ့။ ကျွန်တော့်ရွာကတော့ မီးရဖို့ သတ်မှတ်ချက်တွေ လိုပါသေးတယ်တဲ့။ ကိုယ့်ဘာသာတိုင်ထူ၊ ကြိုးသွယ်လည်း မီးရမှာမဟုတ်ပါဘူး။ ပိုက်ဆံတွေ အလကားမဖြုန်းပါနဲ့ အလဟဿဖြစ်သွားပါလိမ့်မယ်လို့ ပြောပါတယ်။

အဲဒီရွာက အဖွဲ့တွေလာတုန်းက ရွာအကြောင်း အသေးစိတ်မေးကြည့်ပါတယ်။ လမ်းတွေ အခြေအနေ၊ ရွာဦးကျောင်း၊ ကျောင်းတိုက်ကစေတီ၊ အစစ အရာရာမေးကြည့်တော့ ကျွန်တော့်ရွာဟာ လွန်ခဲ့တဲ့ အနှစ် ၅၀ နဲ့ အခုနဲ့ ဘာမှသိပ်မကွာပါ။ တစ်ခုပဲသိသိသာသာ ပြောင်းလဲသွားတယ်။ အဲဒါကတော့ ကျွန်တော်တို့ငယ်ငယ် ရွာမှာသွားနေရင် ညနေစောင်းရင် ရွာပြင်ကိုထွက်ပြီး တောထိုင်ရပါတယ်။ တောထိုင်တယ်ဆိုတာ ကျင်ကြီး ကျင်ငယ် စွန့်ကြတာပါ။ ညနေစောင်းတာနဲ့ တုတ်ချောင်း၊ ဝါးခြမ်းပြားလေးတွေ သုံးချောင်းလောက်ကိုင်ပြီး ရွာပြင်ကို ထွက်ကြပါတယ်။ အဲဒီလို တောထိုင်တဲ့နေရာကို ယောကျ်ားသက်သက်၊ မိန်းမသက်သက် နေရာခွဲထားပါတယ်။ ကျွန်တော်တို့ယောကျ်ား အုပ်စုထဲမှာ လူကြီး လူငယ်တွေ စုံလို့ပေါ့။ သတ်မှတ်နေရာရောက်ရင် အရင်ကသွားထားတဲ့ အညစ်အကြေးတွေကို မနင်းမိအောင် ရှောင်ပြီး လုံချည်၊ ဘောင်းဘီမ ဆောင့်ကြောင့်ထိုင်၊ စကား လေး ဘာလေးပြောနဲ့ တောထိုင်ကြပါတယ်။ ပြီးမှ မမှောင်ခင် အိမ်ကို ပြန်ကြပါတယ်။ အခုတော့ ကျွန်တော့်ရွာမှာ အဲဒီလိုတောထိုင်တဲ့အကျင့် မရှိတော့ပါဘူးတဲ့။ အိမ်သာတွေနဲ့ ဖြစ်ကုန်ပြီတဲ့။

ဒါပေမယ့် မီးကမရှိသေးတော့ ပန်ကာ၊ အဲကွန်းတော့ မရှိသေး။ ရွာရေ ပေးရေးစနစ်လည်း မရှိသေး။ ကျန်တာတွေကတော့ ဘာမှ သိပ်မပြောင်းသေး။ အပူဒဏ်ကိစ္စ ပြောကြည့်တော့ 'ဒီလိုပါပဲကွာ ရွာမှာ ပူတာပါပဲ' တဲ့။ 'ခင်ဗျားတို့ အဲဒီလို သိပ်ပူရင် လယ်ထဲ ယာထဲသွားလား၊ အိမ်မှာပဲ နားနေကြလား'၊ 'မင်းကလည်းကွာ နေပူတိုင်းသာ အရိပ်ရတဲ့နေရာမှာ နားနေရင်တော့ ငါတို့တစ်ရွာလုံး ထမင်းငတ်ကုန်မှာပေါ့။ ဘယ်နားနေလို့ရမလဲကွာ၊ အလုပ်တော့လုပ်ရတာပေါ့' 'ဒီလိုဆို ခင်ဗျားတို့ ရွာမှာ အပူလျှပ်တာတို့ ဘာတို့ရှိလား' လို့ မေးတော့၊ 'ရှိတာပေါ့ကွာ၊ သိပ်ပူတဲ့ နှစ်တွေဆိုရင် ရွာက ရောဂါသည်တို့၊ အသက်ကြီးပြီး လူအိုတွေ တဖြုတ်ဖြုတ်နဲ့၊ လူငယ်တွေထဲကတော့ ဖြစ်ခဲပါတယ်။ ဟိုတစ်နှစ်က အလွန်ကို ပူပြီး အပူလှိုင်းဖြတ်တုန်းကတော့ မဆင်မခြင် အလုပ်တွေ တအားလုပ်တဲ့ လူငယ်တစ်ယောက်၊ နှစ်ယောက်တော့ အပူလျှပ်ပြီး ဆုံးဖူးတာပေါ့ကွာ' တဲ့။ 'ဒါနဲ့ ခင်ဗျားတို့ အဲဒီလိုအပူလျှပ်တယ်။ အပူဒဏ်ထိတယ်ဆိုရင် လူနာကို ဆေးရုံမပို့ဘူးလား' လို့ မေးတော့ 'ဘယ်လွယ်မလဲကွာ၊ ရွာမှာ ကားကလည်း သိပ်ရှိတာမဟုတ်၊ အနီးဆုံးဆေးခန်းက ရွှေတောင်ရွာ၊ ခြောက်မိုင်ဝေးတယ်၊ သွားပို့ရင် လမ်းမှာပဲ ဆုံးမှာပေါ့ကွာ။ ရွာမှာပဲ တတ်သမျှ မှတ်သမျှ ကြံသလို ဝိုင်းကုကြတာပဲ။ ရွာက ဆေးမှူးလေးကလည်း စေတနာရှိပါတယ်။ သူလည်း ဘာလုပ်ရမယ်ဆိုတာ သေချာမသိဘူးဆိုတော့ စမ်းတဝါးဝါးပေါ့ကွာ၊ ဆေးရုံကို အချိန်မီရောက်ဖို့ဆိုတာ လုံးဝမလွယ်ပါဘူး။ ရောက်ရင်လည်း ကောင်းရင်ကောင်းမှာပေါ့ကွာ' လို့ စိတ်ပျက်လက်ပျက် ပြောရှာပါတယ်။ သြော် ငါ့ရဲ့အညာရွာက လူတွေရဲ့ ဘဝကလည်း ဆိုးလှချည်လား၊ သူတို့လို အောက်ခြေအညာရွာသားတွေအထိ အပူဒဏ်ပညာပေး အပူဒဏ်ကုသတဲ့ နည်းစနစ်တွေ ရောက်ရင်ကောင်းမှာပဲလို့ တွေးလိုက်မိပါတယ်။

## တောင်တွင်းကြီးမြို့တွင် လူမှုရေးပရဟိတအသင်းများ စုပေါင်းကာ အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**တောင်တွင်းကြီး ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ပရဟိတအသင်းများနှင့် မြို့ခံလူငယ်များပူးပေါင်းကာ အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ၊ ခေတ်ဆားထုပ်နှင့် ရေသန့်ဘူးများကို ဧပြီ ၁၂ ရက်မှ စတင်ကာ ယနေ့အထိ လူစည်ကားရာနေရာများ၌ နေ့စဉ်လိုက်လံဝေငှလျက်ရှိသည်။

တောင်တွင်းကြီးမြို့ စန္ဒာ- သူရိယကျန်းမာပညာကူညီရေးအသင်း၊ တူညီနှလုံးသားအစ္စလာမ်လူငယ် ပရဟိတအသင်းနှင့် မြို့ခံလူငယ်များ၊ အလှူရှင်များ ပူးပေါင်းကာ နေ့စဉ်လှူဒါန်းနေကြောင်း ကိုအောင်ကျော်ကျော်က ပြောသည်။

"တောင်တွင်းကြီးမှာ နေ့စဉ် အပူချိန်က ၄၄ ဒီဂရီစင်တီဂရိတ်လောက်ဖြစ်နေတော့ သာမန်လက်လုပ်လက်စားတွေအတွက် အပူဒဏ်ကာကွယ်နိုင်ဖို့ ခေတ်ဆားထုပ်နဲ့ ရေသန့်ဘူးတွေ လိုက်လံဝေငှပေးနေတာ ဖြစ်ပါတယ်။ နောက်ပြီးအပူရှိန် မြင့်မားနေတဲ့အချိန်မှာ ဘယ်လိုနေထိုင်သင့်တယ်ဆိုတာကို အများပြည်သူသိရှိစေဖို့ အသိပညာပေးလက် ကမ်းစာစောင်လေးတွေပါ ဝေငှနေတာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

အလှူရှင်များ၏ ထည့်ဝင်မှုဖြင့် လိုက်လံလှူဒါန်းနေပြီး အပူချိန်ကျဆင်းလာချိန်အထိ ဆက်လက်ဝေငှမည်ဖြစ်ပြီး နေ့စဉ်ခေတ်ဆားထုပ်နှင့် ရေသန့်ဘူး ၁၅၀ မှ ၂၀၀ အထိ ပေးဝေနေပြီး လူစည်ကားရာနေရာများဖြစ်သည့် ကားဂိတ်၊ ဘူတာရုံ၊ မြို့မဈေး စသည့်နေရာများတွင် ဝေငှနေကြောင်း ပါဝင်ဆောင်ရွက်နေသူတစ်ဦးက ပြောသည်။ တောင်တွင်းကြီးမြို့တွင် သင်္ကြန်ကာလအပြီး အပူရှိန်မြင့်တက်နေပြီး နေ့စဉ် အပူချိန် ၄၄ ဒီဂရီစင်တီဂရိတ် ဝန်းကျင်ရှိနေကြောင်း သိရသည်။

နိုင်ဝင်း(ပြန်/ဆက်)

# ဒေသခံပြည်သူများအနေဖြင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့ထက် ပိုမိုကြိုးစားရမည်

## ချင်းပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေးသာမက စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး တိုးတက်လာရန် ကြိုးစားဆောင်ရွက်နေ

✤ *ကျောဖုံးမှ*

ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့သည် ဆူရ်ခွားမြို့သို့ရောက်ရှိကြပြီး စော်ဘွားကြီး ဦး VAN KIO ၏နေအိမ်တွင် ချင်းရိုးရာပစ္စည်းများ ခင်းကျင်းပြသထားသည့်ပြတိုက်ကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဆူရ်ခွားမြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

အခမ်းအနား၌ ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ရောက်ရှိလာခဲ့သည့်အခါ ဆူရ်ခွားကျေးရွာကို မြို့အဆင့်သို့ နိုင်ငံတော်မှ တိုးမြှင့်ပေးသည့် အချိန်အခါသမယနှင့် တိုက်ဆိုင်သည့်အတွက် အားလုံးအတွက် ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသည့် အချိန်အခါဟု ပြောလိုပါကြောင်း။





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆူရ်ခွားမြို့ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### မြို့အဆင့် တိုးမြှင့်သတ်မှတ်

ဆူရ်ခွားကျေးရွာကို ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် မြို့ပြအုပ်ချုပ်ရေးရုံးကိုဖွင့်လှစ်ပြီး ဝန်ထောက်ရုံး စိုက်ခဲ့ပါကြောင်း၊ ၁၉၆၆ ခုနှစ်မှ စတင်ပြီး ၁၉၇၄ ခုနှစ်အထိ ဆူရ်ခွားကျေးရွာအုပ်စုကို လက်ထောက်မြို့ပိုင်ရုံးစိုက်သည့် မြို့နယ်ခွဲအဖြစ်သတ်မှတ်ပြီး လက်ထောက်မြို့ပိုင်တစ်ဦးကို အုပ်ချုပ်စေခဲ့ပါကြောင်း၊ သို့သော် ၁၉၇၄ ခုနှစ်မှစတင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြို့နယ်ခွဲမှ ကျေးရွာအုပ်စုအဆင့်ကို ပြန်လည်လျှော့ချခဲ့ပါကြောင်း၊ သို့သော် ဒေသခံပြည်သူများ၏ တင်ပြချက်၊ လိုလားချက်အရ ၂၀၁၉ ခုနှစ် မေ ၂၅ ရက်တွင် ဆူရ်ခွားကျေးရွာအုပ်စုကို မြို့အဆင့် တိုးမြှင့်သတ်မှတ်ခဲ့ပါကြောင်း။

ဆူရ်ခွားကျေးရွာနှင့် ပတ်သက်ပြီး ၁၉၇၈ ခုနှစ်တွင် ၁၆ ခုတင်ဆံ့ ဆေးရုံနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲကင်းကိုလည်း ဖွဲ့စည်းခဲ့ပါကြောင်း၊ အလားတူ ၁၉၉၁ ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်း၊ မူလတန်းကျောင်း၊ နယ်မြေမီးသတ်စခန်းများကိုလည်း နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခု မြို့အဆင့် တိုးမြှင့်သတ်မှတ်ခဲ့ခြင်းကြောင့် အခြားမြို့အင်္ဂါရပ်နှင့် ဆက်စပ်သည့် ရုံးလုပ်ငန်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းများကိုလည်း နိုင်ငံတော်အနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျေးရွာအုပ်စုအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်ပေးခြင်းသည်လည်း နယ်မြေဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးများကို အရှိန်အဟုန်ဖြင့် တိုးတက်လာစေရန်အတွက် ယခုကဲ့သို့ ဖွဲ့စည်းပေးခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ စေတနာကိုလည်း ဒေသခံပြည်သူများ အားလုံးက အလေးအနက် သိရှိနားလည် သဘောပေါက်ပေးစေလိုပါကြောင်း။

### နယ်မြေဒေသ ဖွံ့ဖြိုးရန်ကြိုးစား

ချင်းပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည့်ဒေသဖြစ်သည့်အတွက်ကြောင့် အစစအရာရာတွင် နောက်ကျကျန်ခဲ့သည့် ပြည်နယ်တစ်ခု ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ဆင်းရဲမွဲတေမှုသည် ၂၆ ရာခိုင်နှုန်းခန့် ပျမ်းမျှရှိပြီး ချင်းပြည်နယ်တွင် ၇၄ ရာခိုင်နှုန်းရှိပါကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့ထက် ပိုမိုကြိုးစားရမည် ဖြစ်ပါကြောင်း။

ထိုသို့ ပိုမိုကြိုးစားနိုင်စေရန် ယခုကဲ့သို့ ကျေးရွာအုပ်စုများအား မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးနေသည့်အချိန်တွင် ဒေသခံပြည်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း။

### မြို့အဆင့် မြို့ငါးမြို့ တိုးမြှင့်သတ်မှတ်

အစိုးရနှင့်ပြည်သူ တက်ညီလက်ညီနှင့် ပူးပေါင်းဆောင်ရွက်မှသာလျှင် လိုလားသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရောက်ရှိမည်ဖြစ်ပါကြောင်း၊ ဆူရ်ခွားကို မြို့အဆင့် သတ်မှတ်ပေးသကဲ့သို့ လက်ရှိအစိုးရသုံးနှစ်သက်တမ်းအတွင်း ချင်းပြည်နယ်တွင် ကျေးရွာအုပ်စုအဆင့်မှ မြို့အဆင့်သို့ မြို့ငါးမြို့ကို တိုးမြှင့်သတ်မှတ်ပေးခဲ့ပါကြောင်း၊ ချင်းပြည်နယ်တောင်ပိုင်းတွင် ကျင်ဒွေးရွာ၊ မကွီအိမ်နူးရွာနှင့် ယခု မြောက်ပိုင်းတွင်လည်း နှာဟရိန်မြို့၊ ဆူရ်ခွားမြို့နှင့် ဝေဘူလမြို့တို့ကိုလည်း ကျေးရွာအုပ်စုအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါကြောင်း။

### ပြည်ထောင်စုစိတ်ဓာတ် မွေးမြူ

ချင်းပြည်နယ်၏ အဓိက နောက်ကျကျန်ခဲ့သည့် အကြောင်းရင်းသည် လမ်းပန်းဆက်သွယ်ရေးကြောင့် ဖြစ်ပါကြောင်း၊ ယခုအခါ လမ်းပန်းဆက်သွယ်ရေးသာမက စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ကို အရှိန်အဟုန်ဖြင့် တိုးတက်လာရန်အတွက် ကြိုးစားဆောင်ရွက်နေသည့် အချိန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် ချင်းတိုင်းရင်းသားလူမျိုးများသည် အမျိုးသားအရေးတွင် အခြားပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်အတူ တက်တက်ကြွကြွဖြင့် လက်တွဲပြီး ပူးပေါင်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး လာမည့်နှစ်များတွင် နိုင်ငံသူ နိုင်ငံသားများအားလုံး၏ အဓိက လိုလားတောင့်တနေသည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူပြီး နိုင်ငံတော်အစိုးရ၏ ကြိုးစားဆောင်ရွက်ပေးနေမှုအပေါ်တွင် ဒေသခံပြည်သူများအနေဖြင့် တက်တက်ကြွကြွပူးပေါင်းလက်တွဲပြီး ပါဝင်ဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို မြို့မိမြို့ဖတစ်ဦးကတင်ပြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးဖြည့်ဆည်းပေးသွားမည့် အစီအစဉ်များကို ပြည်နယ်ဝန်ကြီး ဦးစိုးထက်၊ ဦးရွှေထီးယို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စော်ဘွားကြီး ဦး VAN KIO ၏နေအိမ်တွင် ချင်းရိုးရာပစ္စည်းများ ခင်းကျင်းပြသထားသည့်ပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

❑ *ကျောဖုံးမှ*

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"သည် နောက် ခြောက်နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" အဖြစ်သို့ လည်းကောင်း၊ နောက် ၃၆ နာရီအတွင်း အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"သည် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး နောက် ၇၂ နာရီအတွင်း မြောက်-အရှေ့မြောက်ဘက်သို့ကွေ့ကာ ရွေ့လျားမည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ" နှင့်ပတ်သက်၍ ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းအဖွဲ့နှင့် အလယ်ရေကျော်ကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသပြည်သူများ ပူးပေါင်းဆောက်လုပ်လှူဒါန်းသော အလယ်ရေကျော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ ၂၅ ရက်က ကျင်းပရာ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ)ဦးဖြူဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေး၊ နိပ္ပွန်ဖောင်ဒေးရှင်း ပရောဂျက်ဒါရိုက်တာ ဦးစေတနာနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မော်ကျွန်း-မြင့်အောင်



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ပြည်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော်   ဧပြီ ၂၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လိုအပ်ချက်များ တင်ပြ**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဒေါက်တာမျိုးအောင်က အမှာစကားပြောကြားရာတွင် ယခုတွေ့ဆုံဆွေးနွေးပွဲမှာ နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာဌာနဆိုင်ရာများအနေဖြင့်လည်း ပြည်သူဖြင့်ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံပွဲအား ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို တင်ပြပေးကြရန် လိုအပ်ကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ဒေသအတွက် လိုအပ်ချက်များအား ပွင့်ပွင့်လင်းလင်းတင်ပြပေးမှသာ မိမိတို့ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့် ပြည်သူများက ပါဝင်စဉ်းစားပေးစေလိုကြောင်း၊




နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဒက္ခိဏသီရိမြို့နယ်မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူ၏ အမြင်များ၊ တင်ပြချက်များကို သိရှိရန်အတွက် တွေ့ဆုံနွေးခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က ဒေသအတွင်း ဆောင်ရွက်ထားသည့် ဖွံ့ဖြိုးရေးကိစ္စများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။

**ပြန်လည်ဖြေရှင်းဆွေးနွေး**

ယင်းနောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လယ်ယာမြေကိစ္စရပ်များကို တင်ပြကြရာ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှဌာနကြီးမှူးများ၊ နေပြည်တော် အဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူတို့က အသီးသီး ပြန်လည်ဖြေရှင်းဆွေးနွေးကြသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဧပြီ ၂၂ ရက်က ဒက္ခိဏသီရိမြို့နယ်အတွင်း မိုးရွာသွန်းပြီး လေပြင်း တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပွားခဲ့သည့် လေဘေးသင့် အိမ်ထောင်စုများအတွက် ရန်အောင်မြင်ကျေးရွာအုပ်စုမှ အိမ်ထောင်စု ၂၄၆ စု၊ ကျွန်းတက်ပဲ့ကျေးရွာအုပ်စုမှ အိမ်ထောင်စုနှစ်စု၊ ကြာပင်ကျေးရွာအုပ်စုမှ အိမ်ထောင်စုခုနစ်စု၊ ရွာမကျေးရွာအုပ်စုမှ အိမ်ထောင်စုလေးစု စုစုပေါင်း အိမ်ထောင်စု ၂၅၉ စုအတွက် နေပြည်တော်ကောင်စီမှ ထောက်ပံ့ငွေကျပ် ၂၄၄၅၀၀၀ နှင့် နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာထောက်ပံ့ငွေ၊ အိမ်ဆောက်ပစ္စည်း၊ ကယ်ဆယ်ရေး ပစ္စည်း ၁၁ မျိုးတို့အတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄၁၉၅၅၀၀ တို့ကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးမင်းနောင်၊ ဦးအောင်မြင့်ထွန်း၊ ဦးအေးမောင်စိန်၊ ဦးညီထွန်း၊ ဒက္ခိဏသီရိမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ဌာနကြီးမှူး၊ ဌာနမှူးများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ မြို့မိမြို့ဖများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ခရိုင်(မြန်/ဆက်)**

# ချမ်းမြသာစည်မြို့နယ်တွင် မီးဘေးသင့်အိမ်ထောင်စုများအား အလှူငွေနှင့် အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ချမ်းမြသာစည်   ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မီးဘေးသင့်အိမ်ထောင်စုများအား အလှူငွေနှင့်အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် ချမ်း/တောင်ရပ်ကွက် အကွက်(၈၅၃)ရပ်ကွက်ရှိ စီပါခမ္မာရုံတွင် ယနေ့မွန်းလွဲ ၂ နာရီက ပြုလုပ်သည်။

**အားပေးစကားပြောကြား**

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မီးဘေးသင့် အိမ်ထောင်စု ၅၃ စုအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသောငွေကျပ် ငါးသိန်းသုံးသောင်း၊ Family Kit ၅၃ စုံနှင့် သောက်ရေသန့်ကတ် ၁၂ ကတ်တို့အား ပေးအပ်လှူဒါန်းရာ မီးဘေးသင့် အိမ်ထောင်စုများက လက်ခံရယူသည်။ ထို့နောက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လှူဒါန်းသော မီးဘေးသင့်အိမ်ခြေ ၃၂ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ်သိန်း ၄၀၊ မီးဘေးသင့်ပြည်သူများအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၅၀၁၉၀၀ ၊ မီးဘေးသင့် အိမ်ထောင်စု ၅၃ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ Family Kit ၅၃ စုံတို့အား တိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးမျိုးသစ်(ခ)ဦးပါလေးက ပေးအပ်လှူဒါန်းရာ မီးဘေးသင့် အိမ်ထောင်စုများက လက်ခံရယူသည်။ ယင်းနောက် မီးဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က အားပေးစကားပြောကြားသည်။

အလားတူ မီးဘေးသင့်အိမ်ထောင်စုများအတွက် အများပြည်သူ အလှူရှင်များကလည်း ဧပြီ ၂၇ ရက်မှ စတင်၍ ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ အဝတ်အထည်၊ ရေသန့်၊ အချိုရည်များ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ဖွင့်လှစ်ထား**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ချမ်း/တောင်ရပ်ကွက်တွင် ဧပြီ ၂၇ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် ၃၂ လုံး မီးလောင်ခဲ့ပြီး မီးဘေးသင့်အိမ်ထောင်စု ၅၃ စု၊ မီးဘေးသင့်ပြည်သူ ၂၃၉ ဦးရှိကြောင်း သိရပြီး မီးဘေးသင့် အိမ်ထောင်စုများအား အဆိုပါရပ်ကွက်ရှိ စီပါခမ္မာရုံတွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထား ကြောင်း သိရသည်။ **သန်းဇော်မင်း(မြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



# ပဲခူးမြို့၌ စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးပြုလုပ်ခြင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကြည့်ရှုအားပေး

**ပဲခူး   ဧပြီ ၂၈**

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ နော်ဝေနိုင်ငံ Nava လူမှုရေးအသင်းအဖွဲ့နှင့် ပဲခူးမြို့ပေါ်ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းပြီး ဧပြီ ၂၈ ရက်နံနက် ၆ နာရီခွဲက ပဲခူးမြို့ ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်ရုံးရှေ့နှင့် ကျွန်းသာယာရပ်ကွက် ရှေးဟောင်းသမိုင်းဝင်ခေါင်းဆေးကျွန်းရေကန်ပတ်လည်တို့တွင် စုပေါင်းအမှိုက်ကောက်ခြင်းဖြင့် သန့်ရှင်းရေးပြုလုပ်ကြသည်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်ရုံးအတွင်း/အပြင် သန့်ရှင်းရေးပြုလုပ်ခြင်းကို တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေဦးဆောင်သော တရားရေးဝန်ထမ်းများကဆောင်ရွက်ပြုလုပ်ကြပြီး ရှေးဟောင်းသမိုင်းဝင်ခေါင်းဆေးကျွန်းရေကန်ပတ်လည်တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ ဦးဆောင်၍ စည်ပင်သာယာဝန်ထမ်းများ၊ စည်ပင်သာယာကော်မတီဝင်များ၊ ပဲခူးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ပါတီဝင်များ၊ ပရဟိတအသင်းအဖွဲ့များ စုပေါင်းပြုလုပ်ကြကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ရန်ကုန်-မန္တလေးကားလမ်းဘေးအနီး စုပေါင်းအမှိုက်ကောက်သူများအား ကြည့်ရှုအားပေးစဉ်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်နေမှုများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်အောင်မြို့နယ်မှ ပြည်သူလူထုနှင့်တွေ့ဆုံ

မြန်အောင် ဧပြီ ၂၈

**ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်သည် ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက မြန်အောင်မြို့နယ် သခွတ်ကွင်းကျေးရွာအုပ်စု သခွတ်ကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပြည်သူများ၏တင်ပြချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် မြန်အောင်မြို့နယ် ပြည်သူလူထု တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

**တာဝန်သိစိတ်ဖြင့် ကြိုးစားဆောင်ရွက်**

အဆိုပါတွေ့ဆုံပွဲ၌ ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အကူအညီနှင့် နည်းပညာများပေးခြင်းနှင့် ပညာရေး၊ ကျန်းမာရေး တိုးတက်မြင့်မားရေး စသည့်လုပ်ငန်းများအတွက် အစိုးရဌာနများ၊ လွှတ်တော်များက ပြည်သူလူထု၏ဆန္ဒနှင့်အညီ မြို့နယ်များမှ တင်ပြလာသည့် စီမံကိန်းလုပ်ငန်းများအပေါ် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် ပြည်သူတစ်ဦးချင်းကလည်း မိမိတို့တစ်ဦးချင်းစီ၏ မိသားစုဘဝတိုးတက်ရေးမှအစ တာဝန်သိစိတ် ကိုယ်စီဖြင့် ကြိုးစား ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဥပဒေစည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ကာ ကြိုးပမ်းဆောင်ရွက်ကြပြီး နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ရေ၊ မီးအစရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးတွင် ခေတ်ကာလနှင့်လျော်ညီသည့် အခွန်အကောက်များရရှိရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးတို့ကို လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ အစိုးရဌာနများက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ပွင့်လင်းစွာဆွေးနွေး**

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းတို့က လက်ရှိဆောင်ရွက်လျက်ရှိသော အခြေအနေများအား ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းဆွေးနွေးပြီး ဒေသခံများ ဆွေးနွေးတင်ပြသည့် ဆရာ ဆရာမများ တိုးမြှင့်ခန့်ထားပေးရေး၊ ကျောင်းဆောင်သစ်ထပ်မံတိုးချဲ့ပေးရေး၊ ရေရရှိရေး၊ လမ်းတံတားများ တိုးတက်ကောင်းမွန်ရေးတို့ကို ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။ အဆိုပါတွေ့ဆုံပွဲသို့ သခွတ်ကွင်း ကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ထွန်းဇော်ထွန်း( မြန်မာစာ)**

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်နှင့် ပြည်သူလူထုတွေ့ဆုံပွဲ မြို့သစ်မြို့၌ပြုလုပ်

**မြို့သစ် ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်သုံးရပ်မှ ကိုယ်စားလှယ်များ၊ မြို့သစ်မြို့နယ်နေ ပြည်သူများ စုစုပေါင်း ၁၀၀၀ ကျော်ပါဝင်သော တွေ့ဆုံပွဲကို မြို့သစ်မြို့နယ် မကြီးကုန်း ကြီးကျေးရွာ၌ ဧပြီ ၂၇ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။



မြို့သစ်မြို့၌ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လွှတ်တော်နှင့် ပြည်သူလူထုတွေ့ဆုံပွဲတွင် တက်ရောက်ကြသူများအား တွေ့ရစဉ်။

**ဆွေးနွေးတင်ပြ**

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို နှင့် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတာတို့က အမှာစကားများပြောကြားခဲ့ပြီး မြို့သစ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးချစ်ထွေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေတို့က လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်းနှင့် NLD ပါတီ၊ တိုင်းအလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးသိန်းဇော်က ဆွေးနွေးတင်ပြခဲ့သည်။

**ရှင်းလင်းဖြေကြား**

ထို့နောက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအား မကြီးကုန်းကြီး၊ တွင်းလည်၊ ရွှေပန်းပင်၊ တလုပ်ပင်၊ ကံကြီး၊ မြေခြား၊ အင်းရွာကြီး၊ ပုလင်းပြားကြီး၊ အိုင်မဲ၊ အိုင်မ၊ ထုံးဘို၊ ပေကံကြီး၊ ကိုင်းကျေးရွာများ၏ ကိုယ်စားလှယ်များက တင်ပြခဲ့ရာ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**အားလုံးအကျိုးရှိတဲ့ပွဲ**

"လူထုတွေ့ဆုံပွဲတွေမှာ အခြေခံအားဖြင့်တော့ ရည်ရွယ်ချက်နှစ်ခုရှိပါတယ်။ ပထမတစ်ခုကတော့ သက်ဆိုင်ရာ မဏ္ဍိုင်အသီးသီးက တာဝန်ရှိပုဂ္ဂိုလ်တွေက မိမိတို့ရဲ့ဆောင်ရွက်ချက်လုပ်ငန်းစဉ်တွေကို ကိုယ့်ပြည်သူကို ပြန်ရှင်းလင်းတင်ပြလိုတဲ့ ရည်ရွယ်ချက်ပါ။ ဒုတိယတစ်ခုကတော့ ပြည်သူတွေရဲ့ အသံတွေ၊ လိုအပ်ချက်တွေ၊ လိုလားချက်တွေ၊ အခက်အခဲတွေ၊ ပြဿနာတွေကို နားထောင်ပြီး ဖြေရှင်းဆောင်ရွက်ပေးလိုတဲ့ရည်ရွယ်ချက်ပါ။ အခုတွေ့ဆုံပွဲက ရည်ရွယ်ချက်ပြည့်မြောက်တဲ့အပြင် ပြည်သူတွေအနေနဲ့လည်း ခုလိုမျိုး ဝန်ကြီးချုပ်တို့၊ လွှတ်တော်ဥက္ကဋ္ဌတို့၊ ဝန်ကြီးတို့နဲ့ တိုက်ရိုက်တွေ့ဆုံပြီး မေးမြန်းတင်ပြခွင့်ရတဲ့အပေါ်မှာ အင်မတန်ဝမ်းသာကြတာကို တွေ့ရပါတယ်။ အားလုံးအကျိုးရှိတဲ့ပွဲလို့ မြင်ပါတယ်" ဟု မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက ပြောသည်။

NLD ပါတီ၊ မြို့သစ်မြို့နယ်၊ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်ဖေနှင့် မကြီးကုန်းကြီးကျေးရွာ ရပ်မိရပ်ဖ တစ်ဦးတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကာ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ကမာရွတ်ရဲဘော်သုံးကျိပ် ပန်းခြံပြန်လည်ရရှိရေး ရပ်ကွက်နေပြည်သူများ ဆန္ဒထုတ်ဖော်

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လှည်းတန်းထိပ်ဘက် လှည်းတန်းခုံးဆင်းရှိ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးဟောင်း မြေနေရာအား မူလအတိုင်း ရဲဘော်သုံးကျိပ်ပန်းခြံအဖြစ် ပြန်လည်ရရှိစေရန် တတိယအကြိမ် လူထုဆန္ဒထုတ်ဖော်ပွဲကို အဆိုပါမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ရုံးဟောင်းရှေ့၌ ဧပြီ ၂၇ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

"ကမာရွတ်မြို့နယ် ဒေသခံ ရဲဘော်သုံးကျိပ်ဝင်တွေဖြစ်တဲ့ သခင်သစ်(ဗိုလ်စောနောင်)၊ သခင်ငွေ(ဗိုလ်စောအောင်)တို့ညီအစ်ကို၊ သခင်ကျော်စိန်(ဗိုလ်မိုးညို)နှင့် သခင်သန်းတင်တို့ အပါအဝင် တိုင်းပြည်အတွက် တိုက်ပွဲဝင်ခဲ့ကြတဲ့ ရဲဘော်သုံးကျိပ်တို့ရဲ့ဂုဏ်ကျေးဇူးကို ဂုဏ်ပြုတဲ့အနေနဲ့ ၁၉၅၇ ခုနှစ် မြန်မာနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ် ဦးနုက ဒီနေရာကို ရဲဘော်သုံးကျိပ်ပန်းခြံအဖြစ် သတ်မှတ်ဖွင့်လှစ်ပေးခဲ့တာဖြစ်တဲ့အတွက် အခုဒီနေရာကို အထပ် ၁၃ ထပ် ကားပါကင်အဆောက်အအုံ၊ ရုံးထပ်အဆောက်အအုံတွေဆောက်ဖို့ စီစဉ်နေတာကို ဆန္ဒထုတ်ဖော်ကန့်ကွက်ရခြင်းဖြစ်ပါတယ်"ဟု ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်သည့် ဦးရဲဝင်းက ပြောသည်။

**ခင်မောင်သော်**

# ရွှေပြည်သာမြို့နယ်ခန်းမကို လာမည့်စက်တင်ဘာလတွင် အပြီးတည်ဆောက်မည်

**ရွှေပြည်သာ ဧပြီ ၂၈**

ရွှေပြည်သာမြို့နယ်ခန်းမ တည်ဆောက်ရန် ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ပြည်သူများ ထင်သာမြင်သာရှိစေရန် ဗီနိုင်းစိုက်ထူရမည့် လုပ်ငန်းဆောင်ရွက်နိုင်ရေးနှင့် ရွှေပြည်သာမြို့နယ်ခန်းမကို လာမည့် စက်တင်ဘာလကုန်တွင် ပြီးစီးအောင် ဆောင်ရွက်စေရေးအတွက် ရွှေပြည်သာမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌသစ် ဦးသိန်းဇံက အဆိုပါအဆောက်အအုံဆောက်လုပ်မည့် လုပ်ငန်းတာဝန်ခံအား ဧပြီ ၂၇ ရက်တွင် တွေ့ဆုံမှာကြားခဲ့သည်။

ရွှေပြည်သာမြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇံ၊ အဖွဲ့ဝင်(၁)ဦးသီဟသူ၊ အဖွဲ့ဝင်(၂) ဦးသိန်းထိုက်၊ မြို့မိမြို့ဖများ၊ မြို့နေအဖွဲ့အစည်းများက ရွှေပြည်သာမြို့နယ် မြို့နယ်ခန်းမ တည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ ဧပြီ ၁၁ ရက်က ဦးဝင်းမောင်(EE-တာဝန်ခံအင်ဂျင်နီယာ)နှင့်တွေ့ဆုံခဲ့စဉ်က ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြို့နေပြည်သူလူထု၏ သိလိုသည့် အကြောင်းအရာများကို မေးမြန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါဆောက်လုပ်မည့် ရွှေပြည်သာမြို့နယ်ခန်းမသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန အဆောက်အအုံမှ EE တာဝန်ခံ ဦးဝင်းမောင်က တာဝန်ယူ၍ အမှတ် ၅ ရပ်ကွက် ယခင် ၁၉၉ ဂိတ်ဟောင်းဘေး မြေကွက်လပ်တွင် တည်ဆောက်နေခြင်းဖြစ်သည်။ မြို့နယ်ခန်းမဘေး တစ်ဖက်တစ်ချက်တွင် ပေ ၁၄၀× ၁၀၀ ကျော် စီရှိသည့် ကားပါကင်နှစ်ခုလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွှေပြည်သာမြို့နယ်ခန်းမမှာ အလျား ၁၈၆ ပေ၊ အနံ ပေ ၈၀၊ အမြင့် ၂၄ ပေဖြစ်ပြီး လုပ်ငန်းပြီးစီးမည့်ကာလကို ယခုနှစ် ကိုးလပိုင်းကုန်တွင် ခန့်မှန်းထားကြောင်းနှင့်လက်ရှိတွင် ခန်းမဆောက်လုပ်ရန် မြေညှိခြင်း၊မြေထိန်းနံရံများတည်ဆောက်နေခြင်း ပြုလုပ်နေကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**



ရွှေပြည်သာမြို့နယ်ခန်းမတည်ဆောက်မည့်မြေနေရာ။ ဓာတ်ပုံ-မျိုးကြီး

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လူတိုင်းပါဝင် ဆောင်ရွက်ပေး

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ မကွေးမြို့သို့ ဒေသစာရီကြွချီပူဇော်ခံ

**မကွေး ဧပြီ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်၍ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံသူ နိုင်ငံသားများ၏ စုပေါင်းအင်အားဖြင့် တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ဒေသစာရီကြွချီအပူဇော်ခံသည်။

**အလှူငွေများ လှူဒါန်း**

ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား ယနေ့နံနက်ပိုင်းက ပြည်မြို့ အ.ထ.က (၁)၊ လွတ်လပ်ရေးကျောက်တိုင်ကွင်း ယာယီစံကျောင်းမှ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဝတ်အသင်းအဖွဲ့များက မကွေးမြို့သို့ ပင့်ဆောင်ရာ လမ်းတစ်လျှောက်တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများက စည်ကားစွာဖြင့် ကြိုဆိုဖူးမြော်ကြပြီး **(ယာပုံ)** စေတီတော်ကြီး တည်ထားကိုးကွယ်ရေး ရတနာရွှေငွေများ၊ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ညနေပိုင်းတွင် ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား မကွေးမြသလွန်စေတီတော်မြတ်ကြီး ရင်ပြင်တော်လှိုက်ပတ်အိုးမြ လွန်ဘုရားပွဲတော်ကွင်းတွင် ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် အပူဇော်ခံထားရှိသည်။

ညပိုင်းတွင် မကွေးမြို့ မြသလွန်ဘုရားပွဲတော်ကွင်းတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားချီးမြှင့်ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မကွေးမြသလွန် စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံ ရဟန်းရှင်လူပြည်သူများက တရားတော်ကို ရိုသေစွာနာယူကြည်ညိုကြသည်။

**ဒေသစာရီကြွချီ**

ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိရာ ဧပြီ ၂၉ ရက်တွင် ပုဂံ၊ ဧပြီ ၃၀ ရက်မှ မေ ၁ ရက်အထိ မုံရွာ၊ မေ ၂ ရက် မှ ၆ ရက်အထိ မန္တလေး၊ မေ ၇ ရက်တွင် ကျောက်ဆည်၊ မေ ၈ ရက်တွင် သဲတော (ဝမ်းတွင်း)၊ မေ ၉ ရက်မှ ၁၁ ရက်အထိ တောင်ကြီး၊ မေ ၁၂ ရက်တွင် လွိုင်ကော်၊ မေ ၁၃ ရက်တွင် တောင်ငူ၊ မေ ၁၄ ရက်မှ ၁၈ ရက်အထိ နေပြည်တော်တို့တွင် ဒေသစာရီကြွချီ အပူဇော်ခံသွားမည် ဖြစ်သည်။

**ဟန်လင်းနိုင်**



# မြိတ်မြို့တစ်ဖက်ကမ်းရှိ ရွှေသာလျောင်းဘုရား ရေစက်ချအလှူတော်မင်္ဂလာ စည်ကားစွာကျင်းပမည်

**ကျွန်းစု ဧပြီ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု ပထက်ကမ်းကျေးရွာ ပထက်တောင်ကမ်းခြေ (မြိတ်တစ်ဖက်ကမ်း) ရှိ အတုလရံသီ ရွှေသာလျောင်းဘုရားကြီး ရေစက်ချမင်္ဂလာအခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီတွင် စည်းကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေသာလျောင်းဘုရားကြီးကို ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းက စေတနာရှင် အလှူရှင် ၁၉၀ ကျော်တို့၏ လှူဒါန်းထည့်ဝင်ငွေ သိန်းပေါင်း တစ်သောင်းခွဲခန့် အကုန်အကျခံကာ စတင်ပြုပြင်မွမ်းမံခဲ့ရာ ယခုအခါ လုပ်ငန်းများ ပြီးစီးပြီဖြစ်သောကြောင့် မေ ၅ ရက်တွင် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း ပြုပြင်မွမ်းမံတည်ဆောက်ရေးကော်မတီအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး ဦးမျိုးအောင်က ပြောသည်။

ယခင်နှစ်များက အတုလရံသီရွှေသာလျောင်းဘုရားကြီးသို့ လာရောက်ဖူးမြော် သူနည်းပါးခဲ့သော်လည်း ယခုအခါ မြိတ်-ကျွန်းစုအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ဘုရားဖူးလာရောက်သူ တစ်နေ့လျှင် ရာချီရှိပြီး ပြည့်ဖြိုးထွန်းကုမ္ပဏီမှ ဘုရားဖူးလာရောက်သူများအား စက်လှေတစ်စင်းဖြင့် နေ့စဉ်အခမဲ့ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ၌ ပဥ္စမအကြိမ် ဖျော်ဖြေပွဲကို ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတတီးဝိုင်းအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်တက္ကသိုလ်လဲ့လဲ့ ဖျော်ဖြေတင်ဆက်စဉ်။

တိုးကြီး

# တရားအလှူတော်သဘင် အခမ်းအနား ကောလင်းမြို့နယ်၌ ကျင်းပမည်

**ကောလင်း ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ထေရဝါဒလူငယ်များ အသင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် တရားအလှူတော်သဘင် အခမ်းအနားကို ဧပြီ ၃၀ ရက်မှ မေ ၇ ရက်အထိ ရှစ်ညတိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါတရားသဘင်အခမ်းအနားတွင် ဒေါက်တာအရှင်ကုမာရ(ဓမ္မရ)၊ ဒေါက်တာအရှင်ဝိစိတ္တသာရ (ဓမ္မဂဂ်ိ)၊ ဒေါက်တာအရှင်ဣန္ဒာစရိယ (သီတဂူ)၊ စတော့ဟုမ်း ကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင်၊ BEC ဆရာတော် အရှင်သောဘိတ၊ ဒေါက်တာအရှင်ဆေကိန္ဒ(ဓမ္မဒူတ) ဆရာတော်များက ကောလင်းမြို့ မြောက်အင်းရပ်ကွက် မဟာဒေဝိန္ဒာရာမ ရှမ်းကုန်းကျောင်းတိုက်တော်၌ တရားအလှူတော်များ ဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ လုပ်ငန်းညှိနှိုင်းအစည်းဝေးကျင်းပ

**နေပြည်တော် ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနတွင် ဖွင့်လှစ်ပြသထားသည့် မြေအသုံးချ ရေးဌာနခွဲ၊ မျိုးစေ့ဌာနခွဲနှင့် သီးနှံကာကွယ်ရေးဌာနခွဲများ၏ ပြခန်းများသို့ ကြည့်ရှုစစ်ဆေးသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်မည့် မူဝါဒများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဌာနစိတ်တာဝန်ခံများ၊ ခြံတာဝန်ခံများ၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်လူမော်**

# (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်း မြန်မာသရက်သီးများ ရောင်းအားကောင်း

**မူဆယ် ဧပြီ ၂၈**

ရှမ်းပြည်နယ် မြောက်ပိုင်းမူဆယ် မြို့နယ် မိုင်းယု (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်း မြန်မာသရက်သီးများ အရောင်းအဝယ်အားကောင်းနေကြောင်း သိရသည်။

တရုတ်-မြန်မာ သရက်သီး ရောင်းဝယ်မှုကို (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် နယ်မြေအတွင်းရှိ အများနှင့်သက်ဆိုင်သော အရှေ့မြောက်တံခါး ကုမ္ပဏီလီမိတက် အသီးရောင်းဝယ်ကွင်းတွင် နံနက် ၇ နာရီမှ ၁၀ နာရီဝန်းကျင်အထိ နေ့စဉ် အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။ ဧပြီ ၂၈ ရက်တွင် သရက်သီးကား ၅၉ စီး ဝင်ရောက်ခဲ့ပြီး သရက်သီး ဂျက်ဖာ ၂၄၆၇၂ ဖာ ရောင်းချခဲ့ဖြစ်သည်။

သရက်သီး ရောင်းဈေးများသည် စိန်တလုံး (အိတ်စွပ်) ယွမ် ၉၀ မှ ၁၅၅ ယွမ်အထိ၊ စိန်တလုံး (အိတ်လွတ်) ယွမ် ၄၀ မှ ၈၀ ယွမ် အထိ၊ ကြမ်းချောမယ်သီ သရက် ယွမ် ၇၀ မှ ၉၀ ယွမ်အထိ၊ ဟသ်ာ (အိတ်စွပ်) ယွမ် ၇၀ မှ ယွမ် ၁၄၀ အထိ၊ ဟသ်ာ(အိတ်လွတ်) ယွမ် ၄၀ မှ ယွမ် ၇၀ အထိ၊ ရင်ကွဲ (အိတ်) ယွမ် ၄၀ မှ ၈၀ ယွမ်အထိ ရရှိခဲ့သည်။

"ဒီနှစ် သရက်သီးရောင်းဝယ်ရတာ ယခင်နှစ်တွေထက် ပိုပြီးကောင်းပါတယ်။ ဒါပေမယ့် အဝင်နည်းနေသေးတယ်။ အရင်က ဒီလိုအချိန်ဆို လှိုင်လှိုင်ပေါ်နေပြီ။ ဈေးနှုန်းလည်း အရင်လို တက်လိုက် ကျလိုက်မဖြစ်ပါဘူး။ ပုံမှန်အနေအထားမှာရှိပါတယ်။ အဓိကတော့ သရက်သီးတင်တဲ့နေရာမှာ အပေါ်အောက်ညီရမယ်။ အပြစ်အနာအဆာ ကင်းရမယ်။ အလုံးအရည်အသွေးကောင်းတယ်ဆိုရင်တော့ ရောင်းသူဝယ်သူအတွက် ပိုပြီးအဆင်ပြေပါတယ်။ လောလောဆယ်တော့ မိုးလည်းသိပ်မရွာတော့ သရက်သီးက ပြောက်တွေမပါဘဲ အလွန်ကို လှနေတဲ့အတွက် ရောင်းဝယ်ရတာအဆင်ပြေပါတယ်"ဟု စုပေါင်းပွဲရုံမှ ဒေါ်နန်းရွှေစိန်က ပြောသည်။ မြန်မာနိုင်ငံတွင် သရက်သီးများကို နေရာအနှံ့အပြား စိုက်ပျိုးလျက်ရှိပြီး သရက်သီး အမျိုးအစား ၁၀ မျိုး ခန့်ရှိကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**



မိုင်းယု (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းမှ မြန်မာ့သရက်သီးများ။

# နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၂၈**

နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပုံမှန်အပူချိန်တို့ထက် (၅)ဒီဂရီစင်တီဂရိတ်မှ (၆)ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ ပုံမှန်အပူချိန်တို့ထက် (၃) ဒီဂရီ စင်တီဂရိတ်မှ (၄) ဒီဂရီစင်တီဂရိတ်အထိနှင့် ချင်းပြည်နယ်တွင် ဧပြီလ၏ ပုံမှန်အပူချိန်ထက် (၂)ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရခိုင်ပြည်နယ်တို့တွင် ဧပြီလ၏ ပုံမှန်အပူချိန်ခန့်သာရှိခဲ့ပါသည်။

ထူးခြားသည့် နေ့အပူချိန် များမှာ မန္တလေးမြို့ တံတားဦးမြို့ ချောက်မြို့ ဂန့်ဂေါမြို့ တောင်ငူမြို့နှင့် ဘော်လခဲမြို့ တို့တွင် (၄၄) ဒီဂရီစင်တီဂရိတ်နှင့် မြင်းမူမြို့ မြင်းခြံမြို့ ကျောက်ဆည်မြို့နှင့် မကွေးမြို့ တို့တွင် (၄၃) ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဗန်းမော်မြို့တွင် ၀ ဒသမ ၁၆ လက်မဖြစ်သည်။

**မိုး/ဇလ**

# (၁၀) ကြိမ်မြောက် ပြည်သူ့ဂုဏ်ရည်ဆု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအား ချီးမြှင့်



ပြည်သူ့ဂုဏ်ရည်ဆုရရှိသူများနှင့် ပြည်သူ့ဂုဏ်ရည်အသင်းဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးစဉ်။

**မန္တလေး မေ ၂၈**

ပြည်ပရောက် မြန်မာမိသားစုများက ဂုဏ်ပြုချီးမြှင့်သည့် (၁၀) ကြိမ်မြောက် ပြည်သူ့ဂုဏ်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက မန္တလေးမြို့ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပရာ ယခုနှစ်အတွက် ပြည်သူ့ဂုဏ်ရည်ဆုကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအား ချီးမြှင့်ခဲ့သဖြင့် ပထမဆုံးပြည်သူ့ဂုဏ်ရည်ဆုရရှိသော အစိုးရအဖွဲ့အစည်းတစ်ခုဖြစ်လာကြောင်း သိရသည်။

**မှဒိတာစကား ပြောကြား**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး ပြည်သူ့ဂုဏ်ရည်အသင်း၏ ဗဟိုအလုပ်အမှုဆောင် ဦးကျော်ဝဏ္ဏနှင့် ပထမဆုံးပြည်သူ့ ဂုဏ်ရည်ဆုရှင် ဦးကျော်သူတို့က ပြည်သူ့ဂုဏ်ရည်ဆုချီးမြှင့်ပွဲကျင်းပမှု ၁၀ နှစ်ပြည့် အမှတ်တရ မုဒိတာစကား ပြောကြားကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်သူ့ဂုဏ်ရည်အထူးဆုရရှိသူ လေးဦးအား ဆုချီးမြှင့်ရာ မသန်စွမ်းတစ်ယောက်ဖြစ်သော်လည်း ကိုယ့်ပတ်ဝန်းကျင်ကို ကောင်းရာကောင်းကျိုးအုတ်တစ်ချပ်၊ သဲတစ်ပွင့် ပမာ လုပ်ကိုင်ဆောင်ရွက်နေသည့် ဆရာမဒေါ်အိအိညိမ်း၊ အမှိုက်များသန့်ရှင်းတဲ့မြို့ နိုင်ငံအဖြစ် ရောက်ရှိအောင် ကိုယ့်ဝန်ကိုယ့်အားဖြင့် ဆောင်ရွက်နေသည့် Clean Yangon Campaign အဖွဲ့၊ ပြည်တွင်းစစ်ရပ်ဆိုင်းရေးနှင့် ငြိမ်းချမ်းရေးရရှိအောင် ကိုယ်ကျိုးစွန့် ဆောင်ရွက်နေသည့် မဆွတ်ဆိုင်းထွယ်နှင့် အမှန်တရားအတွက် ကိုယ့်ကျိုးစွန့်ခဲ့သည့် ဒုရဲမှူး တာဝန်ထမ်းဆောင်ခဲ့သူ ဦးမိုးရန်နိုင်တို့က ရရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအား ချီးမြှင့်သည့် ပြည်သူ့ဂုဏ်ရည်ဆုကို မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များက လက်ခံရယူကြသည်။

**တွန်းအားနှင့် အင်အား**

အဆိုပါ ဆုချီးမြှင့်ပွဲတွင် မန္တလေးမြို့တော်ဝန်က (၁၀) ကြိမ်မြောက် ပြည်သူ့ဂုဏ်ရည်ဆုကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီအား ချီးမြှင့်သည့်အတွက် များစွာဝမ်းမြောက်မိကြောင်း၊ ပြည်သူ့ဂုဏ်ရည်ဆုချီးမြှင့်လိုက်ခြင်းသည် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီအတွက် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာမှာ ဆတက်ထမ်းပိုး ကြိုးစားဆောင်ရွက်ကြရန်အတွက် အင်မတန်ကြီးမားသော တွန်းအားနှင့် အင်အားကြီးတစ်ခုဖြစ်ကြောင်း၊ ဆုရရှိသောငွေများကိုလည်း မြို့တော်ဖွံ့ဖြိုးရေးအတွက် ၂၆ လမ်း ပလက်ဖောင်း မီးတိုင်များ စိုက်ထူသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ဂုဏ်ရည်အသင်းကို မန္တလေးမြို့တော်သူ မြို့တော်သားများကိုယ်စား၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ ကိုယ်စားအထူးကျေးဇူးတင်ကြောင်း ပြောကြားသည်။

**နမူနာကောင်းတွေပေးနေ**

မြန်မာနိုင်ငံအတွင်းရှိ လူမှုအကျိုးပြုလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်နေသောလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ကိုယ်ကျိုးစွန့်အနစ်နာခံမှု၊ လုပ်ငန်းများ ကျယ်ပြန့်ထိရောက် အောင်မြင်ပြီးစီးအောင် ဆောင်ရွက်နိုင်မှုနှင့် နိုင်ငံသားများနှင့် လူ့ဘောင်လောကအတွက် စံပြဖြစ်မှုများအပေါ်တွင် အခြေခံ၍ ပြည်ပရောက် မြန်မာမိသားစုများက ဂုဏ်ပြုချီးမြှင့်သည့် ပြည်သူ့ဂုဏ်ရည်ဆုကို ၂၀၁၀ ပြည့်နှစ်တွင် ပထမဆုံးအကြိမ်စတင် ချီးမြှင့်ခဲ့ကြောင်းသိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအား ပြည်သူ့ဂုဏ်ရည်ဆုချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြည်သူ့ဂုဏ်ရည်အသင်း ၂၀၁၅ - ၂၀၁၆ ခုနှစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ လော့အိန်ဂျလိဌာနခွဲမှ ဦးကျော်ဝဏ္ဏက "ပြိုလဲခဲ့တဲ့နိုင်ငံကြီးကို လမ်းကြောင်းမှန်ပေါ် ပြန်ရောက်ရေးအတွက် ထိရောက်မြန်ဆန်တဲ့ စီမံခန့်ခွဲမှု၊ မဆုတ်မနစ် ကြိုးစားအားထုတ်တဲ့လုံ့လဝီရိယတွေနဲ့ နမူနာကောင်းတွေပေးနေတဲ့အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို ဒီဆုနဲ့ ဂုဏ်ပြုတာပါ" ဟု ပြောသည်။

**လှူဒါန်းပေးနိုင်**

ပထမဆုံးပြည်သူ့ဂုဏ်ရည်ဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ ၇၀၀၀ ချီးမြှင့်ခဲ့ပြီး ဒုတိယအကြိမ်မှစတင်၍ အမေရိကန်ဒေါ်လာ ၁၀၀၀၀ အထိ တိုးမြှင့်ခဲ့ကြောင်း သိရသည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများ စုစည်းတည်ထောင်ထားသော ပြည်သူ့ဂုဏ်ရည်အသင်းမှ ၁၀ နှစ်တာကာလအတွင်း မြန်မာနိုင်ငံပြည်တွင်းရှိ ပညာရေး၊ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့သည့်အခါ လိုအပ်သော အကူအညီများအတွက် စုစုပေါင်းအမေရိကန် ဒေါ်လာ ခုနစ်သိန်းခွဲကျော်ကိုလည်း လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရေခဲပြင်စကိတ်ကစားကွင်းနှင့် Bowling ကစားကွင်းပါရှိသော Royal Sportainment Complex ဖွင့်

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရေခဲပြင်စကိတ်ကစားကွင်းပါရှိသည့် Royal Sportainment Complex ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ၉-မိုင်၊ တော်ဝင်လမ်းရှိ Vertical Wind Tunnel နှင့် ဆက်စပ်လျက် အဆိုပါ အဆောက်အအုံ ပရိဝုဏ်၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်ပုံ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် Htoo Group of Company မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေ၊ စီမံကိန်းများညွှန်ကြားရေးမှူး ဦးခင်မောင်စိုး၊ Htoo Group of Company မှ ဒုတိယဥက္ကဋ္ဌ ဦးသီဟနှင့် AGD Bank Managing Director ဦးထူးထက်တေဇတို့က Royal Sportainment Complex အဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်ပုံက အဆောက်အအုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး တိုင်းမှူးဗိုလ်ချုပ်သက်ပုံနှင့် တာဝန်ရှိသူများက Royal Sportainment Complex အဆောက်အအုံအတွင်းရှိ ရေခဲပြင်စကိတ် ကစားကွင်းအားလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန်ဦးမောင်မောင်စိုးက Bowling ကစားကွင်းအားလည်းကောင်း စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။



Royal Sportainment Complex ဖွင့်ပွဲတွင် ရေခဲပြင်စကိတ်စီးနင်းမှု သရုပ်ပြစဉ်။

ယနေ့ ဖွင့်လှစ်ပေးခဲ့သည့် Royal Sportainment Complex အဆောက်အအုံကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ၌ စတင်ဆောက်လုပ်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးနှင့် အားကစားကဏ္ဍတွင် မျိုးဆက်သစ်လူငယ်များနှင့် မိသားစုအလိုက် ပျော်ရွှင်စွာကစားနိုင်ရန်နှင့် အပျော်တမ်းလေ့ကျင့်နိုင်ရန် ရည်ရွယ်၍ နိုင်ငံတကာစံချိန်မီ ရေခဲပြင်စကိတ်ကွင်းနှင့် Bowling ကစားကွင်းများကို ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံ၏ မြေညီထပ်ရှိ ရေခဲပြင်စကိတ်ကစားကွင်းမှာ ၆၇၅ စတုရန်းမီတာကျယ်ဝန်း၍ ၈၈ မီလီမီတာထုရှိသော ရေခဲပြင်မျက်နှာပြင်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ပထမထပ်ရှိ Bowling ကစားကွင်းတွင် Bowling လိုင်း ၁၁ လိုင်းပါရှိသော Bowling ကစားကွင်း ပါရှိကာ မြေညီထပ်နှင့် ပထမထပ်တို့တွင် လူဦးရေ ၄၀၀ ဆံ့ ပွဲကြည့်စင်များ ပါရှိသည်။

အဆိုပါ Royal Sportainment Complex အား နေ့စဉ် နံနက် ၁၀ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် မည်သူမဆို လွတ်လပ်စွာလာရောက် ကစားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ရေပေါ်ဘောလုံးပစ်ကစားနည်း ယှဉ်ပြိုင်ကစားနေစဉ်။

# ရန်ကုန်မြို့၌ ပထမအကြိမ် ရေပေါ်ကစားနည်းပြိုင်ပွဲ ကျင်းပ

**ရန်ကုန် မေ ၂၈**

ရန်ကုန်မြို့၌ ပထမအကြိမ် ရေပေါ်ကစားနည်းပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက သာကေတမြို့နယ် ရှုခင်းသာ Yangon Waterboom ၌ ကျင်းပသည်။

"ကျွန်မတို့ မြန်မာလူငယ်တွေ ရေပေါ်ကစားနည်း ကစားဖူးစေချင်တယ်။ ပြိုင်ပွဲက လွယ်ကူတဲ့ကစားနည်းပါ။ နိုင်ငံတကာမှာ ဒီထက်ခက်ခဲတဲ့ ကစားနည်းပြိုင်ကြတာပါ။ ပြိုင်မယ်ဆိုရင် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း ကျန်းမာကြံ့ခိုင်တယ်လို့ ယုံကြည်မှုရှိသူတွေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်။ ပြိုင်ပွဲက အန္တရာယ်မများတဲ့ ကစားနည်းပါ။ ရေမကူးတတ်တဲ့သူတွေ ပါဝင်ဆင်နွှဲနိုင်ပါတယ်။ နောက်နှစ်တွေမှာ ဒီထက်ခက်ခဲတဲ့ ကစားနည်းတွေ ကျင်းပသွားမှာဖြစ်ပါတယ်" ဟု Vitacap မှထုတ်ကုန်မန်နေဂျာ ဒေါက်တာဇွန်လဲ့မောင်ကပြောသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဦးရေ ၁၀၀ တို့က လေးသင်းခွဲကာ တစ်သင်း ၂၅ ဦးဖြင့် ရေပေါ်ဘောလုံးပစ်၊ ရေပေါ်လမ်းလျှောက်၊ ရေပေါ်တောင်တက်၊ ရေပေါ်အခက်အခဲကျော်ဖြတ်ကစားနည်းများ ယှဉ်ပြိုင်ကြပြီး ပထမရရှိသည့် အသင်းအား ဆုငွေကျပ် ၁၀ သိန်း ချီးမြှင့်ခဲ့သည်။ ယင်းရေပေါ်ကစားနည်းပြိုင်ပွဲကို ၂၀၁၈ ခုနှစ်က မန္တလေးမြို့၌ ကျင်းပခဲ့ရာ လာရောက်ကြည့်ရှုသူ ၇၀၀ ကျော်ကြောင်း သိရသည်။ **ဗလစိုး**

# မရမ်းကုန်းမြို့နယ်ရှိ ကလေးငယ်၏ အနာ ခွဲစိတ်ကုသရန် ထောက်ပံ့ငွေ ပေးအပ်

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မြန်မာ့ကြယ်ဖြူ လူမှုကူညီကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့ ဦးဆောင်မှုဖြင့် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် အောင်မင်္ဂလာလမ်း (အောင်ချမ်းသာ ဓမ္မာရုံ) အနီးနေ ချို့တဲ့မိသားစုမှ အသက်(၁၀)နှစ် အရွယ်သမီးငယ်လေးမှာဦးခေါင်းယာဘက်နား နောက် အနာဖူးရောင် ပြည်တည်ကိုက်ခဲနေသော ဝေဒနာခံစားနေရသည့်အတွက် မေ ၂၅ ရက်က တစ်နေ့တည်းဆေးရုံ လေးရုံ ဆင့်ကဲဆင့်ကဲ ပို့ဆောင်ပေးခဲ့ပြီး၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများက စုပေါင်းစုဆောင်းရရှိငွေကျပ် နှစ်သိန်း တစ်သောင်းအား မေ ၂၇ ရက် မွန်းလွဲပိုင်းက ခွဲစိတ်ကုသမှု အထွေထွေအသုံးစရိတ်အတွက် ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့မှာ အခြေစိုက်ပြီး ဆောင်ရွက်နေကြသည့် မြန်မာ့ကြယ်ဖြူ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့၊ အားမာန်လူငယ်ပရဟိတအသင်း၊ မိုးစေတနာ ပရဟိတအသင်း၊ စံပြလူမှုကူညီရေး ပရဟိတအသင်း၊ အန္နိုင်းမဲ့မေတ္တာ လူငယ်ပရဟိတအသင်း၊ ကိုအောင်ချမ်းသာ ဥတ္တရလုလင် သွေးအလှူရှင်များအသင်း၊ စေတနာရှင် မောင်ကောင်းဆက်ဟိန်းတို့က စုပေါင်း၍ မွန်မြတ်သောစေတနာဖြင့် မေ ၂၇ ရက် က တက်ရောက်ခွဲစိတ်ကုသခံယူနေသော အဆိုပါ ကလေးအား လှူဒါန်းခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာ

**နေပြည်တော် မေ ၂၈** -

လွန်ခဲ့သော (၂၄)နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **မိုး/ဇလ**

# ရန်ကုန်မြို့၌ ၂၀၂၀ အာရှ ယူ-၁၉ နှင့် ယူ-၁၆ အမျိုးသားခြေစစ်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၈**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၀ အာရှ ယူ-၁၉ ပြိုင်ပွဲနှင့် အာရှ ယူ-၁၆ အမျိုးသားခြေစစ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။



ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် မြန်မာ ယူ-၁၈ အသင်း။ ဓာတ်ပုံ-စိုးညွန့်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ကျင်းပနေသည့် အာရှအဆင့်ခြေစစ်ပွဲများကို အိမ်ရှင်အဖြစ် ဆက်တိုက်ကျင်းပလျက်ရှိပြီး အမျိုးသမီးခြေစစ်ပွဲများပြီးနောက် အမျိုးသားလူငယ်ပြိုင်ပွဲများကို ထပ်မံကျင်းပခြင်းဖြစ်သည်။ အာရှ ယူ-၁၆ ခြေစစ်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ ၂၂ ရက်၊ အာရှ ယူ-၁၉ ခြေစစ်ပွဲကို နိုဝင်ဘာ ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သော အုပ်စုပွဲများကိုသာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခြင်းဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲကျင်းပမည့်ပုံစံနှင့် အုပ်စုမခွဲပွဲကျင်းပမည့်ရက်တို့ကို ထပ်မံကြေညာမည်ဖြစ်သည်။ မြန်မာလူငယ်အသင်းများသည် ယင်းခြေစစ်ပွဲအပါအဝင် ခြေစစ်ပွဲမတိုင်မီ ယှဉ်ပြိုင်ရမည့် အာဆီယံပြိုင်ပွဲအတွက် ပြင်ဆင်လျက်ရှိသည်။ မြန်မာ ယူ-၁၈ အသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်နေပြီး ဇန်နဝါရီလလယ်တွင် စတင်တာဝန်ယူခဲ့ခြင်းဖြစ်သည်။

၎င်းလက်ထက်တွင် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲနှင့် ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည်။ မြန်မာယူ-၁၈ အသင်းသည် MFF Youth အသင်းအမည်ဖြင့် ပြည်တွင်း MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေပြီး မေလတွင် ကစားသမားများ အပြောင်းအလဲအချို့ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းကိုမူ ဂျပန်နိုင်ငံသား တာကူမူက ကိုင်တွယ်နေပြီး ဟောင်ကောင်ခြေစမ်းခရီးစဉ်အပြီးတွင် လေ့ကျင့်မှုရပ်နားထားကာ မေလဒုတိယပတ်တွင် ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဩဂုတ်လတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲ၊ မြန်မာ ယူ-၁၅ အသင်းသည် ဇူလိုင်လနောက်ဆုံးပတ်တွင် စတင် ကျင်းပမည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာရှအဆင့် လူငယ်ဘောလုံးပြိုင်ပွဲ၏ ခြေစစ်ပွဲများကို အခါအားလျော်စွာ လက်ခံကျင်းပခဲ့ပြီး ၂၀၁၆ အာရှ ယူ-၁၉ ခြေစစ်ပွဲနှင့် ၂၀၁၈ အာရှ ယူ-၁၆ ခြေစစ်ပွဲတို့ကို အိမ်ရှင်အဖြစ် နောက်ဆုံးလက်ခံကျင်းပခဲ့သည်။ ထို့ပြင် ၂၀၁၄ ခုနှစ်က အာရှ ယူ-၁၉ ပြိုင်ပွဲ နောက်ဆုံးအဆင့်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး မြန်မာအသင်းသည် ဆီမီးဖိုင်နယ်သို့ ရောက်ရှိကာ ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

**ညီမြတ်သော်တာ**

# အမြင့်ဆုံးအပူချိန်စံချိန်သစ်များ

| စဉ် | စံချိန်သစ်တိုင်းတာရရှိသည့် ရက်စွဲ | စခန်းအမည် | အမြင့်ဆုံးအပူချိန်စံချိန်သစ် | | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီစင်တီဂရိတ် | ဒီဂရီဖာရင်ဟိုက် | ဒီဂရီစင်တီဂရိတ် | ဒီဂရီဖာရင်ဟိုက် | | |
| ၁။ | ၂၇-၄-၂၀၁၉ | ရန်ကုန်(ကမ္ဘာအေး) | ၄၂.၂ | ၁၀၈.၀ | ၄၂.၀ | ၁၀၇.၆ | ၂၆-၄-၂၀၁၉ | ၅၁ |
| ၂။ | ၂၇-၄-၂၀၁၉ | ဖျာပုံ | ၄၀.၅ | ၁၀၄.၉ | ၄၀.၀ | ၁၀၄.၀ | ၂၅-၄-၂၀၁၉ | ၁၈ |

# မန္တလေးမြို့၌ (၃၅)ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပ

**မန္တလေး မေ ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူး၍ လစဉ်နောက်ဆုံးပတ်တွင် ကျင်းပလျက်ရှိသည့် (၃၅) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့ နံနက်က မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့စုရပ်နေရာ၌ ကျင်းပသည်။

အဆိုပါစက်ဘီးစီးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဦးဆောင်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့မှ စက်ဘီးစီးကလပ်အသင်းများမှ စက်ဘီးအားကစားသမားများ၊ အားကာသိပ္ပံမှ စက်ဘီးစီးသမား ကျောင်းသားကျောင်းသူများ၊ စက်ဘီးစီးအားကစားဝါသနာ ရှင်များ စုပေါင်း စက်ဘီးစီးနင်းပါဝင်ဆင်နွှဲခဲ့ကြသည်။

စုပေါင်းစက်ဘီးစီးနင်းပွဲတွင် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ စက်ဘီးအားကစားသမား ဝါသနာရှင်များသည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်း လမ်း ၈၀ သို့ ထိုမှ ၁၂ လမ်းသို့ ထိုမှ မန္တလေးတောင်ကိုပတ်၍ ၆၆ လမ်းအတိုင်း ၂၆ လမ်းမ ကျုံးတောင်ဘက်တာလွှတ် စုရပ်နေရာအထိ ကျုံးတစ်ပတ် စက်ဘီးစီးနင်းကြပြီး ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲ ပန်းဝင်ရောက်ရှိလာကြကာ ကိုယ်လက်လှုပ်ရှားကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ကြပြီး ဆင်နွှဲပါဝင်ကြသည့် စက်ဘီးစီးအားကစားမောင်မယ် ဝါသနာရှင်ပြည်သူများအား စေတနာရှင်များက အားဖြည့်အချိုရည်ဘူးများ ပေးဝေခဲ့ကြသည်။

အဆိုပါ စက်ဘီးစီးနင်းပွဲကို လစဉ်လ၏ နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ မည်သူမဆို အကန့်အသတ်မရှိ မည်သည့်စက်ဘီးနှင့်မဆို ပါဝင်စီးနင်းဆင်နွှဲနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် အကြိမ်(၃၀)မြောက် ဆီးဂိမ်းလူရွေးပွဲဆုချီးမြှင့်

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလားနှင့် အကြိမ်(၃၀)မြောက် ဆီးဂိမ်းလူရွေးပွဲကို မေ ၂၇ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ အားကစားရုံ၌ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်း အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)(မန္တလေး)အသင်း Hero Club အသင်း၊ ကာကွယ်ရေးအသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်း ကရင်၊ ကယား ပြည်နယ်အသင်းမှ နပန်းအားကစားသမား အမျိုးသား အမျိုးသမီး ၃၉ ဦးတို့က ကီလိုတန်းလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပထမ၊ ဒုတိယ၊ တတိယ၊ အမျိုးသား အမျိုးသမီးအကောင်းဆုံးဆုရှိသူများအား ဒိုင်များနှင့် အမှုဆောင်များက ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ရွှေပေါင်းခု၊ ငွေနှစ်ခု၊ ကြေးသုံးခုဖြင့် တံခွန်စိုက်ဖလားရရှိသွားသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲထွန်းက ဆုဖလားချီးမြှင့်ခဲ့ကြသည်။



အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲဝင်ရန် ပဏာမရွေးချယ်ထားသော အားကစားသမားများအား တွေ့ရစဉ်။ ဓာတ်ပုံ-အာကာစိုး

"ဒီပြိုင်ပွဲက ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမကစားသမား ရွေးချယ်တဲ့ပြိုင်ပွဲဖြစ်ပါတယ်။ နပန်းကစားနည်းပါတယ်လို့ပြောတာ နှစ်လပဲရှိတယ်။ ပြိုင်ပွဲကို ချက်ချင်းလုပ်ရတယ်။ ဒီပြိုင်ပွဲက ပဏာမသုံးယောက်ရွေးမယ်။ ရွေးပြီးရင် ရှေ့လမှာ ရုရှားနည်းပြနဲ့ စခန်းသွင်းလေ့ကျင့်မယ်။ တတိယအဆင့်ထပ်ရွေးပြီးရင် ဆီးဂိမ်းမှာ တစ်တန်းတစ်ယောက်နဲ့ ဝင်ပြိုင်ဖို့ စီစဉ်ထားပါတယ်"ဟု မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက ပြောသည်။

မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်သည် ၂၀၁၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ယင်းနှစ် (၂၆)ကြိမ်မြောက် ဆီးဂိမ်းတွင် ကြေးလေးခုရရှိခဲ့သည်။ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာအိမ်ရှင်ဆီးဂိမ်း၌ ရွှေသုံးခု၊ ငွေသုံးခု၊ ကြေးခြောက်ခုရရှိပြီး (၂၈)၊ (၂၉)ကြိမ်မြောက် ဆီးဂိမ်းတွင် နပန်းအားကစားနည်း ထည့်သွင်းကျင်းပခဲ့ခြင်းမရှိခဲ့၍ အကြိမ်(၃၀)မြောက် ဆီးဂိမ်းတွင် ဖိလစ်ပိုင်နိုင်ငံက နပန်းအားကစားနည်း ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အေးကေလင်း**

# ရောဝတီနှင့် ရှမ်းယူနိုက်တက် အပြန်အလှန်သွင်းဂိုးများဖြင့် သရေကျ

**ရန်ကုန် မေ ၂၈**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရတနာပုံအသင်းနှင့် ရန်ကုန်အသင်း နိုင်ပွဲဆက်ခဲ့ပြီး ရှမ်းနှင့်ရောဝတီအသင်း သရေကျခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသောပွဲတွင် ရောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ ရောဝတီအသင်းသည် ယခုပွဲတွင် ဦးဆောင်ဂိုးနှစ်ကြိမ်တိုင်ရခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်၍ သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲထပ်မံပျောက်ဆုံးခဲ့သော်လည်း ယခုရာသီရှုံးပွဲမရှိ မှတ်တမ်းကောင်းကို ဆက်ထိန်းနိုင်ခဲ့သည်။

မော်လမြိုင်ကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းက Southern အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် အဝေးကွင်း၌ အဖိုးတန်နိုင်ပွဲရယူကာ ထိပ်ဆုံးနေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ဒဂုံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ဆယ်လာတစ်ဦးတည်းက ၅၅၊ ၈၈ မိနစ်တွင် သွင်းယူခဲ့သည်။

ပွဲစဉ်(၉)အပြီးတွင် ရတနာပုံအသင်းက ၂၀ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၁၉ မှတ်၊ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းက ၁၇ မှတ်စီ၊ ရောဝတီအသင်းက ၁၆ မှတ်၊ စစ်ကိုင်းအသင်းက ၁၅ မှတ်၊ ရခိုင်အသင်းက ၁၂ မှတ်၊ ဇွဲကပင်အသင်းက ကိုးမှတ်၊ မကွေးနှင့် Southern အသင်းက ခုနစ်မှတ်စီ၊ ဒဂုံအသင်းက ခြောက်မှတ်၊ Chinland အသင်းက နှစ်မှတ်ရထားသည်။

**ရဲရင့်ရှိုင်း**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဘာစီလိုနာ လာလီဂါဖလား ဆွတ်ခူး**

မေ ၂၈ ရက် နံနက်ပိုင်းက စပိန်လာလီဂါပွဲစဉ် ၃၅ အဖြစ် ဘာစီလိုနာနှင့် လီဗန်တေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက ပွဲချိန် ၆၂ မိနစ်တွင် မက်ဆီ၏ သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ၎င်းတို့၏ ၂၆ ကြိမ်မြောက် လာလီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ထိုပွဲတွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော မက်ဆီ၏ သွင်းဂိုးသည် ဘာစီလိုနာအသင်း၌ ၎င်း၏ ၅၉၈ ဂိုးမြောက်ကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

**မန်စီးတီးအမှတ်ပေးဇယား ပြန်လည်ဦးဆောင်**

မေ ၂၈ ရက်ညပိုင်းက ပရီမီယာလိဂ်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ လက်စတာစီးတီးက အာဆင်နယ်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ အခြားသောပွဲစဉ်တွင် မန်စီးတီးက ဘန်လေအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အတွက် အမှတ်ပေးဇယားအား ပြန်လည်ဦးဆောင်နိုင်ခဲ့ပြီး ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်

**ပြင်သစ်ဖလား ရင်းနက်စ်ဆွတ်ခူး**

မေ ၂၈ ရက်က ပြင်သစ်ဖလားဗိုလ်လုပွဲစဉ်အဖြစ် ရင်းနက်စ်နှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ရင်းနက်စ်အသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့် ၁၉၇၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြင်သစ်ဖလားအား ဆွတ်ခူးနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**အောင်ဇော်**

*ကျောဖုံးမှ*

ကစားသော်လည်း မြန်မာအသင်း၏ အကောင်းဆုံးတုံ့ပြန်မှုကြောင့် ဂိုးရရန် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။ မြန်မာအသင်း ခံစစ်ကစားပုံ ကောင်းမွန်မှုကြောင့် ဂိုးမရ ဖြစ်နေသည့် ဩစတြေးလျသည် ပထမပိုင်းပြီးခါနီးမှ ပရင့်ဆက်စ်အာဘီနီက ဂိုးသွင်းခဲ့သည်။

ဒုတိယပိုင်းအစတွင် ဩစတြေးလျအသင်း ဂိုးထပ်ရခဲ့ပြီး မေရီဖောင်လာက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နှစ်ဂိုးပေးလိုက်ရသော်လည်း ကစားအားမကျဘဲ ဂိုးပြန်ရရန် ကြိုးပမ်းခဲ့ရာ ၆၇ မိနစ်တွင် မြတ်နိုးခင်က ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ ထို့ကြောင့် လက်ကျန်မိနစ်များမှာ ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ၈၄ မိနစ်တွင် ချယ်လ်ဆီးက တတိယဂိုးသွင်းယူခဲ့သည်။

ပထမပွဲတွင် ဥဇဘက်ကစ္စတန်အသင်းက နီပေါအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ဥဇဘက်ကစ္စတန်အသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာသွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်းမှသာ ဂိုးများ ဆက်တိုက်ရခဲ့ခြင်းဖြစ်သည်။ နီပေါအသင်းသည် အခွင့်အရေးများကို အသုံးချနိုင်ပါက ပွဲအဖြေတစ်မျိုးဖြစ်သွားနိုင်ပြီး ဥဇဘက်ကစ္စတန်အသင်း ကံကောင်းခဲ့ရသည်။ ဥဇဘက်ကစ္စတန်အသင်းအတွက် အနိုင်ဂိုးများကို ၂၀၊ ၆၆ မိနစ်တွင် ရှန်နီဇာ၊ ၇၃ မိနစ်တွင် ရာရှီဒိုဗာ၊ ၇၇ မိနစ်တွင် ခါဟိုဂျီဗာတို့က သွင်းယူခဲ့သည်။ အုပ်စု (က) တွင် နှစ်ပွဲစီကစားအပြီး၌ ဩစတြေးလျအသင်းက ခြောက်မှတ်၊ မြန်မာနှင့် ဥဇဘက်ကစ္စတန်အသင်းက သုံးမှတ်စီရထားကာ နီပေါအသင်းက အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**

# မြိတ်၊ ပုသိမ်ကြီး၊ တောင်ကြီးနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၈**

မူးယစ်တပ်ဖွဲ့စု(၃၅) မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၇ ရက် ည ၉ နာရီခွဲက မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု မွေးမြူရေးဇုန်ရှိ မဟေမာစိုး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၅၀၃ ပြား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၅ နာရီ ၁၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင် စစ်ဆေးရေးစခန်းတွင် အောင်ခိုင်ဝင့် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ဧပြီ ၂၆ ရက် ညနေ ၅ နာရီခွဲက တောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ကံကြီးရပ်ကွက် နယ်မြေ(၃) တောင်ပတ်လမ်းရှိ အောင်မျိုးထွန်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ နိုင်ဆေး၊ ဖြိုးဖြိုး၊ စိုင်းတင်မောင်၊ ချစ်ကိုကို၊ နေသူလှိုင်မင်း၊ ကျော်ဇော်ဗိုလ်၊ ဇန်းလီ၊ စိုင်းလင်းထွေးတို့အားတွေ့ရှိပြီး အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေး ၁၇၉၄ ပြား၊ အိုက်စ် ၁၇၀ ဂရမ်၊ ငွေကျပ် ၁၀ သိန်း၊ လေသေနတ်လေးလက်၊ ဘောစေ့အလုံး ၂၅၀နှင့် ဓားရှည် ငါးလက်တို့ကို လည်းကောင်း။

အလားတူ ဧပြီ ၂၇ ရက် ည ၉ နာရီက မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအနီး တောင်ကြီး-ကျိုင်းတုံကားလမ်း၌ ရာသေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



နေသူလှိုင်မင်း၊ ဇန်းလီ၊ စိုင်းလင်းထွေး၊ အောင်မျိုးထွန်း(ခ)မျိုးကြီး၊ ချစ်ကိုကို၊ ကျော်ဇော်ဗိုလ်၊ စိုင်းတင်မောင်၊ ဖြိုးဖြိုး၊ နိုင်ဆေးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လေသေနတ်များနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၉ . ၄ . ၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန" "မန္တလေးတိုင်းဒေသကြီး"
- ၉း၃၀ - BBC Click
- ၁၁း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၅း၃၅ - NHKအစီအစဉ် "ပျော်ရွှင်စရာဂျပန်စာ"

**ညပိုင်း**

- ၁၆း၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
- \- ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၁၇း၃၅ - Yes or No Talk Show
- ၁၈း၂၅ - ဥပဒေရေးရာအဖြာဖြာ "အသက်ကိုရန်ရှာသော်"
- ၁၉း၃၀ - "စေညွှန်ရာ" နေဒွေး၊ ချစ်စနိုးဦး၊ မေဘရဏီသော်၊ ဖူးပွင့်သခင် ဒါရိုက်တာ- ကျော်နှင်းဆီ
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "နိုင်ငံခြားရေးဝန်ကြီးဌာန" "အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန" "စစ်ကိုင်းတိုင်းဒေသကြီး"
- \- နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း- ၂၈)

# တောင်ကြီးမြို့၌ လေးလောင်းပြိုင်လူသတ်မှုဖြစ်ပွား

**တောင်ကြီး ဧပြီ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ကံသာရပ်ကွက် မင်္ဂလာလမ်း အမှတ်(မ/၁၁၈)ရှိ (မြင်းဖြူနှစ်ကောင်တိုင်းရင်းဆေးတိုက်) ဒေါ်နန်းခမ်းရွှေ နေအိမ်တွင်ဧပြီ ၂၈ရက်က လေးလောင်းပြိုင် လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**လေးလောင်းပြိုင် သေဆုံး**

ဖြစ်စဉ်မှာ အဆိုပါနေအိမ်သို့ အလုပ်လာရောက် လုပ်ကိုင်ရန်အတွက် မုံတဝလမ်း ကျောင်းကြီးစု ရပ်ကွက်နေ မနန်းပြည့်ပြည့်(၁၉ နှစ်) ရောက်ရှိလာစဉ် နေအိမ်အောက်ထပ်၌ အမျိုးသားတစ်ဦး သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ပတ်ဝန်းကျင်နေအိမ်သို့ အကူအညီတောင်းခံပြီး သက်ဆိုင်ရာသို့ အကြောင်းကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်း၊ တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်ဦး၊ တောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်နိုင်၊ မှုခင်းတပ်ဖွဲ့(တောင်ကြီး)မှ ဒုရဲမှူး အောင်ကျော်မြင့်၊ တောင်ကြီးမြို့မရဲစခန်းမှူး ဒုရဲမှူး အောင်နိုင်ဝင်းနှင့် တာဝန်ရှိသူများက အခင်းဖြစ်ရာသို့ စစ်ဆေးခဲ့ရာ လေးလောင်းပြိုင် သေဆုံးနေကြောင်းကို တွေ့ရှိရသည်။

အဆိုပါ လေးလောင်းပြိုင် သေဆုံးမှုတွင် စိုင်းဆေမွန်း(၂၇နှစ်)မှာ ဒဏ်ရာများနှင့် နေအိမ်အောက်ထပ်၌ သေဆုံးနေပြီး၊ နန်းခမ်းလှိုင်(၂၃ နှစ်)နှင့် မောင်ဖဖ(ခုနစ်လ)တို့မှာ အိမ်အပေါ်ထပ်၌ သေဆုံးကြောင်း၊ ထို့အပြင် အိမ်အကူဖြစ်သူ မအေးမိုး(၁၇နှစ်)မှာလည်း သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

**ဖမ်းဆီးရရှိနိုင်ရေးဆောင်ရွက်**

အဆိုပါအလောင်းများအား အနာဂတ် နာရေးကူညီမှုအသင်းမှ နိဗ္ဗာန်ယာဉ်နှစ်စီးဖြင့် စဝ်စံထွန်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ကြီးမြို့မရဲစခန်းမှ ဒုရဲမှူးအောင်နိုင်ဝင်းက တရားလိုပြုလုပ်၍ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားရှိပြီး ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)တွင် ရထားနှင့်ယာဉ်တိုက်မှုဖြစ်ပွား

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် အမှတ် ၂လမ်း မိုင်တိုင်အမှတ်(၁၆/၇၈) ကြားရှိ ရထားသံလမ်းဂိတ်တွင် ဧပြီ ၂၇ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်ခန့်က ရထားနှင့်ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်လမြိုင်-ရန်ကုန် အစုန်ရထားသည် မိုင်တိုင်အမှတ်(၁၆/၇၈)ကြားရှိ ရထားသံလမ်းဂိတ်အရောက်တွင် ဒဂုံမြို့သစ် တောင်ပိုင်းနေ ယာဉ်မောင်း ဇေယျာဝင်း (၃၄ )နှစ် မောင်းနှင်လာသည့်ယာဉ်မှ လမ်းဖြတ်ကူးရာတွင် ရထားနှင့်ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ပြီး ရထားဦးခေါင်းပိုင်းပွန်းပဲ့ကာ ယာဉ်၏ ဦးခေါင်းပိုင်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ရထားခရီးစဉ်ပြေးဆွဲမှုများ ခေတ္တရပ်နားထားပြီး လမ်းပိတ်ဆို့မှုများ ရှင်းလင်းခြင်းကို ရထားအထွေထွေမန်နေဂျာ ဦးကျော်ကျော်မျိုး(သွားလာရေး)၊ ဦးစိုးမိုးအောင်(တိုင်းတာဝန်ခံ)တို့က ကြီးကြပ်ခဲ့ပြီး ည ၁၀ နာရီတွင် ပိတ်ဆို့မှုများကို ရှင်းလင်း ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# မကွေးမြို့၌ လူနေအိမ်နှင့်အတူ မော်တော်ယာဉ်တစ်စီး၊ ဝက်ကိုးကောင် မီးလောင်

**မကွေး ဧပြီ ၂၈**

မကွေးမြို့ မင်းကံကြီးရပ်ကွက် အောင်စေတနာ(ဘီ) (၁)လမ်းရှိ ဦးဇင်ကိုကို၏ High Club စားသောက်ဆိုင်ဝန်ထမ်းများနေအိမ်တွင် ယနေ့ ညနေ ၅ နာရီ ၂၅ မိနစ်ခန့်က မီးစတင်လောင်ရာ နေအိမ်နှင့်အတူ မော်တော်ယာဉ်တစ်စီး၊ ဝက်ကိုးကောင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဝင်းစိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်တို့၏ ကြီးကြပ်မှုဖြင့် ခရိုင်နှင့်မြို့နယ် မီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက မီးငြိမ်းသတ်ယာဉ် ရှစ်စီး၊ ရေသယ်ယာဉ်ကိုးစီး၊ အထောက်အကူပြုယာဉ် သုံးစီးတို့နှင့်အတူ မီးဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် မီးညွန့်ကျိုးခဲ့ပြီး ညနေ ၅ နာရီ ၅၅ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်တစ်လုံး၊ မီးစက်တစ်လုံး၊ အိမ်သုံးမီတာ နှစ်လုံး၊ ဝက်ကိုးကောင်၊ ၎င်းမီးလောင်သည့် နေအိမ်နှင့်ကပ်လျက်အိမ်ရှိ မော်တော်ယာဉ်တစ်စီးအပါအဝင် အနီးရှိအဆောင်တို့ မီးကူးစက်လောင်ခဲ့ခြင်းဖြစ်ပြီး လူများ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ မီးစတင်လောင်မှုဖြစ်စဉ်အား စုံစစ်ဆေးလျက်ရှိပြီး အမှုဖွင့်အရေးယူနိုင်ရေး သက်ဆိုင်ရာက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေဖြိုးလေး(ပြန်/ဆက်)**

# ပြွန်တန်ဆာမြို့၌ လျှပ်စစ်ရေနွေးအိုးတည်ရာမှမီးလောင်

**ညောင်လေးပင် ဧပြီ ၂၈** - ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ(၄)ရက်ကွက် ကျောင်းစု ၁ လမ်း၌ ယနေ့ မွန်းလွဲ ၁ နာရီခန့်က ဝါး၊ တောင်ထန်းအရောင်းဆိုင် မီးလောင်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ အဆိုပါလမ်းနေ ဒေါ်မာမာစိန်၏ ၁၂×၁၈ ပေ ပျဉ်ခင်း ထရံကာ တောင်ထန်းမိုး၊ ဝါး၊ တောင်ထန်းအရောင်းဆိုင်တွင် လျှပ်စစ်ရေနွေးအိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားပြီး ရေသယ်ယာဉ်သုံးစီး၊ မီးသတ်ယာဉ်သုံးစီးဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းထိုက်ဦးဆောင်၍ ပြွန်တန်ဆာမီးသတ်စခန်းမှ လက်ထောက်ဦးစီး ဦးရဲမင်းနိုင်၊ အရန်၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများမှ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးထိန်းနိုင်ခဲ့ပြီး ပတ်ဝန်းကျင်ရှိ လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းသိရသည်။

**နေလင်း(ညောင်လေးပင်)**

# ဇလွန်မြို့နယ်၌ ဂက်(စ်)မီးခြစ် အပူလွန်ပေါက်ကွဲရာမှ မီးလောင်

**ဇလွန် ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ငါးပြေမဂယက်ကျေးရွာတွင် ဧပြီ ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်က ဦးစိုးသူ၏နေအိမ် ဘုရားကျောင်းဆောင်ပေါ်မှ ဂက်(စ်)မီးခြစ် အပူလွန်ပေါက်ကွဲရာမှ မီးစတင်လောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းကျော်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်းပြီး မီးငြိမ်းသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် ငြိမ်းသတ်ရာ မွန်းလွဲ ၃ နာရီအခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဦးစိုးသူ၏ နေအိမ်တစ်လုံးနှင့် အခြားနေအိမ်သုံးလုံး စုစုပေါင်း နေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ဝက်ငါးကောင်နှင့် နွားတစ်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

# ဖခင်ဖြစ်သူက အရက်မူးသည့်သားကို ရိုက်နှက်ဆုံးမရာမှ သေဆုံးမှုဖြစ်ပွား

**ပေါင် ဧပြီ ၂၈**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ယနေ့ နံနက် ၇ နာရီခန့်က ဖခင်က အရက်မူးနေသောသားကို ရိုက်နှက်ဆုံးမရာမှ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း နယ်မြေခံစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ပေါင်မြို့နယ် ဥတ္တံတားအတွင်းရွာ၌ ဧပြီ ၂၈ ရက် နံနက် ၇ နာရီခန့်က အရက်မူးပြီး အိမ်သို့ပြန်လာသော သားဖြစ်သူမှာ ဆဲဆိုရမ်းကားနေသောကြောင့် ဖခင်ဖြစ်သူ ဦးပေါက်ကျော်က အရှည်နှစ်ပေခန့်ရှိ သံတူရွင်းကိုယူပြီး ရိုက်နှက်မိရာ သားဖြစ်သူ မောင်ငို(ခ)ဖိုးအော်တွင် နောက်စေ့၌ ဒဏ်ရာများရရှိပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# အလုံမြို့နယ်တွင် အမျိုးသမီးတစ်ဦးကို ဓားထောက်လုယက်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

**ရန်ကုန် ဧပြီ ၂၈**

အလုံမြို့နယ် စော/တောင်ရပ်ကွက် ငုဝါလမ်းရှိ နေအိမ်တိုက်ခန်းတွင် ဧပြီ ၂၂ ရက် နံနက် ၇ နာရီခွဲက တရားလို ဦး----သည် ရှိနေစဉ် အော်သံများကြား၍ တိုက်အောက်သို့ဆင်းကြည့်ခဲ့ရာ ဇနီးဖြစ်သူ ဒေါ်----မှာ လည်ပင်းတွင် ပြတ်ရှဒဏ်ရာဖြင့် လဲကျနေသည်ကို တွေ့ရှိသဖြင့် ဇနီးဖြစ်သူအား မေးမြန်းရာ အမည်မသိ အမျိုးသားတစ်ဦးက လည်ပင်းကို ဓားဖြင့်ထောက်၍ ရွှေဆွဲကြိုးအားလုယူစဉ် ရုန်းကန်ခဲ့သဖြင့် ဓားဒဏ်ရာ ရရှိခဲ့ကြောင်း၊ ရွှေဆွဲကြိုးမှာ အဆိုပါ အမျိုးသားထံသို့ ပါသွားကြောင်း သိရှိရ၍ ဇနီးဖြစ်သူကို ဒဏ်ရာရရှိအောင်ပြုလုပ်ကာ ရွှေဆွဲကြိုးကို လုယူသွားသူ အမည်မသိ အမျိုးသားကို အရေးယူပေးရန် တိုင်ကြားသောကြောင့် အလုံမြို့မရဲစခန်းက အမှုဖွင့် အရေးယူခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ၊ အလုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အခင်းဖြစ်ပတ်ဝန်းကျင်ကို စုံစမ်းစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နေ ဇေပိုင်ထွန်း(ခ)ဖိုးကဲ(ခ)ပိစိ(ခ)ဩဇာထွန်း ဖြစ်ကြောင်း သိရှိရသဖြင့် ဆက်စပ်စုံစမ်းရှာဖွေရာ ဧပြီ ၂၆ ရက် ညနေပိုင်းတွင် မရမ်းကုန်းမြို့နယ်အတွင်းရှိ တည်းခိုခန်းတစ်ခု၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ဇေပိုင်ထွန်း(ခ)ဖိုးကဲ(ခ)ပိစိ(ခ)ဩဇာထွန်းအား စစ်ဆေးဖော်ထုတ်ချက်အရ အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်း ခဲ့ပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

# ဂျပန်နှင့် ကုန်သွယ်ရေးသာတူညီမျှမှုရှိရန် သမ္မတထရမ့်မျှော်လင့်

**ဝါရှင်တန် မေ ၂၈**

ဂျပန်နှင့် ကုန်သွယ်ရာတွင် အမေရိကန်၏ ကုန်သွယ်ရေးဆိုင်ရာ လိုငွေပြမှုကို လျှော့ချနိုင်ရန် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး ကြိုးပမ်းလိမ့်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မျှော်လင့်လျက်ရှိကြောင်း သိရသည်။

မေ ၂၇ ရက်က ဝစ္စကွန်ဆင်၌ ပြုလုပ်သည့် လူထုစုဝေးမှုအတွင်း မိန့်ခွန်းပြောကြားခဲ့ရာတွင် ထရမ့်က ကုန်သွယ်ရေးဆိုင်ရာ လိုငွေပြမှုနှင့်ပတ်သက်သည့် ၎င်း၏ မျှော်လင့်ချက်ကို ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံသည် မော်တော်ကားများကို အခွန်အခနည်းပါးစွာဖြင့် တင်ပို့နေကြောင်း၊ သို့သော်လည်း အမေရိကန်က တင်ပို့လိုသည့် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များကို ဝယ်ယူခြင်းမရှိကြောင်း သမ္မတထရမ့်က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ဆယ်စုနှစ်များစွာကြာသည်အထိ ဂျပန်နှင့် အခြားနိုင်ငံများဆီသို့ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့် ဆုံးရှုံးနေခဲ့သည်ဟု ၎င်းကဆိုသည်။ သမ္မတထရမ့်က ဝန်ကြီးချုပ်မစ္စတာ အာဘေးသည် ၎င်း၏မိတ်ဆွေတစ်ဦးဖြစ်ကြောင်း၊ သို့သော်လည်း ဂျပန်နှင့် အမေရိကန်တို့သည် အမေရိကန်၏ ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ကျစေရန် တစ်ခုခုလုပ်ရလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် လွန်ခဲ့သောတစ်ရက်အကြာက အိမ်ဖြူတော်၌တွေ့ဆုံခဲ့ကာ နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးပွဲများကို အရှိန်မြှင့်လုပ်ဆောင်သွားရန်သဘောတူညီခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး(ဝဲ) နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

# ဗင်နီဇွဲလား၌ ပဋိပက္ခများပြင်းထန်လာချိန် အမေရိကန်က ရေနံပိတ်ဆို့မှု ပြုလုပ်

**ကာရာကတ် မေ ၂၈**

ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေးအသက်သွေးကြောဖြစ်သည့် ရေနံတင်ပို့မှုအပေါ် အမေရိကန်က ပိတ်ဆို့မှုပြစ်ဒဏ်ချမှတ်ထားရာ တနင်္ဂနွေနေ့တွင် အသက်ဝင်လာမည်ဖြစ်သည်။

လက်ဝဲစွန်းရောက်သမ္မတ နီကိုလပ်မာဒူရိုကို ဖြုတ်ချနိုင်ရေး အဓိကမျှော်လင့်ချက်ဖြစ်လာမည်ဖြစ်သည်။ ဝါရှင်တန်စံတော်ချိန် နံနက် ၁၂ နာရီမှစတင်ကာ ဗင်နီဇွဲလားနိုင်ငံပိုင် ရေနံကုမ္ပဏီဖြစ်သည့် Petroleos de Venezuela သို့မဟုတ် ယင်းကုမ္ပဏီနှင့် လုပ်ကိုင်သည့်မည်သူကိုမဆို ပိတ်ဆို့မှုပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။



ဗင်နီဇွဲလားသမ္မတ မာဒူရိုမိန့်ခွန်းပြောကြားနေသည်ကို တွေ့ရစဉ်။

ယခုတစ်ကြိမ်ပိတ်ဆို့မှုသည် ဗင်နီဇွဲလားသမ္မတ မာဒူရိုကို ဖြုတ်ချရန်နှင့် အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုကို သမ္မတအဖြစ် လက်ခံနိုင်ရေး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရ၏ ကြိုးပမ်းမှုတစ်ရပ်လည်းဖြစ်သည်။ မစ္စတာဂျူအန်ဂွိုက်ဒိုကို လက်တင်အမေရိကနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၀ ခန့်က နိုင်ငံခေါင်းဆောင်အဖြစ် အသိအမှတ်ပြုထားသည်။ ယင်းကဲ့သို့ ပဋိပက္ခများမဖြစ်ပွားမီက ဗင်နီဇွဲလား နိုင်ငံသည် တစ်နေ့လျှင် ရေနံစည်ပေါင်း ၅၀၀၀၀ ခန့် အမေရိကန်သို့ တင်ပို့ခဲ့သည်။

အမေရိကန်သည် ဗင်နီဇွဲလားနိုင်ငံ၏ အကြီးဆုံး ဖောက်သည်လည်းဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံမှ ရေနံဝယ်ယူသည့် ဒုတိယအများဆုံး နိုင်ငံလည်းဖြစ်သည်။ သို့သော် အိန္ဒိယကုမ္ပဏီများသည် အမေရိကန်၏ပိတ်ဆို့မှု ပြစ်ဒဏ်ခြိမ်းခြောက်မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။ သမ္မတ မာဒူရိုသည် လွန်ခဲ့သည့် နှစ်က အငြင်းပွားဖွယ်ကိစ္စများနှင့် ပြန်လည်ရွေးကောက်ခံရပြီး ပုံမှန်မဟုတ်သည့် ရွေးကောက်ပွဲလုပ်ရပ်များကြောင့် ပြင်းထန်စွာဝေဖန်ခံနေရသည်။ **အေအက်ဖ်ပီ**

# ကယ်လီဖိုးနီးယားပြည်နယ် ရဟူဒီဘုရားကျောင်းအတွင်း ဝင်ရောက်ပစ်ခတ်သူမှာ အသက် ၁၉ နှစ်ဟု သိရ

**လော့စ်အိန်ဂျလိစ် မေ ၂၈**

ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီရာဂိုရှိ ပိုဝေးမြို့တွင် ယနေ့နံနက်ပိုင်းက ရဟူဒီဘုရားရှိခိုးကျောင်းအတွင်း ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ကျူးလွန်သူမှာ အသက် ၁၉ နှစ်အရွယ် ဂျွန်အားနက်စ် ဟုသိရကြောင်း အာဏာပိုင်များက ပြောသည်။

အာဏာပိုင်များက အွန်လိုင်းပေါ်တွင် မစ္စတာအားနက်စ် ရေးသားခဲ့သော စာများကိုသတိထားမိပြီးနောက် သက်သေရှာဖွေခဲ့ကြကြောင်း၊ ထို့နောက်အချက်အလက်များကို မှန်မမှန်စစ်ဆေးခဲ့ကြကြောင်း ရဲအရာရှိတစ်ဦးဖြစ်သူ ဘေလ်ဂိုရီက ပြောသည်။ အားနက်စ်သည် အွန်လိုင်းပေါ်တွင် အမုန်းတရားများပြည့်နှက်နေသော စာများကို ရေးသားခဲ့သည်။ ရဲများရှာဖွေခွင့်ပုံစံဖြင့် သံသယရှိသူ၏ နေအိမ်နှင့်ကားတို့ကို ရှာဖွေခဲ့ပြီးနောက် အားနက်စ်မှာ ပြစ်မှုကျူးလွန်ခြင်း ရှိ မရှိ စစ်ဆေးခဲ့ကြသည်။ ရဟူဒီဘုရားရှိခိုးကျောင်းအတွင်း ပစ်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။ ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်က လူ ၁၀၀ ခန့်ရှိသော ဘုရားရှိခိုးကျောင်းအတွင်း ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ဒေသခံရဲများသည် အဆိုပါဖြစ်ရပ်ဖြစ်ပေါ်ပြီးနောက် တစ်ပတ်လုံးဘာသာရေးအဆောက်အအုံများတွင် ကင်းလှည့်မှုများ ဆောင်ရွက်ခဲ့ကြသည်။

**ဆင်ဟွာ**



ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် ဘုရားကျောင်းအနီးရပ်ထားသော ရဲကားများကို တွေ့ရစဉ်။

# အင်ဒိုနီးရှားအနောက်ပိုင်းတွင် ရေလွှမ်းမိုးမှု၊ မြေပြိုမှုများကြောင့် လူ ၁၂ ဦးသေဆုံးပြီး ရှစ်ဦးပျောက်ဆုံးနေ

**ဂျကာတာ မေ ၂၈**

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာနှင့် နိုင်ငံအနောက်ပိုင်းရှိ ဘန်ကူလူပြည်နယ်တို့တွင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူ ၁၂ ဦးသေဆုံးခဲ့ပြီး ရှစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။ လူတစ်သောင်းခွဲ နီးပါးတို့မှာ နေအိမ်များမှထွက်ခွာကာ ဘေးလွတ်ရာ အမိုးအကာများအောက်တွင် ခိုလှုံနေကြရသည်ဟု သဘာဝဘေးဆိုင်ရာ အာဏာပိုင်အဖွဲ့က မေ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

အဆက်မပြတ် မိုးရွာသွန်းမှုများဖြစ်ပွားခဲ့ပြီးနောက် မေ ၂၆ ရက်က ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူအရေအတွက် ၁၀ ဦးထက်မနည်းရှိခဲ့ပြီး ပျောက်ဆုံးနေသူအားလုံးမှာ ဘန်ကူလူပြည်နယ်မှဖြစ်ကြောင်း သဘာဝဘေးစီမံခန့်ခွဲရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ စူတိုပိုပါဝိုနူဂရိုဟိုက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ဂျကာတာ၌ လုပ်ငန်းများဆောင်ရွက်ရာ အချက်အချာနေရာများဆီသို့ ရေများ မရောက်ရှိခဲ့သည့်အတွက် ရေလွှမ်းမိုးမှုကြောင့် လုပ်ငန်းခွင်ဆောင်ရွက်မှုများကို ထိခိုက်ခဲ့ခြင်းမရှိခဲ့ကြောင်း စူတိုပိုပါဝိုနူဂရိုဟိုက ဆင်ဟွာသို့ ပြောကြားခဲ့သည်။ ပြီးခဲ့သည့် မေ ၂၆ ရက်မှ စတင်ကာ ဘန်ကူလူပြည်နယ်အတွင်းရှိ ခရိုင်အများအပြားတို့တွင် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။

မေ ၂၈ ရက်တွင်မူ ရေများ စတင်လျော့ကျလာသော်လည်း ပြည်နယ်အတွင်းရှိ လူနေရပ်ကွက်အချို့ ရေနစ်မြုပ်နေဆဲဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ရေလွှမ်းမိုးမှုကြောင့် ပြည်နယ်အတွင်းရှိ နေအိမ်ပေါင်း ၁၀၄ လုံး၊ ကျောင်း လေးကျောင်းနှင့် အခြေခံအဆောက်အအုံများစွာ၊ လမ်းများ၊ တံတားများနှင့် ရေသွယ်မြောင်းများ ပျက်စီးခဲ့သည်။ အရေးပေါ်ကယ်ဆယ်ရေး ဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်နေပြီး ထိခိုက်ဒဏ်ရာရသူ နှစ်ဦးမှာ စိုးရိမ်ရကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် မိုးများသည်းထန်စွာ ရွာသွန်းချိန်တွင် ရေကြီးမှုနှင့် မြေပြိုမှုများကို မကြာခဏ တွေ့ကြုံရသည်။ **ဆင်ဟွာ**



မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေတက်လာသည့်အခြေအနေကို တွေ့ရစဉ်။

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒုက္ခသည်များ ဝင်ရောက်ခြင်းကို ဩစတြေးလျကန့်သတ်သွားမည်

**ကင်ဘာရာ မေ ၂၈**

ဩစတြေးလျ ဝန်ကြီးချုပ် စကောက် မော်ရစ်ဆင်သည် တိုင်းပြည်၌ ရွှေ့ပြောင်းနေထိုင်သူများ လက်ခံရေးအစီအစဉ်ကို အဓိကစစ်ဆေးပြုပြင်ရန် မေ ၂၈ ရက်တွင် အဆိုပြုခဲ့ကြောင်း သိရသည်။

တနင်္ဂနွေနေ့က ဆစ်ဒနီမြို့တွင်ပြုလုပ်သော ရွေးကောက်ပွဲ မဲဆွယ်ပွဲတွင် မိန့်ခွန်းပြောကြားရာ၌ ၎င်း၏လစ်ဘရယ်အမျိုးသားပါတီအနေဖြင့် တတိယအကြိမ်ပြန်လည်ရွေးကောက်ခံရပါက လူသားချင်းစာနာထောက်ထားမှုအရ ဝင်ရောက်လာသည့် ဒုက္ခသည်အရေအတွက်လက်ခံမှုကို ကန့်သတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မစ္စတာ မော်ရစ်ဆင်သည် မတ်လအတွင်းက ဩစတြေးလျ၌ အမြဲတမ်းနေထိုင်ခွင့်ရမည့် ဒုက္ခသည်အရေအတွက်ကို တစ်နှစ်လျှင် ၁၆၀၀၀၀ ခန့်သာ လက်ခံသွားတော့မည်ဖြစ်ကြောင်း၊ ယခင်က ၁၉၀၀၀၀ ခန့်လက်ခံခဲ့ရာမှ လျှော့ချသွားတော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဩစတြေးလျသမိုင်းတစ်လျှောက်တွင် ဒုတိယသက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင် ခဲ့သူ ဂျွန်ဟောင်းဝဂ်၏ ဘေးနားတွင်ရပ်ကာ ယခုလိုကြေညာမှုပြုခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျ၏ အကျိုးအမြတ်အပေါ်အခြေခံပြီး မည်သူကို လက်ခံသင့်သည်ကို ဆုံးဖြတ်သွားမည်ဟု ပြောကြားခဲ့သည်။ အတိုက်အခံ ဩစတြေးလျ လေဘာပါတီက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဗီဇာကို တိုးမြှင့်သွားမည်ဟု ကတိပြုထားသည်။ မစ္စတာ မော်ရစ်ဆင် အဆိုပြုထားသည့် အစီအစဉ်သည် ဩစတြေးလျ ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံ ကုန်ကျမည်ဟု အတိုက်အခံဘက်မှ ပြောသည်။

မော်ရစ်ဆင်က ၎င်း၏ လူဝင်မှု ကြီးကြပ်ရေးမူဝါဒအောက်တွင် ရွှေ့ပြောင်းနေထိုင်သူ မည်မျှကိုလက်ခံသင့်သည်ကို အတိအကျပြောရန် အတိုက်အခံပါတီအား စိန်ခေါ်ခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်က နှုတ်ဆိတ်နေချိန် ဆူဒန်အရေးပါဝင်လာကြတဲ့ ပင်လယ်ကွေ့နိုင်ငံများ

ချူးစန္ဒီမွေး

**ဆူဒန်နိုင်ငံနဲ့ အမေရိကန်ရဲ့ ဆက်ဆံရေးကိုကြည့်မယ်ဆိုရင် ပြေပြစ်ချောမွေ့နေတာကို တွေ့ရမှာမဟုတ်ပါဘူး။ အမေရိကန်ဟာ ဆူဒန်ကို ကမ္ဘာကြီးနဲ့အလှမ်းကွာဝေးနေအောင် ပုံဖော်ခဲ့ပါတယ်။ ဆူဒန်နိုင်ငံဟာ အကြမ်းဖက်သမားတွေကို ထောက်ပံ့ပေးနေတဲ့ နိုင်ငံအဖြစ် တံဆိပ်ကပ်ခဲ့ပါတယ်။ နောက်ပြီးတော့ ဆူဒန်နိုင်ငံအနောက်ပိုင်း ဒါဖာမြို့ဒေသမှာ ပေါ်ပေါက်ခဲ့တဲ့ စစ်ရာဇဝတ်မှုတွေအတွက် ပိတ်ဆို့မှုပြစ်ဒဏ် ချမှတ်ခဲ့ပါတယ်။**



ဆူဒန်နိုင်ငံရှိ လမ်းမထက်တွင် ကန့်ကွက်ဆန္ဒပြနေကြသူများကို တွေ့ရစဉ်။

### နှုတ်ဆိတ်နေ

အခုလက်ရှိ အခြေအနေမှာတော့ ဆူဒန်နိုင်ငံကို ကာလရှည်ကြာအုပ်စိုးခဲ့တဲ့ သမ္မတ အိုမာအယ် ဘတ်ရှီရာ တစ်ယောက် ရာထူးကနေ ဖြုတ်ချခံထားရပါတယ်။ လပေါင်းများစွာကြာအောင် လမ်းပေါ်မှာဆန္ဒပြမှုတွေပေါ်ပေါက်ပြီးတဲ့နောက်မှာတော့ ဆူဒန်ဗိုလ်ချုပ်ကြီးတွေဟာ သမ္မတ အိုမာကိုဖြုတ်ချခဲ့ကြပါတယ်။ ဆူဒန်နိုင်ငံမှာ ဒီလိုကိစ္စတွေပေါ်ပေါက်ခဲ့ပေမယ့် အမေရိကန်ကတော့ ထူးဆန်းစွာပဲနှုတ်ဆိတ်နေခဲ့ပါတယ်။ အင်အားကြီးတဲ့ ပင်လယ်ကွေ့နိုင်ငံတွေကတော့ ဘီလီယံနဲ့ချီတဲ့ ဒေါ်လာအကူအညီတွေနဲ့ ဆူဒန်ဗိုလ်ချုပ်ကြီးတွေ နောက်က ရပ်တည်ခဲ့ပါတယ်။ ဆူဒန်ဗိုလ်ချုပ်ကြီးတွေဟာ ဆန္ဒပြသူတွေတောင်းဆိုနေကြတဲ့ အရပ်သားအုပ်ချုပ်ရေးကိုကူးပြောင်းဖို့ တောင်းဆိုမှုကို လျစ်လျူရှုနေတယ်လို့ ပြောကြပါတယ်။ ဒါပေမယ့် ဆန္ဒပြပြည်သူများ တောင်းဆိုထားတဲ့အတိုင်း လိုက်လျောမှုတစ်ခုလည်း လုပ်ခဲ့ပါတယ်။ အဲဒါကတော့ အရပ်ဘက်နဲ့ စစ်ဘက်ပူးတွဲကောင်စီကို စစ်ဘက်ကောင်စီနေရာမှာ အစားထိုးသွားမယ်ဆိုတဲ့ သတင်းပါပဲ။

### ပထဝီနိုင်ငံရေးအပြောင်းအလဲ

အမေရိကန်အာဏာပိုင်တွေဘက်ကတော့ ကမ်းလှမ်းမှုအနည်းငယ်သာရှိပြီး ဆူဒန် ဒီမိုကရက်တစ်နိုင်ငံအတွက် ထောက်ပံ့ပေးမှုကတော့ အေးစက်နေပါတယ်။ အမေရိကန်သမ္မတ ထရမ့်ဟာ နိုင်ငံခြားရေးဌာနအတွက် အရာရှိတွေခန့်အပ်ဖို့ ပျက်ကွက်နေသလို နိုင်ငံရပ်ခြားကိစ္စတွေမှာ အမေရိကန်ရဲ့ ပါဝင်စွက်ဖက်မှုတွေကိုလည်း မလိုလားတဲ့ အရိပ်အယောင်တွေပြသနေပါတယ်။ အရင်တုန်းကပုံစံမျိုးနဲ့သာဆိုရင် အမေရိကန်ဟာ သမ္မတ အိုမာ ဖြုတ်ချခံရပြီးတာနဲ့ အဆင့်မြင့်အရာရှိကြီးတွေကို အစည်းအဝေးခေါ်ပြီး ဆူဒန်နိုင်ငံရဲ့ ဒီမိုကရေစီလမ်းပြ မြေပုံကိုရေးဆွဲမှာ သေချာပါတယ်လို့ အမေရိကန်သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်လက်ထက်က ဆူဒန် နိုင်ငံဆိုင်ရာ အမေရိကန် သံတမန်အဖြစ် အလုပ်လုပ်ခဲ့ဖူးသူ ပေတွန် နော့ဖ် ကပြောပါတယ်။ ဒါပေမယ့် အခုလက်ရှိအခြေအနေမှာတော့ အမေရိကန်ရဲ့တုံ့ပြန်မှုဟာ ဥရောပသမဂ္ဂနဲ့ အာဖရိကသမဂ္ဂတို့ရဲ့နောက်မှာ ကျန်ရစ်ခဲ့ပါတယ်။ ဒါဟာ စစ်အေးကာလ နောက်ပိုင်း အာဖရိကဦးချိုဒေသမှာ ပထဝီနိုင်ငံရေးအရ အပြောင်းအလဲဖြစ်လာတာကိုအထင်အရှား တွေ့ရမှာပါလို့ ၎င်းက ဆက်ပြောပါတယ်။

### ငွေကြေးအကူအညီပေးမယ်

အခုဆိုရင် ဆူဒန်မှာ လက်ဦးမှုရယူသွားတာကတော့ ဆော်ဒီအာရေဗျနဲ့ ယူအေအီးနိုင်ငံတို့ပါပဲ။ ဒီနှစ်နိုင်ငံဟာ လွန်ခဲ့တဲ့သီတင်းပတ်ကပဲ ဆူဒန်နိုင်ငံအတွက် အကူအညီဆိုပြီး အမေရိကန်ဒေါ်လာ သုံးဘီလီယံအကူအညီပေးမယ်လို့ ကတိပြုခဲ့ပါတယ်။ အဲဒီအကူအညီထဲမှာ ငွေသားချည်း ဒေါ်လာ သန်းငါးရာ၊ အစားအစာ၊ လောင်စာနဲ့ ဆေးဝါးတွေပါလှဲပြောင်းပေးမယ်လို့ ဆိုပါတယ်။ လက်နက်ကိုင်အုပ်စုတွေပါဝင်တဲ့ ဆူဒန်အတိုက်အခံအဖွဲ့ငါးဖွဲ့ဟာလည်း ယူအေအီးနိုင်ငံ အဘူဒါဘီမြို့ကို သွားရောက်ခဲ့ပါတယ်။ အကြောင်းရင်းကတော့ ဆူဒန်တပ်ဖွဲ့ဦးဆောင်တဲ့ အစိုးရအဖွဲ့နဲ့ ချိတ်ဆက်ဆွေးနွေးချင်လို့ပါ။ ဆူဒန်ဗိုလ်ချုပ်ကြီးတွေ ၁၅ ရက်အတွင်း အာဏာလွှဲပြောင်းရမယ်လို့ သတ်မှတ်ခဲ့ပေမယ့် သုံးလအထိ အချိန်တိုးချဲ့ခွင့်ရအောင် ပြီးခဲ့တဲ့အင်္ဂါနေ့မှာတော့ ဆော်ဒီနဲ့ ယူအေအီးတို့ရဲ့ မဟာမိတ်နိုင်ငံဖြစ်တဲ့ အီဂျစ်ဟာ အာဖရိကသမဂ္ဂမှာ သံတမန်ရေးရာအရ ထောက်ပံ့မှုတွေပေးခဲ့ပါတယ်။

### ကြောက်ရွံ့ကြ

ဆော်ဒီဦးဆောင်တဲ့ မူဝါဒတစ်ခုကတော့ တပ်ဘက်က ကျောထောက်နောက်ခံရှိတဲ့ နိုင်ငံရေးသမားတွေကို မျက်နှာသာပေးတာပါပဲ။ ဒါကြောင့်လည်း ဆူဒန်နိုင်ငံမှာ ဆော်ဒီဘက်ကပေးတဲ့အကူအညီတွေကို သံသယဝင်ကြပြီး သူတို့ရဲ့တော်လှန်မှုဟာ အချည်းအနှီးဖြစ်သွားမှာကိုလည်း ဆန္ဒပြသူတွေက ကြောက်ရွံ့ကြပါတယ်။ ဆော်ဒီနဲ့ယူအေအီးတို့ကနေ အကူအညီ အမေရိကန်ဒေါ်လာ ၃ ဘီလီယံရရှိမယ်လို့ ကြေညာပြီးချိန်ကစလို့ ဆန္ဒပြသူတွေဟာ ဆူဒန်တပ်ဖွဲ့ရုံးစိုက်ရာနေရာမှာ စုဝေးပြီး ဆော်ဒီရဲ့အကူအညီတွေ မလိုဘူးလို့ ကြွေးကြော်ခဲ့ကြပါတယ်။ ဆော်ဒီဦးဆောင်တဲ့အဖွဲ့ရဲ့ ကြားဝင်မှုတွေကြောင့် အပျက်အစီးအဆုံးအရှုံးတွေပိုပြီး ဖြစ်လာမှာကိုလည်း ကျွမ်းကျင်သူတွေက ကြောက်ရွံ့ကြပါတယ်။ ဒေသတွင်း အားပြိုင်မှုတွေကြား ဆူဒန်ကြားညပ်သွားမှာကိုလည်း စိုးရိမ်ကြပါတယ်။ ဆော်ဒီဘက်က ဆူဒန်နိုင်ငံရဲ့ ဗိုလ်ချုပ်ကြီးတွေဘက်ကနေ ထောက်ခံပေးနေချိန်မှာ ကာတာနဲ့တူရကီတို့ကတော့ တခြားဘက်ကနေ ရပ်တည်ခဲ့ပါတယ်။

### မတည်မငြိမ်ဖြစ်လာမှာစိုးရိမ်ရ

ဆူဒန်ပြည်သူတွေရဲ့ တော်လှန်မှုမှာ နိုင်ငံခြားက ဝင်ရောက် စွက်ဖက်မှုတွေရှိနေတာဟာ စိတ်ပျက်စရာကောင်းသလို နိုင်ငံမှာပိုပြီး မတည်မငြိမ်ဖြစ်လာမှာကိုလည်း စိုးရိမ်ရတယ်လို့ အမေရိကန်သမ္မတဟောင်း အိုဘားမားလက်ထက်က ဆူဒန်နိုင်ငံအတွက် အလုပ်လုပ်ကိုင်ဖူးသူ မစ္စတာ ဇက်ဗာတင်းက ပြောပါတယ်။ အရှေ့အလယ်ပိုင်းနိုင်ငံတွေကြား ပြိုင်ဆိုင်မှုတွေကြောင့် ဆူဒန်နိုင်ငံဟာ နောက်ထပ်စစ်မြေပြင်တစ်ခု ဖြစ်မလာနိုင်ဘူးဆိုတာ မပြောနိုင်ဘူးလို့ ၎င်းက ပြောပါတယ်။ ဆူဒန်တပ်ဖွဲ့ကို တိုက်ခိုက်နေတဲ့သူပုန်အဖွဲ့က ဒုတိယခေါင်းဆောင်ဖြစ်သူ ယာဆာအာမန်ကတော့ ယူအေအီးအာဏာပိုင်တွေနဲ့တွေ့ဆုံဆွေးနွေးဖို့ရာ မကြာသေးခင်ကပဲ အဘူဒါဘီမြို့ကို ခရီးထွက်သွားခဲ့ပါတယ်။ ဆူဒန်နိုင်ငံအရေးကိစ္စမှာအမေရိကန်ရဲ့ အခန်းကဏ္ဍကို မကျေနပ်ဘူး။ တကယ်ဆိုရင် အမေရိကန်ဟာ တော်လှန်ရေးလုပ်ခဲ့တဲ့ ဆူဒန်ပြည်သူတွေအတွက် ဒီထက်ပိုပြီး ရပ်တည်ပေးမှုတွေလုပ်သင့်တယ်ဆိုပြီး သူကပြောပါတယ်။

### အမေရိကန်၏အရေးပါပုံ

အမေရိကန်ဟာ ဆူဒန်နဲ့ပတ်သက်လာရင် အင်အားကြီးတဲ့ အရာတစ်ခုကို ဆုပ်ကိုင်ထားတုန်းပါပဲ။ ၂၀၁၇ ခုနှစ်မှာ ဆူဒန် အပေါ် ပိတ်ဆို့ထားမှုတွေကို အမေရိကန်က ဖယ်ရှားပေးခဲ့ပေမယ့် အနောက်အုပ်စုက လာရောက်ရင်းနှီးမြှုပ်နှံမယ့် အခွင့်အရေးတွေကို ကန့်သတ်ထားတုန်းပါပဲ။ ဒါကြောင့် ဆူဒန်နိုင်ငံဟာ အရေးပေါ်သက်သာချောင်ချိရေးအတွက် အကူအညီတွေ၊ အကြွေးတွေလျှော်ပစ်တာတွေ၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့အကူအညီတွေရဖို့ အတားအဆီးတွေရှိနေတုန်းပါပဲ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန် မိုက်ကယ် လာဂျိမ်းကတော့ အခုသီတင်းပတ်အတွင်းမှာ ခါတွန်မြို့ကို သွားရောက်ခဲ့ပြီးတော့ သူ့ရဲ့ခရီးစဉ်အတွင်း လုပ်ဆောင်ခဲ့တာကို အလေးပေးဖော်ပြတာမျိုးမရှိခဲ့ပါဘူး။ သူဟာ ဆူဒန်နိုင်ငံ ရဲ့ကြားဖြတ်အစိုးရခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး အဗ္ဗဒယ် ဖာတက် အယ်ဘာဟန်နဲ့ တွေ့ဆုံခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်ပြည်ထောင်စုဟာ အရပ်သားဦးဆောင်တဲ့ အစိုးရကို အမြန်ဆုံးမြင်ချင်တယ်လို့ သူ့ရဲ့ခရီးစဉ်အတွင်းမှာ ပြောကြားခဲ့ပါတယ်။

### ထောက်ခံမှုရရှိဖို့မျှော်လင့်ဆဲ

ဒါပေမယ့်လည်း ဆူဒန်အများစုကတော့ အမေရိကန်ဟာ လစ်ဗျားမှာတုန်းကလို အခြေအနေမျိုးဖန်တီးလိုက်မှာကို ကြောက်ရွံ့ကြပါတယ်။ လစ်ဗျားမှာဆိုရင် အစောပိုင်းကာလတုန်းက အမေရိကန်ဟာ ကုလသမဂ္ဂက ကျောထောက်နောက်ခံပြုထားတဲ့အစိုးရကို ထောက်ခံခဲ့ပေမယ့် အခုအခါမှာတော့ အမေရိကန်ရဲ့မဟာမိတ်တွေဖြစ်ကြတဲ့ ယူအေအီး၊ဆော်ဒီ၊ အီဂျစ်တို့ထောက်ခံကြတဲ့ ခါလီဖာ ဟစ်ဖတာကို ပြောင်းလဲထောက်ခံပေးခဲ့ပါတယ်။ ဒီလိုဖြစ်ရပ်မျိုးဖြစ်မှာကို ဆူဒန်အများစုက ကြောက်ရွံ့ကြပါတယ်။ အခုအချိန်မှာတော့ အဓိကမေးခွန်းက အရပ်သားခေါင်းဆောင်ပဲဖြစ်ဖြစ်၊ ဗိုလ်ချုပ်ကြီးပဲဖြစ်ဖြစ် ဘယ်သူက တိုင်းပြည်ကိုဦးဆောင်မှာလဲဆိုတာပါပဲ။ အရပ်သားတွေဘက်က ဆန္ဒပြခေါင်းဆောင်ကတော့ ဆော်ဒီနဲ့ယူအေအီးရဲ့ထောက်ခံမှုကိုရရှိဖို့ အခုထက်ထိ မျှော်လင့်နေတုန်းပါပဲ။

ကိုးကား-နယူးယောက်တိုင်းမ်

# နိုင်ငံတကာသတင်းတိုထွာ

## ဆီးရီးယားဒုက္ခသည်ပေါင်း ၁၆၇၀၀ ခန့် ဂျော်ဒန်နိုင်ငံမှ ထွက်ခွာ

ဒမတ်စကတ် မေ ၂၈

ဆီးရီးယားနိုင်ငံမှ ဒုက္ခသည်ပေါင်း ၁၆၇၀၀ ခန့်သည် ဂျော်ဒန်နိုင်ငံမှထွက်ခွာလာပြီး ဆီးရီးယားနိုင်ငံသို့ ပြန်သွားကြကြောင်း စစ်ပွဲ စောင့်ကြည့်ရေးအုပ်စုမှ မေ ၂၇ ရက်က ပြောကြားခဲ့သည်။ အဆိုပါဒုက္ခသည်များမှာ မိမိတို့သဘောဆန္ဒအလျောက် နေရပ်သို့ပြန်ကြခြင်းဖြစ်ကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအုပ်စုကပြောသည်။

နှစ်နိုင်ငံနယ်စပ်ရှိ နာဆစ်ဘ် ဖြတ်သန်းရေးဂိတ် ပြန်လည်ဖွင့်လှစ်ပြီးချိန်မှစ၍ ဆီးရီးယားဒုက္ခသည်များသည် လွန်ခဲ့သည့် အောက်တိုဘာလမှစကာ နေရပ်သို့ ပြန်ကြခြင်းဖြစ်သည်။ ဂျော်ဒန်နိုင်ငံ၏အစီရင်ခံစာအရ ဂျော်ဒန်နိုင်ငံတွင် နေထိုင်နေကြသော ဆီးရီးယားဒုက္ခသည် ၁ ဒသမ ၄ သန်းခန့်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံ၌ ဗုံးခွဲမှုတွင် သံသယရှိသူ ၁၀၀ ခန့်ကို ဖမ်းဆီးထား

ကိုလံဘို မေ ၂၈

သီရိလင်္ကာနိုင်ငံ၌ အီစတာပွဲတော်နေ့က အသေခံဗုံးဖောက်ခွဲမှုများ ဖြစ်ပွားခဲ့ရာ ယင်းဖြစ်ရပ်နှင့်ဆက်စပ်မှုရှိသူ လူပေါင်း ၁၀၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်းထားသည်ဟုသိရသည်။ ဇိမ်ခံဟိုတယ်နှင့် ဘုရားကျောင်းများကိုပစ်မှတ်ထား၍ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူပေါင်း ၂၅၀ ကျော်သေဆုံးပြီး ၅၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပွားပြီး ၂၄ နာရီအတွင်း သံသယရှိသူ ၂၀ ခန့်ကို ဖမ်းဆီးခဲ့သည်ဟု ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရာဝန် ဂူနာစီကာရာက ပြောသည်။ ထို့ပြင် အကြမ်းဖက်သမားများ ခိုအောင်းရာနေရာများတွင်လည်း စီးနင်းရှာဖွေမှုများလုပ်ဆောင်ခဲ့ကြောင်းသိရသည်။ သီရိလင်္ကာနိုင်ငံတွင် မပေါက်ကွဲသေးသည့်ဗုံးများ ဆက်လက်ရှာဖွေတွေ့ရှိရသည့်အတွက် ကန့်သတ်ချိန်အတွင်းအပြင်မထွက်ရအမိန့်ကို ဆက်လက်ထုတ်ပြန်ထားပြီး ည ၁၀နာရီမှ နံနက် ၄ နာရီအတွင်း ကန့်သတ်ထားကြောင်း ရာဝန် ဂူနာစီကာရာက ပြောသည်။

ခါမြူနိုင်းမြို့၌လည်း တစ်ညလုံးပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး သေနတ်သမားနှစ်ဦးနှင့် အသေခံဗုံးခွဲသမားဟုယူဆရသူလေးဦးတို့ကို အသေဖမ်းမိခဲ့ကြောင်း သိရသည်။ ခါမြူနိုင်းမြို့စွန်တွင်လည်း ကန့်သတ်ချိန်အတွင်းအပြင်မထွက်ရအမိန့်ကို ဆက်လက်ထားရှိကြောင်း သိရသည်။ အိုင်အက်စ်အကြမ်းဖက်အုပ်စုနှင့် ဆက်စပ်မှုရှိသည်ဟု သံသယရှိသူ ၁၄၀ ခန့်ရှိကြောင်း သီရိလင်္ကာသမ္မတ မိုင်သီရိပါလာဆီရိဆီနာက ပြောသည်။

ဆင်ဟွာ

# ပဲခူး-စစ်တောင်း တူးမြောင်းဖြတ် တာဝရေတံခါး တံတားဖွင့်ပွဲအခမ်းအနားကျင်းပ

**သနပ်ပင် ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် တာဝရေတံခါးကျေးရွာ ပဲခူး-စစ်တောင်း တူးမြောင်းဖြတ် တာဝရေတံခါးတံတားဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်း၊ စက်မှုလျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ တိုင်းဒေသကြီးအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဒန်တို့က တာဝရေတံခါးတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် တံတားအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါတံတားသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတား အရှည် ပေ ၁၅၀၊ အလျား ၁၄ ပေ၊ အမြင့် ၁၅ ပေရှိကာ တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၅၀ ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ တာဝရေတံခါးတံတား သစ်ကြီးသည် မြို့နယ် သုံးမြို့နယ်ဖြစ်သော ပဲခူး-သနပ်ပင်-ကဝ မြို့နယ်များသို့ ဖြတ်သန်းသွားလာနိုင်မည်ပြီး ခံနိုင်ဝန် တန် ၂၀ ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည် ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ အခြေခံပြဿနာများ၊ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပေါင်းစပ် ညှိနှိုင်း အဖြေရှာပေးနိုင်ရန် လူထုတွေ့ဆုံပွဲများ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက တိုင်းပြည်နှင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရနှင့် ပြည်သူ လက်တွဲညီစွာ ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝရေတံခါးကျေးရွာ၊ ကုန်းတန်းကျေးရွာ၊ ကျိုက်ပဒိုင်ကြီးကျေးရွာ၊ ကျိုက်ပဒိုင်လေးကျေးရွာ၊ စဥ့်အိုးဘိုကျေးရွာ၊ အနောက်တံခွန်တိုင် ကျေးရွာနေ ပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းအဖြေရှာ ရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**


တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ တာဝရေတံခါးတံတားကို ဖွင့်လှစ်ပေးစဉ်။

# မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ မိုးမကျမီဆောလျင်စွာပြီးစီးရေး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကွင်းဆင်းစစ်ဆေး


ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကျောက်စီရေနုတ်မြောင်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။

**မြစ်ကြီးနား ဧပြီ ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင်း မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပင်မရေနုတ်မြောင်းများနှင့် လမ်းလုပ်ငန်းများ မိုးမကျမီ ဆောလျင်စွာ ပြီးစီးရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်းစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ပလနရပ်ကွက် နယ်မြေရဲစခန်း၌ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းဖြင့် ဆောက်လုပ်လျက်ရှိသည့် ကချင်ပြည်နယ်ရဲတပ်ဖွဲ့၏ လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှု အခြေအနေနှင့် ပြည်နယ်မီးသတ်တပ်ဖွဲ့နယ်မြေမီးသတ်စခန်းမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပလန(၁)ရပ်ကွက်၌ ရပ်ကွက်အတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့က မြို့ပြနှင့် ကျေးလက် တစ်ပြေးညီ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ထို့အပြင် လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် လွတ်လပ်စွာ တင်ပြတောင်းဆိုနိုင်ကြောင်း ပြောကြားကာ ရပ်မိရပ်များ၏ တောင်းဆိုချက်အရ ပိတောက်မြိုင် ရွာလယ်လမ်း ပေ ၄၅၀၀ကျော်ကို ကတ္တရာလမ်းအဖြစ် ခင်းကျင်းဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့မှတစ်ဆင့် ရောရပ်ကွက်အတွင်းရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ခရိုင်ရုံးအတွင်း စီးဝင်နေသည့် အမှတ် (၁) ပင်မရေနုတ်မြောင်းအား မူလရေစီးလမ်းကြောင်း ပြောင်းလဲ၍ ကျောက်စီရေနုတ်မြောင်း ဆောင်ရွက်နိုင်ရေးနှင့် ရန်ကြီးအောင်ရပ်ကွက် အတွင်းရှိ အမှတ်(၂) ပင်မ ရေနုတ်မြောင်း ပေ ၆၅၇၀ ကို ကျောက်စီရေနုတ်မြောင်းအဖြစ် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျွန်းပင်သာရပ်ကွက်အတွင်း ဇော်ဂျွန်းလမ်းတစ်လျှောက် ကတ္တရာခင်းကျင်းနေမှုနှင့် ဂိုက်စ်ဘုရားကျောင်းဘေးလမ်း၊ နိုင်ငံ့ဂုဏ်ရည်လမ်းနှင့် ကမ်းနားလမ်းတို့ကို လမ်းတိုးချဲ့ခင်းကျင်းနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်ကလုပ်ငန်းများ မိုးမကျမီ ဆောလျင်စွာပြီးစီးရေး တာဝန်ရှိသူများအား မှာကြားသည်။

**ပြည်နယ် (မြန်/ဆက်)**

# နွေရာသီအပန်းဖြေလေ့လာရေးစခန်းများသို့ သွားရောက်မည့်လူရည်ချွန်များ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူ

**ထားဝယ် ဧပြီ ၂၈**

တနင်္သာရီတိုင်းဒေသကြီး နွေရာသီအပန်းဖြေလေ့လာရေးစခန်းများသို့ သွားရောက်မည့် လူရည်ချွန်မောင်မယ်များ ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူပွဲ အခမ်း အနားကို ယမန်နေ့က ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ဩဝါဒ အမှာစကားပြောကြားရာ၌ နိုင်ငံတော်အတွက် နောင်တစ်ချိန်ချိန်မှာ ပခုံးပြောင်း တာဝန်ယူထမ်းဆောင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးဖြစ်ထွန်းလာစေရေး အတွက် လူရည်ချွန် ကျောင်းသား ကျောင်းသူများကို လေ့ကျင့်ပြုစု ပျိုးထောင်ပေးရေးသည် ပညာရေးဝန်ကြီးဌာန၏လုပ်ငန်းအစီအစဉ်တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်က ဘက်စုံထူးချွန်သော ကျောင်းသား လူငယ်များကို စိစစ်ရွေးချယ်ပြီး ဂုဏ်ပြုချီးမြှင့်သော အစီအစဉ်များအနက် ပညာရည်ထူးချွန်ထက်မြက်ပြီး အကျင့်စာရိတ္တကောင်းမွန်သည့် ကျန်းမာကြံ့ခိုင်သန်စွမ်းသော ကျောင်းသားလူငယ်များပေါ်ထွန်းရေးအတွက် လူရည်ချွန် စီမံကိန်းကို ၁၉၆၄ ခုနှစ်မှစပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် နွေရာသီအပန်းဖြေလေ့လာရေးစခန်းများကို သွားရောက်မည့် လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် ခရီးလမ်းတစ်လျှောက်လုံး အဆင်ပြေချောမွေ့ပြီး ပျော်ရွှင်ဖွယ်ကောင်းသည့် ခရီးတစ်ခုဖြစ်ပါစေကြောင်း ပြောကြားသည်။

ထားဝယ်နှင့် မြိတ်ခရိုင်များမှလူရည်ချွန်အဖြစ် ရွေးချယ်ခံရသော လူရည်ချွန်မောင်မယ် ၁၈ ဦးသည် ယမန်နေ့ မွန်းလွဲပိုင်းက ထားဝယ်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် သွားရောက်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးစုရပ်မှတစ်ဆင့် ပုဂံ၊ အင်းလေး၊ ငွေဆောင်အပန်းဖြေစခန်းများသို့ အပန်းဖြေလေ့လာရေးခရီး သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(မြန်/ဆက်)**


လူရည်ချွန်မောင်မယ်များ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်ထံမှ ဩဝါဒခံယူကြစဉ်။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ ဘားအံမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဘားအံ ဧပြီ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့ သန့်ရှင်းသာယာလှပရေး၊ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များကင်းရှင်းရေးအတွက် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ဘားအံမြို့ပေါ်ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ သီရိကွင်း၊ သီရိလမ်း၊ ကန်သာယာ၊ ပြည်နယ်ပြည်သူ့ ဆေးရုံကြီးနှင့် ဌာနဆိုင်ရာရုံးများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင် ထွေးမြင့် ကိုယ်တိုင်ဦးဆောင်၍ ဆောင်ရွက်ခဲ့သည်။


ကရင်ပြည်နယ် ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ရုံးတွင်းနှင့် ရုံးပြင်တွင်လည်းကောင်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက သီရိကွင်း၊ ကန်သာယာ၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီး တစ်ဝိုက်တွင်လည်းကောင်း၊ အမှတ်(၄)ရပ်ကွက်ရှိ ဌာနဆိုင်ရာရုံးများ၏ ရုံးတွင်းနှင့် ရုံးပြင်နေရာများတွင် ဌာနအလိုက် ဝန်ထမ်းများကလည်းကောင်း ချုံနွယ်မြက်ပင်များအား ခုတ်ထွင် ရှင်းလင်းခြင်း၊ စွန့်ပစ်ပလတ်စတစ်များနှင့် အမှိုက်သရိုက်များကို ကောက်ယူခြင်းဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(မြန်/ဆက်)**

# မှုခင်းကျဆင်းရေး အသိပညာပေး

**ကန့်ဘလူ ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း မှုခင်းများလျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မလယ်ကျေးရွာနယ်မြေ ရဲစခန်းအတွင်းရှိ ဓမ္မာရုံ၌ ယာယီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလှကျော်က မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ မှုခင်းကျဆင်းရေးဟောပြောပွဲသို့ မလယ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထွန်း၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ပြီး ဟောပြောပွဲ၌ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ရဲမှူးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**







# ကြံ့ခိုင်မှုအားနည်းသော ကြိုးတံတားဖျက်သိမ်း၊ သံကူကွန်ကရစ်တံတားအစားထိုး တည်ဆောက်

ရန်ကုန် မေ ၂၈

**ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပန်းတနော်-ရွှေလောင်း-ဝါးခယ်မ-ကျုံမငေးကားလမ်း ဝါးခယ်မမြစ်ပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ယခင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ဖွင့်လှစ်ပေးခဲ့သော ဝါးခယ်မကြိုးတံတားသည် ယခုအခါ ကြံ့ခိုင်မှုအားနည်းလာသဖြင့် ဖျက်သိမ်းပြီးသံမဏိရက်မသုံး သံကူကွန်ကရစ်တံတားတစ်စင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ ၁၅ က တာဝန်ယူ၍ အစားထိုးအဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသည်။**

အဆိုပါ ဝါးခယ်မကြိုးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ယခင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၂၈-၅-၂၀၀၀ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၅-၁-၂၀၀၃ ရက်တွင် ဖွင့်လှစ်၍ ဒေသအတွင်းမှပြည်သူများကို အသုံးပြုစေခဲ့သော တံတားဖြစ်သည်။



ဝါးခယ်မကြိုးတံတားအား သံကူကွန်ကရစ်ဖြင့် ပြန်လည်ဆောက်လုပ်ရန် ဖျက်သိမ်းနေစဉ်။

တံတားမူလခွင့်ပြု အလေးချိန်မှာ ၃၆ တန်ဖြစ်သော်လည်း ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကျပြီးနောက်ပိုင်း၌ ပင်မကြိုးတံတား၏ ခံနိုင်ရည်ကျဆင်းလာသဖြင့် တန် ၂၀ အထိသာ ခွင့်ပြုထားခဲ့ရာမှ ၁-၄-၂၀၁၈ ရက် မြောင်းမြကြိုးတံတား ကျိုးကျခဲ့သည့်ဖြစ်စဉ်ကြောင့် တံတား၏ ကြံ့ခိုင်မှုသိရှိနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Highway Construction Association (CHCA) နှင့် China Road and Bridge Corporation (CRBC) မှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ တိုင်းတာစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြပြီး ရရှိလာသောရလဒ်များအပေါ် အခြေခံ၍ ပင်မကြိုးတံတား၏ ကြံ့ခိုင်မှုကိုအဆင့် ၄ အဖြစ် သတ်မှတ်ပြီး လက်ရှိခွင့်ပြုထားသောတန် ၂၀ အစား ၁၈ တန်အထိသာ ခွင့်ပြုသွားရန်သတ်မှတ်ခဲ့သည်။

ထိုသို့ တံတားခံနိုင်ရည်အား ကျဆင်းလာခြင်းကြောင့် တံတားပေါ်တွင် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်မှု မပြုနိုင်တော့သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်ပြီး ပင်မကြိုးတံတားကို ဖြုတ်သိမ်း၍ ယာဉ်တစ်စီးချင်း ၇၅ တန်ခံနိုင်ရည်ရှိသော သံကူကွန်ကရစ်တံတားအမျိုးအစားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နေခြင်း ဖြစ်သည်။

အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသော တံတားအမျိုးအစားမှာ တံတားအပေါ်ထည် သံကူကွန်ကရစ်ကြမ်းခင်း၊ တံတားအောက်ထည်မှ သံကူကွန်ကရစ် တံတားအရှည် ၉၂၀ ဒသမ ၅ မီတာ ပေအားဖြင့် ပေ ၃၀၂၀၊ ချဉ်းကပ်တံတားခန်းဖွင့်(ရန်ကုန် ဘက်ကမ်း)(၁၈ ဒသမ ၂၈-မီတာ × ၂၁ ခန်း၊ (ဝါးခယ်မဘက်ကမ်း) ၁၈ ဒသမ ၂၈-မီတာ × ၁၅ ခန်း၊ ၁၉ ဒသမ ၈၁ မီတာ × ၄ခန်း၊ ပင်မတံတားခန်းဖွင့် (၅၁ ဒသမ ၄၄) မီတာ+ ၈၀ မီတာ+ (၅၁ ဒသမ ၄၄) မီတာ၊ တံတားအကျယ် ၃၀ ဒသမ ၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် ၃ ပေ၊ ခွင့်ပြုယာဉ်အလေးချိန် HS. 25 ဖြစ်သည်။ တံတားကြီးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**

# ရေကြည်မြို့နယ်တွင် ဝေန်မြစ်ကမ်းပြိုကျမှုကြောင့် တာတုံးပြိုကျပျက်စီး၊ စက်ယန္တရားများဖြင့် အရေးပေါ်ပြင်ဆင်

**ရေကြည် မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မကျီးလဟာ ကျေးရွာအုပ်စုတွင် ယနေ့နံနက်က ဝေန်တာမိုင် ၅၉/၅ နှင့် ၅၉/ ၆ ကြား တာတုံးပြိုကျပျက်စီးပြီး တာနောက်တွင် ဖြတ်တာတစ်ခုကို စက်ယန္တရားများဖြင့် အရေးပေါ်ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးဇော်ဇော်နိုင်က ပြောသည်။



ဖြတ်တာတည်ဆောက်နေမှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ယခုဆောင်ရွက်လျက်ရှိသော ဖြတ်တာမှာ အလျား ပေ ၆၆၀၊ ထိပ်အကျယ် ၁၂ ပေ၊ ပျမ်းမျှအမြင့် ပေ ၂၀ ခန့်နှင့် လမ်းအနိမ့်အမြင့်အလိုက် အောက်ခြေခံ ပေ ၁၁၀ ရှိကြောင်း သိရသည်။

ဝေန်မြစ်ကမ်းပြိုမှုကြောင့် တာတုံးပြိုကျပျက်စီးသည့် တာနောက်အရေးပေါ် ဖြတ်တာတစ်လုံး ပြုလုပ်နေသည့် လုပ်ငန်းခွင်တွင် ဘက်ဟိုး နှစ်စီး၊ ရေဘောက်ဆာယာဉ် တစ်စီး၊ မြေသယ်ယာဉ် ငါးစီး၊ ဒိုဆာ တစ်စီး စသည့်စက်ယန္တရားများနှင့် အရေးပေါ်ဖြစ်သည့်အတွက် မိုးရာသီကာလ အချိန်မီရန် ဌာနမှ စက်ငှားဆောင်ရွက်နေကြောင်း သိရသည်။

ယင်းဝေန်မြစ်ကမ်းပြိုမှုကြောင့် တာတုံးပြိုကျပျက်စီးသည့် မကျီးလဟာကျေးရွာ၌ တည်ဆောက်လျက်ရှိသော ဖြတ်တာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**အောင်သူဟန် ( ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၈-၅-၂၀၁၉

## ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

## စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၅/၁၀၁၀ ကျပ် | ၁၀၂၀/၁၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၂၀ ကျပ် | ၁၀၃၅/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၉၀၀ ကျပ် | ၉၁၅/၉၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၆၅ ကျပ် | ၉၉၅/၁၀၁၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

## နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၂ ・ ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၁၉ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၈ ・ ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၈၂ ・ ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၇၀ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၇၉ ・ ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၈ ・ ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ ・ ၉၃၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၃ ・ ၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၁ ・ ၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ ・ ၉၂၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ဝ၆၇-၃၄၀၄၂၂၂၊ ဝ၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# စလင်းချောင်းကူး နှစ်လမ်းသွား သံကူကွန်ကရစ် (နွယ်တမယ်)တံတား တည်ဆောက်နေ

**စလင်း ဧပြီ ၂၈**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် မင်းဘူး-စလင်း-ဆင်ဖြူကျွန်း-တညောင်-ဆိပ်ဖြူ ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၄၅/၁ မိုင် နှင့် ၄၅/၃ မိုင်ကြား စလင်းချောင်းကိုဖြတ်၍ ဆင်ဖြူကျွန်းမြို့နှင့် နွယ်တမယ်ကျေးရွာကို ဆက်သွယ်ထားသော နွယ်တမယ် တံတားအား သံကူကွန်ကရစ် နှစ်လမ်းသွားတံတားအသစ် တည်ဆောက်လျက်ရှိကြောင်း တံတားတည်ဆောက်ရေး တာဝန်ခံရုံးမှ သိရသည်။

လက်ရှိအသုံးပြုနေသော တံတားမှာ အရှည်ပေ ၁၀၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေခွဲ တစ်လမ်းသွား သံပေါင်သုံးခုပါ ဘေလီတံတားအမျိုးအစားဖြစ်၍ ၁၉၉၅ ခုနှစ်က စတင်ဆောက်လုပ်ခဲ့သော တံတားဖြစ်သည်။ ယာဉ်သွားလမ်းကျဉ်းမြောင်းပြီး အချက်ပြမီးစနစ်ဖြင့် တစ်စီးပြီးမှတစ်စီးနေ့စဉ် ယာဉ်အစီးရေ ၅၀၀ ကျော်ဖြတ်သန်းသွားလာနေသော အညာဒေသ လမ်းပန်းဆက်သွယ်ရေး အချက်အချာကျ နေရာဖြစ်သောကြောင့် တံတားသစ်တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသစ်ကို အရှည်ပေ ၁၄၂၀၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း အကျယ် ၃ ပေနှစ်ဖက်ပါ၊ အောက်ခံအုတ်မြစ် 1.5 m Bored Pile တံတားကိုယ်ထည် သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့်ရေလယ်တိုင်၊ တံတားအပေါ်ထည် 100' PC Girder သံကူကွန်ကရစ် ကြမ်းခင်းနှင့်လက်ရန်းတို့ပါဝင်ကာ ခွင့်ပြုယာဉ်အလေးချိန် ခံနိုင်ဝန်အားတန်ချိန် ၆၀ ၊ တံတားခန်းဖွင့် ပေ ၁၀၀ ၁၀ ခန်း၊ ပေ ၆၀ ခုနစ်ခန်းဖြင့် တည်ဆောက်မည်ဖြစ်ပြီး လက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ရရှိ ရန်ပုံငွေကျပ်သန်း ၃၀၀ ဖြင့် ဆားပေးတိုင်းတာခြင်း၊ မြေနေရာရှင်းလင်းစမ်းသပ်ခြင်းနှင့် အောက်ခံအုတ်မြစ် ၁၀ လုံးကို စတင်ဆောင်ရွက်လျက်ရှိကြောင်း တည်ဆောက်ရေးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) အင်ဂျင်နီယာ ဦးညီညီဇော်က ပြောသည်။

တံတားသစ်တည်ဆောက်နေချိန်တွင် ချောင်းအောက်ဘက်၌ ယာယီလမ်းလွှဲ ဘေလီတံတားနှင့် မြေသားတာပေါင်ချဉ်းကပ်လမ်းတို့ဖြင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှု မရှိစေရန် စီမံတည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။ တံတားသစ်တည်ဆောက်ပြီးစီးပါက ဆင်ဖြူကျွန်းဒေသထွက်ကုန်များ စလင်း -မင်းဘူး- မကွေး- ရန်ကုန်နှင့် ဆိပ်ဖြူ- ချောက်-မန္တလေး- မူဆယ်မြို့များသို့ ကုန်စည် စီးဆင်းမှုမြန်ဆန်လာပြီး လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

**စိုးမိုးသူ (စလင်း)**


တံတားသစ် တည်ဆောက်ချိန် ယာယီလမ်းလွှဲဖောက်လုပ်ရန် ဆောင်ရွက်နေစဉ်။

## ပတ်ဝန်းကျင်ရေးရာကျင့်ဝတ်နှင့် လုပ်ဆောင်ဖွယ်ရာများ ယခုပင် စတင်လုပ်ဆောင်ပါ

- ❖ စွမ်းအင်ချွေတာသော ပစ္စည်းများကို သုံးစွဲပါ၊
- ❖ သင့်ကြောင့် ကာဗွန်ထုတ်လွှတ်မှုကို တွက်ချက်ပြီး လျှော့ချပါ၊
- ❖ ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးပါ၊
- ❖ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုပါ၊
- ❖ ရေခဲသေတ္တာကို မှန်ကန်စွာ အသုံးပြုပါ၊
- ❖ ညစ်ညမ်းဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပါ၊
- ❖ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ပါ၊
- ❖ သင့်ရပ်ရွာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတစ်ခု စတင်လုပ်ဆောင်ပါ၊
- ❖ စွမ်းအင်ချွေတာသော မီးလုံးများကို အသုံးပြုပါ၊
- ❖ ညစ်ညမ်းဓာတ်ငွေ့ထုတ်လွှတ်သောပစ္စည်းများ သုံးစွဲခြင်းကို လျှော့ချပါ၊
- ❖ ကိုယ့်ကျိုးမဖက်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါ၊
- ❖ မသုံးလျှင် မီးများပိတ်ထားပါ၊
- ❖ ပလတ်စတစ်အိတ်သုံးခြင်းကို ရပ်တန့်လိုက်ပါ၊
- ❖ ပစ္စည်းများ ပြန်ပြင် ပြန်ထွင် ပြန်သုံးပါ၊
- ❖ စက္ကူချွေတာပါ၊
- ❖ အများသုံးယာဉ် ဘတ်စ်ကားများကို သုံးပါ၊
- ❖ ရေကိုချွေတာသုံးစွဲပါ၊
- ❖ စွန့်ပစ်ပစ္စည်းများကို ခွဲခြားစွန့်ပစ်ပါ၊


ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ဘုရားကုန်းကျေးရွာ သဘာဝတရားရိပ်သာ၌ ဧပြီ ၂၇ ရက်က ဗီယက်နမ်ပရဟိတအဖွဲ့၊ သန်လျင်စက်ဘီးစီးအဖွဲ့၊ ဗိုက်ကလပ်အဖွဲ့၊ သန်လျင်လူမှုကွန်ရက်အဖွဲ့၊ သန်လျင်မီးသတ်တပ်ဖွဲ့၊ အလင်းပေးသူများပရဟိတအဖွဲ့နှင့် သန်လျင်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းကာ အင်အား ၁၅၀ ကျော်တို့က သဘာဝတရားရိပ်သာဝင်းအတွင်းရှိ အမှိုက်များကို ကောက်ယူ၍ ပလတ်စတစ်အိတ်များနှင့်ထည့်ကာ အမှိုက်ကားများဖြင့် သတ်မှတ်အမှိုက်စွန့်ပစ် နေရာသို့ သွားရောက်စွန့်ပစ်ကြစဉ်။ သက်ခိုင် (သန်လျင်)

## မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မောင်တော ဧပြီ ၂၈**
မောင်တောမြို့၌ မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မေ ၅ ရက်တွင် ကျရောက်မည့် (၇၃) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အနေဖြင့် သန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့နံနက်က အောင်ဗလကျောင်းတိုက်၌ ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးထွန်းရွှေခိုင် ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင် ၄၀ ခန့်ဖြင့် အောင် ဗလကျောင်းတိုက်အတွင်းရှိ မြက်ပင်၊ ပေါင်းပင်၊ ချုံနွယ်၊ အမှိုက်သရိုက်များကို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြသည်။

**ရှင်းလင်းဆောင်ရွက်ပေး**

အဆိုပါ ကျေးရွာရှိ အသုံးပြုလျက်ရှိသော ရေတွင်းသည် သစ်ရွက်၊ အမှိုက်သရိုက်များ ရေတွင်းထဲကျပြီး ပုပ်သိုးနံ့နံနေမှုကြောင့် ယင်းရေတွင်းအား အသုံးပြုမှု မရှိတော့သဖြင့် သောက်သုံးရေ ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် ရေတွင်းထဲမှ အမှိုက်သရိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူတိုင်းပါဝင်ဆောင်ရွက်ပေး**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးကြိုရာသီကာလ သီးနှံများထိခိုက်ပျက်စီးမှုကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းသည် ယမန်နေ့က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ခြံတာဝန်ခံများ၊ တိုင်းဒေသကြီး ဌာနစိတ်တာဝန်ခံများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၈ ခုနှစ် မိုးရာသီကာလအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် သီးနှံ ၆၈၂၇၄ ဧက ပျက်စီးခဲ့မှုအပေါ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ အရေးပေါ် ရန်ပုံငွေမှ ၃၀၂၆ ဒသမ ၃၇၅ ကျပ်သန်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ ယခုနှစ် စိုက်ပျိုးရာသီတွင်လည်း သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် သီးနှံထိခိုက်၊ ပျက်စီးမှုမှ ကာကွယ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက မိမိတတ်စွမ်းသည့် နည်းပညာများဖြင့် ကြိုတင်ကာကွယ်ရေးပညာပေးဆောင်ရွက်ကြရန်၊ မိမိတို့တာဝန်ကျရာဒေသများရှိ တောင်သူများ၏ လိုအပ်ချက်နှင့် တွေ့ကြုံရင်ဆိုင်နေရသည့် အခက်အခဲများကို သိရှိစေရန် မျက်ခြည်မပြတ် လေ့လာကြပြီး ကူညီဖြေရှင်းပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်း စွမ်းဆောင်ရည်ပြည့်ဝစေရန် စဉ်ဆက်မပြတ်လေ့လာမှုနှင့် စိုက်ပျိုးသီးနှံဘာသာရပ်များအလိုက် ကျွမ်းကျင်မှုရှိစေရေး၊ ဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် မူဝါဒလုပ်ထုံး လုပ်နည်းများ ကျွမ်းကျင်နှံ့စပ်အောင် ဖတ်ရှုလေ့လာ အသုံးချကြရမည်ဖြစ်ကြောင်း၊ မိမိနယ်မြေဒေသ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေကြ သည့် ဒေသတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အထောက်အပံ့ကောင်း များဖြစ်စေရေး စွမ်းရည်ပြည့်ဝသူများဖြစ်စေရေး အားထုတ်ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

တစ်မြို့နယ်တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများတွင် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊ သီးနှံအလိုက် မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးရန်၊ သီးနှံပိုးမွှားကာကွယ်နှိမ်နင်းရာတွင် IPM စနစ်ကျင့်သုံးရန်၊ သီးနှံအရည်အသွေးမြင့်မားစေရေးအတွက် ရိတ်သိမ်းပြီးနောက် ဆက်လက်လုပ်ဆောင်ရသော လုပ်ငန်းစဉ်များတွင် လိုက်နာရမည့် ရိတ်သိမ်းချိန်လွန် နည်းပညာကျင့်သုံးရန်နှင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် GAP စနစ်များ လိုက်နာကျင့်သုံးကြရန်တို့ကိုလည်း ညွှန်ကြားရေးမှူးချုပ်က မှာကြားသည်။

ညွှန်ကြားရေးမှူးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မြင်းမူမြို့နယ်၊ ပျော့ရွာမြစ်ရေတင်စီမံကိန်းဧရိယာတွင် ဆောင်ရွက်ထားသည့် နွေစပါးသီးနှံကို တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြီး ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်း နည်းစနစ် စမ်းသပ်ကွက်သို့ ကွင်းဆင်းစစ်ဆေးခြင်း၊ ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျီးကန်ကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ထားသော နွေနှမ်းမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် မျိုးစေ့ထုတ်ကွက်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရွှေဘိုမြို့နယ် ဘုန်းဘွဲ့ကျေးရွာ အောင်ချမ်းသာကွင်းတွင် ဆောင်ရွက်ထားသည့် နွေစပါး Drum Seeder စိုက်နည်းစနစ်စံပြကွက် ဧက ၁၀၀ တို့ကို ကွင်းဆင်းစစ်ဆေးခြင်းတို့ ပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထားသည့် သီးနှံများအား သဘာဝဘေးကျရောက်မှုကြောင့် ထိခိုက်ပျက်စီးမှု မရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ မိုးကြိုရာသီကာလအတွင်း စိုက်ပျိုးသွားမည့် သီးနှံစိုက်ခင်းများတွင် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနိုင်ရေး နည်းပညာပေးလုပ်ငန်းများအား ကြိုတင်လုပ်ဆောင်ကြရန်၊ ဒေသအတွင်းရှိ သီးနှံများအား ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် လက်ရှိအသုံးပြုနေသော အချိန်အတွယ်များဖြစ်သည့် ပိဿာနှင့်တင်းတောင်းများ အစားနိုင်ငံတကာတွင် သုံးစွဲလျက်ရှိသည့် ကီလိုဂရမ်စနစ်ဖြင့် ပြောင်းလဲသုံးစွဲ ဆောင်ရွက်ကြရန်နှင့် သီးနှံဝယ်ယူရေးစနစ်အတွက် စစ်မှန်သောသီးနှံကုန်သည်များ ပေါ်ပေါက်စေရေး မှတ်ပုံတင်စနစ်ဖြင့် စမ်းသပ်လုပ်ဆောင်ရန်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး (မြန်မာ့အလင်း)**

# မြန်မာခါနန်တောင်သူလယ်သမားနည်းပညာဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးသင်တန်း ဖွင့်လှစ်ဆောင်ရွက်ရေး တတိယအကြိမ် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဧပြီ ၂၈**

စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရန်၊ အစိုးရကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍတို့ကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ကို ရည်ရွယ်၍ မြန်မာခါနန်တောင်သူလယ်သမားနည်းပညာဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေး သင်တန်းဖွင့်လှစ်ဆောင်ရွက်ရေး တတိယအကြိမ် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ဧပြီ ၂၆ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရွှေစံအိမ်ဟိုတယ် ချယ်ရီခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း၊ ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် ကမ္ဘာ့ခါနန်လှုပ်ရှားမှုအဖွဲ့၏ အတွင်းရေးမှူး Mrs. Kim So Yean တို့ တက်ရောက်၍ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါလက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့ ကိုရီးယားသမ္မတနိုင်ငံအခြေစိုက်ကမ္ဘာ့ခါနန်လှုပ်ရှားမှုအဖွဲ့၏ အတွင်းရေးမှူး Mrs. Kim So Yean၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang Hwa၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာခါနန်သင်တန်းကျောင်းအုပ် Mr. Ko Chang Duk နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက်ကမ္ဘာ့ခါနန်လှုပ်ရှားမှုအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်သည့် အဆိုပါသင်တန်းကို ပြင်ဦးလွင်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ၊ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ဒိုးကွင်)တွင် ဖွင့်လှစ်ခဲ့ရာ ၁၈-၇-၂၀၀၀ ရက်က ပထမအကြိမ် သဘောတူနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ၁၇-၉-၂၀၁၃ ရက်တွင် ဒုတိယအကြိမ် ငါးနှစ်သက်တမ်း သဘောတူနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး**




တောင်သူလယ်သမားနည်းပညာဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးသင်တန်း ဖွင့်လှစ်ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြစဉ်။

# အင်းတော်မြို့နယ် ဂဟဲသစ်တောကြိုးဝိုင်းအတွင်းရှိ စိုက်ခင်းများစစ်ဆေး

**အင်းတော် ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ဂဟဲသစ်တောကြိုးဝိုင်းအတွင်းရှိ စိုက်ခင်းများကို အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံးနှင့်အဖွဲ့က စစ်ဆေးကြည့်ရှုသည်။

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့၊ မြို့နယ်စီ/ခန့် ဥက္ကဋ္ဌ ဦးသိန်းတန်နှင့်အဖွဲ့၊ ကသာခရိုင်သစ်တောမှ လ/ထညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦးနှင့်အဖွဲ့သည် ဧပြီ ၂၅ ရက်က အင်းတော်မြို့နယ် ဂဟဲကြိုးဝိုင်းအတွင်း၌ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းလုပ်ငန်းရပ်များ ဆောင်ရွက်နေသည့် စိုက်ခင်းများသို့ သွားရောက်၍ လေ့လာကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းရပ်များ ဆောင်ရွက်ထားရှိမှုကို အင်းတော်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဇော်လင်းဝင်းက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ဂဟဲကြိုးဝိုင်းအကွက်အမှတ်(၁၃)၌ ၁/၂၀၁၆ တွင် စီးပွားဖြစ်ကျွန်း ဧက ၆၀ ရှင်သန်နေပြီး အကွက်အမှတ်(၁၄)၌ ၄/၂၀၁၉ တွင် စီးပွားဖြစ်ကျွန်း ဧက ၁၅၀၊ ၁/၂၀၁၅ တွင် စီးပွားဖြစ်ကျွန်း ဧက ၅၀၊ ၁/၂၀၁၃ တွင် စီးပွားဖြစ်ကျွန်း ဧက ၁၅၀ ရှင်သန်နေပြီး အကွက်အမှတ် (၁၅) ၌ ၁/၂၀၁၇ တွင် စီးပွားဖြစ်ကျွန်း ဧက ၂၂၀ ရှင်သန်နေကြောင်း သိရသည်။ ထို့အပြင် တမလန်း၊ ပျဉ်းကတိုး၊ ယမနေ တစ်ဧကကို စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

ထို့နောက် ဂဟဲကြိုးဝိုင်းအတွင်းရှိ အကွက်အမှတ်(၁၃) နေရာတွင် တည်ထောင်ထားသော အမြဲတမ်းပျိုးဥယျာဉ်၌ ကျွန်းပျိုးပင် ၃၅၀၀၀၀ ပျိုးထောင်ထားရှိမှု၊ သစ်မာပျိုးပင်များ ပျိုးထောင်ထားရှိမှုနှင့် အမြဲတမ်းစိုက်ခင်းစခန်း ရုံးတည်ဆောက်ပြီးစီးနေမှုကို အဆိုပါအဖွဲ့က လေ့လာကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လှအောင်(ကသာ)**



အင်းတော်မြို့နယ် ဂဟဲသစ်တောကြိုးဝိုင်းအတွင်း တာဝန်ရှိသူတို့ ကွင်းဆင်းစစ်ဆေးစဉ်။

# အပူချိန်မြင့်မားလာခြင်းကြောင့် ရေလယ်ဘုရားကန်တွင် ရေနည်းပါးပြီး ငါးများသေဆုံးခြင်းဖြစ်၍ ရေများဖြည့်သွင်းလှူဒါန်းပေး

**မင်းလှ ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် အမှတ်(၄) ရပ်ကွက် စံကျောင်းဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ ရေလယ်ဘုရားငါးကန်အတွင်း၌ ခုနစ်ရက်သားသမီးများ လှူဒါန်းထားသော ငါးများမှာ အပူချိန်မြင့်တက်လာမှုကြောင့် ရေများ နည်းပါးလာပြီး သေဆုံးခြင်းများကြောင့် ဧပြီ ၂၅ ရက်က မီးသတ်တပ်ဖွဲ့က ရေများဖြည့်သွင်းလှူဒါန်းပေးသည်။

အဆိုပါငါးများ ထပ်မံသေဆုံးခြင်း မဖြစ်ပွားစေရေးအတွက် ရပ်ကွက်နေပြည်သူများ၏ အကူအညီတောင်းခံမှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးကျော်မျိုးထွန်း၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့က ရေဂါလန် ၁၂၀၀ ဆံ့ ဒေသပိုင်မီးသတ်ရေသယ်ယာဉ်တစ်စီး၊ မီးသတ်ဦးစီးဌာနပိုင် ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် အများပြည်သူသုံးဦး ဖဲရေကန်အတွင်းမှ သယ်ယူ၍ ရေများဖြည့်သွင်း လှူဒါန်းပေးရာ အစီး ၂၀ ဖြည့်သွင်းပေးနိုင်ခဲ့ပြီး လိုအပ်လျှင်လည်း ထပ်မံဖြည့်သွင်းပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် အလှူရှင်များက စုပေါင်းပြီး ရေများဖြည့်သွင်းလှူဒါန်းပေးသော အရန်မီးသတ်တပ်ဖွဲ့စခန်းအတွက် ဘက်စုံအသုံးပြုနိုင်ရန် အလှူငွေကျပ် ၁၆၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**



ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာအနီးမှ ထွက်ရှိသည့် စိန်တလုံးသရက်သီးများ။

# စိန်တလုံးသရက်သီး လှိုင်လှိုင်ပေါ်စအချိန်တွင် ယမန်နှစ်ထက် ဈေးကောင်းရနေ

**မန္တလေး ဧပြီ ၂၈**

ယခုရာသီတွင်ထွက်ရှိသည့် စိန်တလုံး သရက်သီးများ သင်္ကြန်မတိုင်မီ ပေါ်ဦးပေါ်ဖျားကာလ၌ အဖွင့်ဈေး ကောင်းမွန်သည့်အပြင် လက်ရှိလှိုင်လှိုင်ပေါ်စ အချိန်၌လည်း ယမန်နှစ်ထက် ဈေးကောင်းရရှိနေကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုး တိုးတက်ရေးအသင်း (မန္တလေး)မှ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

ယခုနှစ်တွင် အဆိုပါသရက်များကို မူဆယ်ဈေးကွက်သို့ သင်္ကြန်မတိုင်မီ ကတည်းက တင်ပို့ရောင်းချနိုင်ပြီး တစ်ဖာလျှင် ယွမ် ၁၇၀ နှုန်းဖြင့် အဖွင့်ဈေးကောင်းရရှိခဲ့သည့်အပြင် လှိုင်လှိုင်ပေါ်စအချိန်၌လည်း ဧပြီ ၂၈ ရက် ပေါက်ဈေးအရ အိတ်စွပ်သီးတစ်ခြင်း (သို့မဟုတ်) တစ်ဖာလျှင် ယွမ် ၁၄၀ အထိ ဈေးကောင်းရနေကြောင်း သိရသည်။

"မနှစ်က သင်္ကြန်အပြီးက စပြီး တင်ပို့ရောင်းချနိုင်ခဲ့တယ်။ ဈေးကလည်း တစ်ဖာ ကို ယွမ် ၁၂၀ နဲ့ ၁၃၀ အထိပဲ ရခဲ့ တဲ့အပြင် ဒီလို လှိုင်လှိုင်ပေါ်ချိန်မှာ ယွမ် ၁၀၀ အောက်ကို ရောက်သွားခဲ့တယ်။ ဒီနှစ် သရက်ရာသီမှာတော့ အဖွင့်ဈေးရော၊ လှိုင်လှိုင်ပေါ်စအချိန်မှာပါ ဈေးကောင်းနေတဲ့အတွက် နောက်ထပ်လှိုင်လှိုင် ပေါ်ချိန်ကာလမှာ တစ်ဖာကို ယွမ် ၁၀၀ အထက် ဈေးနှုန်းနဲ့ ရောင်းချနိုင်လိမ့်မယ်လို့ ခန့်မှန်းရတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် မူဆယ်ဈေးကွက်သို့ နေ့စဉ် စိန်တလုံးသရက်တန်ချိန် ၃၀ မှ ၅၀ အတွင်း နေ့စဉ်နီးပါး တင်ပို့နေရပြီး လက်ရှိအချိန်တွင် လေပြင်းတိုက်ကာ မိုးသီးကြွေမှုကြောင့် သရက်သီးများ ကြွေကျမှုများပြားပြီး သရက်သီးအထွက်နှုန်းများ လျော့ကျနေကြောင်း သိရသည်။

"အထွက်နှုန်း နည်းတဲ့အတွက် ဈေး ကောင်းရတာပေ့ါ။ ပြည်ပဈေးကွက်ဝင်တဲ့အသီးက စိန်တလုံး၊ ဟသ်ာနဲ့ မြကျောက်၊ ရင်ကွဲ၊ မယ်သီ စတာတွေဖြစ်ပြီးတော့ အဓိကကတော့ တရုတ်ဈေးကွက်ကို တင်ပို့ရပြီး စင်ကာပူနဲ့ ရုရှားကိုလည်း သရက်သီးအနှစ်ကဲ့သို့ တခြား သရက်သီးထွက်ကုန်အချို့ တင်ပို့နေပါတယ်။ လက်ရှိ တရုတ်နိုင်ငံက အရည်အသွေးကောင်းတဲ့ သရက်ကို ပိုကြိုက်တဲ့အတွက် တစ်နယ်နဲ့ တစ်နယ် သရက်သီးစိုက်တောင်သူတွေ အချင်းချင်း ထုပ်ပိုးမှုစနစ်နဲ့ အိတ်စွပ်တဲ့အရောင်ကအစ တူညီနိုင်အောင် ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ဈေးကွက်မှာလည်း ဈေးနှုန်း တစ်ညီတည်း ရရှိနိုင်ပါတယ်" ဟု ဦးကျော်စိုးနိုင်က ပြောသည်။

မြန်မာနိုင်ငံတွင် လက်ရှိစာရင်းကောက်ယူမှုအရ သရက်သီးအမျိုးအစား ၁၉၀ ကျော်ရှိပြီး သရက်သီးစိုက်ဧကအများဆုံးမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ရင်ကွဲသရက်မျိုးကို အများဆုံး စိုက်ပျိုးကြပြီး ဒုတိယအများဆုံးအဖြစ် ရှမ်းနှင့် ကချင်ပြည်နယ်တို့တွင် စိုက်ပျိုးကြကာ မန္တလေးတိုင်းဒေသကြီးတွင် စိန်တလုံးသရက်၏ မူရင်းဒေသအဖြစ် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် စိန်တလုံး သရက်သီးအထွက်နှုန်းမှာ ၂၀၁၆-၂၀၁၇ ခုနှစ်နှင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တို့တွင် တန်ချိန် ခုနစ်သိန်းကျော် ထွက်ရှိ တင်ပို့နိုင်ခဲ့ကြောင်းနှင့် အခြားသရက်သီးထွက်နှုန်းမှာ ယခုနှစ်အတွက် အထွက်နှုန်းကို ခန့်မှန်း၍ မရနိုင်သေးကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း



မြောက်ဥက္ကလာ ပြည်သူ့ဆေးရုံကြီး၌ မီးသတ်တပ်ဖွဲ့ဝင်များ သွေးလှူနေစဉ်။

**ရန်ကုန် ဧပြီ ၂၈**

(၇၃) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များက ဆေးရုံကြီးများ၌ သွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း များကို ပြည်သူ့အကျိုးပြုလုပ်ငန်း တစ်ရပ်အနေဖြင့် ဧပြီ ၂၈ ရက်က ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရ သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သန္ဓေ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၆၅၀ သည် မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံကြီး အတွင်းနှင့် အပြင်တို့၌ နေရာ ကိုးနေရာခွဲခြားကာ စုပေါင်းသန့်ရှင်း ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင် သွေးလှူရှင် ၁၂၈ ဦးတို့က သွေးလှူဒါန်းခဲ့ကြသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် (၁၁၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည့် တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမျိုးမင်းက "ငယ်ငယ်တုန်းကတော့ အစ်ကိုတွေက သွေးလှူတယ်၊ သွေးလှူရင် ကုသိုလ်ရတယ်လို့ လူကြီး တွေက ပြောကြတယ်၊ အဲဒါကြောင့် အစ်ကိုတွေနဲ့အတူ လိုက်ပြီး လှူပေးတယ်၊ နောက်ပိုင်းကျတော့ သွေးဆိုတာ လှူသင့်တယ်ဆိုတဲ့အသိကို ရလာတယ်။ ကိုယ့်သွေး ကြောင့် လူတစ်ဦးတစ်ယောက်မှာ ခံစားနေရတဲ့ရောဂါ သက်သာသွားတယ်ဆိုရင် ကိုယ့်ရင်မှာ ပီတိဖြစ်ရပါ တယ်"ဟု သွေးလှူဒါန်းဖြစ်သည့်အကြောင်းကို ပြောပြ သည်။

သွေးလှူရှင်များနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက် သည့် တပ်ဖွဲ့ဝင်များအား မီးသတ်ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်ဦးမြတ်သူ၊ မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး အားဖြည့် အစာအာဟာရများ ထောက်ပံ့ပေးခဲ့သည်။

သွေးလှူဒါန်းမှုနှင့်ပတ်သက်၍ ဆေးရုံအုပ်ကြီးက "ကျွန်တော်တို့ဆေးရုံကြီးမှာ သွေးလိုအပ်မှုက အလွန် များပြားပါတယ်။ သွေးလိုအပ်မှု များပြားတဲ့အတွက် သွေးလှူဒါန်းမှုတွေကို အမြဲဖိတ်ခေါ်ပါတယ်။ ကြိုဆိုပါ တယ်။ ကျွန်တော်တို့ဆီကို ဒီလို အစုလိုက် လာလှူတဲ့ အဖွဲ့တွေ ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၊ မအူပင်က သွေးလှူဒါန်းတဲ့အဖွဲ့တို့ လာပါတယ်။ ဒါတွေကလည်း အမြဲတမ်းလုပ်ဆောင်နေတဲ့အတွက် အခက်အခဲတော့ မရှိပါဘူး"ဟု ပြောကြားသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန္ဓေ နှင့် အရန်မီးသတ် တပ်ဖွဲ့ဝင် ၇၀ တို့သည် မင်္ဂလာဒုံ မြို့နယ် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ကုတင် ၁၀၀၀) ၌လည်း သွေး လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သမိုင်းအကျဉ်းအနေဖြင့် ၁၉၄၆ ခုနှစ် မေလ ၅ ရက်က ရန်ကုန်မြို့ကန်တော်လေး၌ မြန်မာနိုင်ငံတစ်ဝန်းရှိ ခရိုင် ၁၉ ခုမှ ကိုယ်စားလှယ် ၁၉၇ ဦး တက်ရောက်ခဲ့သော ပထမဆုံးအကြိမ် မြန်မာ နိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံး ညီလာခံတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ရာ ထိုနေ့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အဖြစ် စတင် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထိုအချိန်မှစ၍ မီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်သူလူထု အတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် မီးဘေးသတိမူရေး၊ မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကာ နောက်ပိုင်းတွင် လုပ်ငန်းများကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာနအနေဖြင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် များ၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် အခမ်းအနားများကို မီးသတ်တပ်ဖွဲ့နေ့တိုင်း နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခု ၂၀၁၉ ခုနှစ် မေလ ၅ ရက်တွင် ၇၃ နှစ် ပြည့်မြောက်တော့ မည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# မူဆယ်မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမှုကို အလှည့်ကျဝန်အားလျှော့၍ ဆောင်ရွက်သွားမည်

**မူဆယ် ဧပြီ ၂၈**

နိုင်ငံတော်ဓာတ်အားစနစ်မှ ထုတ်လုပ်နိုင်သည့် လျှပ်စစ်ဓာတ်အားပမာဏသည် သုံးစွဲ ဝန်အားနှင့် မမျှတသည့်အတွက် မူဆယ်မြို့နယ်အတွင်း၌ ဧပြီ ၂၇ ရက်မှ စတင်ကာ အလှည့်ကျစနစ်ဖြင့် ဝန်အားလျှော့၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

မူဆယ်မြို့နယ်အတွင်းရှိ စက်မှု(၁)ဖီဒါ၊ မူဆယ်ဈေးဖီဒါ၊ စွမ်စော်ဖီဒါ၊ ဟိုမွန်ဖီဒါ၊ (၁၀၅)မိုင်ဖီဒါ၊ စယ်လန့်(၂)ဖီဒါတို့ကို ဧပြီ ၂၇ ရက်မှစ၍ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ စယ်လန့်(၁)ဖီဒါ၊ ပန်ဆိုင်း(ကြူကုတ်)ဖီဒါ၊ စက်မှု(၂) ဖီဒါတို့ကို ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိလည်းကောင်း၊ စက်မှု(၁)ဖီဒါကို ညနေ ၆ နာရီမှ ည ၉ နာရီအထိ လည်းကောင်း၊ မူဆယ်ဈေးဖီဒါ၊ စွမ်စော်ဖီဒါ၊ ဟိုမွန်ဖီဒါနှင့် (၁၀၅)မိုင်ဖီဒါတို့ကို ည ၉ နာရီမှ ၁၂ နာရီအထိလည်းကောင်း အလှည့်ကျ ဝန်အား လျှော့(Load Shed)စနစ်ဖြင့် မူဆယ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သန့်ဇင် (မူဆယ်)**

# နဝမတန်း လူရည်ချွန် အပန်းဖြေစခန်းကို အင်းလေး(ခေါင်တိုင်)တွင် ဖွင့်လှစ်မည်

**ညောင်ရွှေ ဧပြီ ၂၈**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း စိစစ်ရွေးချယ်ခဲ့သည့် နဝမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများအတွက် အပန်းဖြေစခန်းကို အင်းလေးဒေသ ခေါင်တိုင်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

နဝမတန်း လူရည်ချွန် ကျောင်းသားကျောင်းသူ ၁၇၈ ဦးသည် အင်းလေး(ခေါင်တိုင်) လူရည်ချွန်စခန်းသို့ ဧပြီ ၂၉ ရက်တွင် ရောက်ရှိ၍ အပန်းဖြေမည်ဖြစ်ရာ ထိုအင်းလေး (ခေါင်တိုင်)အပန်းဖြေစခန်းတွင် ဆွေးနွေးပွဲများကျင်းပခြင်း၊ လူရည်ချွန်ဟောင်းများ နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ ပြုလုပ်မည်ဖြစ်သလို လေ့လာရေးခရီးစဉ်များအဖြစ် ဖောင်တော်ဦး၊ အလိုတော်ပေါက်နှင့် ရွှေဗောဓိမြို့ဦးဘုရားများ၊ ရေခြံကျွန်းမျော စိုက်ပျိုးရေးလုပ်ငန်းများ၊ ငွေထည်နှင့် ရက်ကန်းလုပ်ငန်းများ၊ ညောင်ရွှေဟော်နန်း (ယဉ်ကျေးမှုပြတိုက်)၊ ပင်းတယ ရွှေဥမင်လိုဏ်ဂူ၊ ကုံလုံဆရာတော်စံကျောင်း၊ ရိုးရာ ထီးလုပ်ငန်းများ၊ တောင်ကြီး အေးသာယာစက်မှုဇုန်၊ မွေတော်ကက္ကူဘုရား၊ စူဠာမုနိ ဘုရား၊ မြို့မဈေးနှင့် ဟိုပုံးဒေသရှိ ထမ်စမ်းလိုဏ်ဂူတို့ကို သွားရောက်လေ့လာ ဘုရားဖူး သွားခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးသူရိန်**



နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းအုပ်စု ရေဆင်းကျေးရွာဓမ္မာရုံ၌ ကျေးရွာ ပြည်သူများအား ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်ဦးနှင့် တပ်ဖွဲ့ဝင် များက မူးယစ်ဆေးဝါးအန္တရာယ်၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းတို့ကို ဧပြီ ၂၈ ရက်က ဟောပြောစဉ်။
ဇော်ဘီ



ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် မိသားစုရပ်ကွက် ဓမ္မာရုံ၌ ဧပြီ ၂၇ ရက်တွင် မြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်ထွန်း ဦးဆောင်သောအဖွဲ့က ရပ်ကွက်နေ ပြည်သူများအား သက်ငယ်မုဒိမ်းမှုကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် မှုခင်း ကျဆင်းရေး ဟောပြောခဲ့စဉ်။
မင်းထက်

# မှုခင်းအသိပညာပေးဟောပြော

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ရှမ်းစုရပ်ကွက်၌ မှုခင်း ဖြစ်ပွားမှု လျော့နည်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို ဧပြီ ၂၆ ရက်က ရှမ်းစုအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ မှုခင်းများ လျော့နည်းကျဆင်းရေးအတွက် ဥပဒေဆိုင်ရာများနှင့် သက်ငယ်မုဒိမ်းမှုများ လုံးဝ ကင်းစင်ရေးအတွက် ရှောင်ရန်၊ ဆောင်ရန်များကို တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီ ရဲမှူး ဝင်းကိုက ပြောကြားခဲ့ကြောင်း သိရသည်။ **ဉာဏ်လင်း**

# ရေရှားပါးနေသည့်ဒေသများသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**ဧပြီလဆန်းမှစ၍ သင်္ကြန်အလွန်ရက်များတွင် မြန်မာနိုင်ငံအနှံ့၌ နေ့အပူချိန်များ သိသိသာသာ မြင့်တက်လာခြင်းကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများ အပါအဝင် နေရာအနှံ့အပြားတွင် ရေတွင်းရေကန်များ ရေခန်းခြောက်ကာ ရပ်ကွက်နှင့် ကျေးရွာအချို့မှာ ရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့လာရသဖြင့် ဌာနဆိုင်ရာများနှင့် အလှူရှင်များက သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးနေရကြောင်း သိရသည်။**



ရေသန့်စင်သည့်ယာဉ်ဖြင့် ရေများကိုသန့်စင်၍ ဖြန့်ဝေပေးနေစဉ်။

**ငဖဲ**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် စည်သာကျေးရွာ၌ ပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေး အတွက် ရေဂါလန် ၃၅၀၀ ကို ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ဧပြီ ၂၈ ရက်က ဖြန့်ဝေပေးခဲ့သည်။

ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးယုနိုင်လင်းက စည်သာကျေးရွာရှိ အိမ်ခြေ ၂၀၈ အိမ်မှ လူဦးရေ ၈၀၀ ကျော်အတွက် ရေဂါလန် ၃၅၀၀ ကိုဖြန့်ဝေပေးခဲ့ကြောင်း၊ ကျေးရွာရှိ မြေသားရေကန်မှ ရေများကို မကွေး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွေ့လျားရေသန့်စင် ယာဉ်ဖြင့် သန့်စင်ပေးပြီး ပြည်သူများထံ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း၊ ငဖဲမြို့နယ် အတွင်းရှိ ကျေးရွာများအနေဖြင့် သောက်သုံးရေရှားပါးပြတ်လပ်မှု ကြုံတွေ့ရပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြ အကူအညီတောင်းခံနိုင် ကြောင်း ပြောကြားသည်။

"အပူချိန်ကလည်း နေ့စဉ်မြင့်တက်လာပြီး မြေသားရေကန်ထဲက ရေတွေမှာ သန့်ရှင်းမှုနည်းလာလို့ ကျေးရွာနေပြည်သူတွေသောက်သုံးရင် ဝမ်းရောဂါဖြစ်ပွား မှာစိုးလို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို အကူအညီတောင်းခံခဲ့ရာ ဌာနက အခုလို ရေသန့်စင်တဲ့ကားနဲ့ ရေများကို လာရောက်သန့်စင်ပေးပြီး ဖြန့်ဝေ ပေးနေတာဖြစ်ပါတယ်"ဟု စည်သာကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

စည်သာကျေးရွာမှာ မြေအောက်ရေအောင်းလွှာမရှိသဖြင့် အဝီစိစက်ရေတွင်း တူးဖော်၍မရနိုင်သောကြောင့် သောက်သုံးရေရရှိရေးအတွက် ကျေးရွာပိုင် မြေသား ရေကန် ငါးကန်ကိုသာ သောက်သုံးရေရရှိရေးအတွက် အားထားနေရကြောင်း သိရသည်။ **ငြိမ်းသူ(စလင်း)**

**ဒီပဲယင်း**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ကုလားကုန်းကျေးရွာ၌ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန်အတွက် စက်ရေတွင်းတူးဖော်နေမှုကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ခင်မီမီအောင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ဧပြီ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်ချိန် အတွင်း အမြန်ပြီးစီးရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစက်ရေတွင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၈ ဒသမ ၅ သန်းဖြင့် တူးဖော်ခြင်း ဖြစ်ပြီး အနက်ပေ ၆၀၀ လေးလက်မ စက်ရေတွင်းနှင့်အတူ ရေစက်ရုံနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း၊ လုပ်ငန်း များကို Present One ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေပြီး စက်ရေတွင်းလုပ်ငန်း များ ပြီးစီးသွားပါက ကုလားကုန်းကျေးရွာရှိ အိမ်ထောင်စု ၁၀၀ ကျော်မှ လူဦးရေ ၃၀၀ ကျော်အတွက် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း သိရသည်။ **စိုးဝေအောင်(ခင်ဦး)**

**ဒီးမော့ဆို**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ် လာသည့် ကျေးရွာများသို့ ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့ များက သောက်သုံးရေများ သွားရောက်လှူဒါန်းပေးလျက်ရှိရာ စံပြ(၆)မိုင်ကျေးရွာ အုပ်စု ဒေါဆိုအရှေ့ကျေးရွာမှ ပြည်သူများအတွက် သောက်သုံးရေများကိုလည်း လွိုင်ကော်ခရိုင်နှင့် ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ဟိန်းဝေစံကုမ္ပဏီတို့ ပူးပေါင်း၍ ဧပြီ ၂၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြရာ သောက်သုံးရေ ဂါလန် ၁၂၀၀ လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။ **ကြီးဒဲရယ်**

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ်အတွင်းမှ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော ဇရပ်ကုန်း ကျေးရွာအုပ်စု လျှော်ဖြူပင်ကျေးရွာသို့ သောက်သုံးရေများကို မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီ ၂၇ ရက်က လှူဒါန်းခဲ့သည်။

ပြီးခဲ့သည့် မိုးရာသီကာလက မိုးရေဝင်ရောက်မှုနည်းပါးခဲ့သဖြင့် လျှော်ဖြူပင် ကျေးရွာရှိ မြေသားရေကန်မှာ ခန်းခြောက်လာ၍ ကျေးရွာရှိ လူဦးရေ ၁၆၅ ဦးမှာ သောက်သုံးရေအခက်အခဲဖြစ်နေသောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သောက်သုံးရေများ သွားရောက်လှူဒါန်းခြင်းဖြစ်ကာ ရေဂါလန် ၁၆၀၀ ကို လှူဒါန်းပေးနိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးဇော်မြင့်က ပြောကြားသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုလို နွေရာသီတွင် သောက်သုံးရေအခက်အခဲ မဖြစ်ပေါ်ရန် စီမံချက်များရေးဆွဲကာ ချက်ချင်းကူညီပေးနိုင်ရေး ဌာနဆိုင်များ၊ ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ချိတ်ဆက် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ထန်းတပင်မြို့နယ်အတွင်းမှ ကျေးရွာနှစ်ရွာတွင် ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် မီးလင်းပြီ

**ထန်းတပင် ဧပြီ ၂၈**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်အတွင်းမှ နိုင်ငံတော်ဓာတ်အားစနစ်နှင့် အလှမ်းဝေးသော ကျေးရွာနှစ်ရွာဖြစ်သည့် ဆန်ပန်းပေါက်ကျေးရွာနှင့် ကျောက်ကြီးပေါက်ကျေးရွာတို့တွင် ပြည်သူ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Kinetic MyanmarTechnology ကုမ္ပဏီတို့ ပူးပေါင်း၍ NEP စီမံကိန်းအရ ဆောင်ရွက်ခဲ့သော ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ပြီးစီးကာ လျှပ်စစ်မီးစတင်ရရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာနှစ်ရွာ၏ မီးလင်းရေးလုပ်ငန်းများ ဖွင့်ပွဲကို ကျောက်ကြီးပေါက်ကျေးရွာ၌ ဧပြီ ၂၇ ရက်က ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော တစ်နိုင်ငံလုံးမီးလင်းရေးစီမံချက်တွင် ပါဝင်သည့် မဟာဓာတ်အားလိုင်းပြင်ပ ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် မီးလင်းရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ထန်းတပင် မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုလာစနစ်ဖြင့်မီးလင်းရေး ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်ကို ရှင်းလင်းပြောကြားကာ ဝန်ကြီးက မီးလင်းရေးလုပ်ငန်းကို ဖွင့်လှစ်ပေးခဲ့သည်။

ဆန်ပန်းပေါက်ကျေးရွာနှင့် ကျောက်ကြီးပေါက်ကျေးရွာတို့တွင် အိမ်ခြေ ၂၆၄ အိမ်ရှိပြီး မီးလင်းရေးလုပ်ငန်းကို ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း၊ ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှု ၂၀ ရာခိုင်နှုန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ထည့်ဝင်မှု ၆၀ ရာခိုင်နှုန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

# ဇီးကုန်းမြို့တွင် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပထမဆုံးအကြိမ် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ

**ဇီးကုန်း ဧပြီ ၂၈**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့တွင် စာပေပြန့်ပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပထမအကြိမ် စာအုပ်ဈေးရောင်းပွဲတော်ကို ဧပြီ ၂၈ ရက်က အမှတ်(၄)ရပ်ကွက် စည်ပင်လမ်း၌ ကျင်းပခဲ့သည်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မာမာဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ခံ စာပေချစ်သူများနှင့် စာရေးဆရာများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြန်/ဆက်ဦးစီးမှူးတို့က ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားခဲ့သည်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်တွင် ရန်ကုန်မြို့မှ စာအုပ်အရောင်းဆိုင် ၁၀ ဆိုင်လာရောက်ဖွင့်လှစ်ရောင်းချပြီး ပွဲတော်ကို ဧပြီ ၂၈ ရက်မှ မေ ၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



စာအုပ်ဈေးရောင်းပွဲတော်တွင် ခင်းကျင်းရောင်းချနေသော စာအုပ်ဆိုင်များ။

# အင်းတော်အင်း၏ နယ်နိမိတ်ကို ပြန်လည်သတ်မှတ်၍ ထိန်းသိမ်းပေးရန်လိုအပ်နေ

**အင်းတော် ဧပြီ ၂၈**
မြန်မာနိုင်ငံတွင် တတိယအကြီးဆုံး သဘာဝကန်းတွင်း ရေချိုအိုင်ဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်မှ အင်းတော်အင်းကို အမြန်ဆုံး အင်းနယ်နိမိတ်ပြန်လည် သတ်မှတ်ရေးဆွဲ၍ ထိန်းသိမ်းပေးရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

အင်းတော်အင်းသည် ယခင်က အနက်ပေ ၁၅၀ နှင့် ပေ ၂၀၀ ကြားအထိရှိကာ အကျယ်မှာ အလျား ငါးမိုင်ကျော်၊ အနံ သုံးမိုင်ကျော်ရှိကြောင်း၊ ယခုအခါ အင်းကြီးမှာ တဖြည်းဖြည်း တိမ်ကောလာခဲ့သဖြင့် အလျား လေးမိုင်၊ အနံ နှစ်မိုင်ခန့်သာ ရှိတော့ကြောင်း၊ ထို့အပြင် တိမ်ကောသွားသည့် အင်းမြေနုကျွန်းများ၌ ယခင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက နီးစပ်ရာ တောင်သူများအား မြေဂရန်ထုတ်ပေးခဲ့သည်များ ရှိခဲ့သောကြောင့် ယခုအခါ အင်း၏ နယ်နိမိတ်ကို အမြန်ဆုံး ပြန်လည်တိုင်းတာသတ်မှတ်၍ ထိန်းသိမ်းပေးရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းက "မြန်မာနိုင်ငံမှာ အင်းတော်အင်းက တတိယအကြီးဆုံး သဘာဝ ကန်းတွင်းရေချိုအိုင် ဖြစ်ပါတယ်၊ တောတောင် သဘာဝပတ်ဝန်းကျင်ရှုခင်းများရှိပြီး ရှားပါးငှက်မျိုးစိတ်များနဲ့ ရေနေသတ္တဝါမျိုးစုံတို့ ကျက်စားခိုလှုံရာနေရာ ဖြစ်ခဲ့ဖူးပါတယ်၊ ကသာမြို့မှာရှိတဲ့ ကိုလိုနီခေတ် စာရေးဆရာကြီး ဂျော့အော်ဝဲ အိမ်၊ အင်းတော်အင်း၊ ဇလုံတောင်ဆိုတာ တစ်ဆက်တည်းရှိနေပြီး ခရီးသွားလုပ်ငန်းအတွက် အလွန်ကောင်းတဲ့နေရာတစ်ခု ဖြစ်လာမှာပါ။ ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်နဲ့ ဂျပန်တို့ရဲ့စစ်တလင်း ဖြစ်ခဲ့တဲ့နေရာဖြစ်လို့ ဂျပန်လေယာဉ်ကွင်း၊ မြန်မာ-ဂျပန် ငြိမ်းချမ်းရေးလွမ်းစေတီများနဲ့ ကဒူး၊ ကနန်း၊ ရှမ်းနီ တိုင်းရင်းသားများရဲ့ရိုးရာဓလေ့ ထုံးတမ်းစဉ်လာတွေကို လေ့လာနိုင်တဲ့နေရာတစ်ခုလည်းဖြစ်ပါတယ်၊ မန်လည်ဆရာတော်ဘုရားကြီးရဲ့ ပြတိုက်နဲ့လည်း ခရီးတစ်တိုင်လောက်သာ ကွာဝေးတဲ့နေရာဖြစ်တာကြောင့် သွားရောက်လေ့လာနိုင်တာမို့ အင်းတော်အင်းကို ပြန်လည် နယ်နိမိတ်သတ်မှတ်ပေးလိုက်ရင် ခရီးသွားလုပ်ငန်းလည်း ဖွံ့ဖြိုးလာပါမယ်"ဟု ပြောသည်။

အင်းတော်အင်းသည် အင်းတော်မြို့၏ အနောက်မြောက်ဘက် နှစ်ကီလိုမီတာခန့်အကွာတွင် တည်ရှိပြီး အင်းတော်အင်းနယ်နိမိတ်ကို ၂၀၁၅ ခုနှစ်က ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီက နောက်ဆုံး သတ်မှတ်တိုင်းတာထားခဲ့ရာ နတ်မဟုတ်ကျေးရွာအုပ်စု၊ နန်ခင့်ကျေးရွာအုပ်စုနှင့် သက္ကယ်ကျင်းကျေးရွာအုပ်စုတို့ ပါဝင်သော စုစုပေါင်း ဧရိယာ ၁၉၂၇ ဧကရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# နမ့်စန်မြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေး

**နမ့်စန် ဧပြီ ၂၈**
ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသပေးခြင်းကို တောင်ကြီးမြို့မှ မျက်စိအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့က ဧပြီ ၂၇ ရက်က နမ့်စန်မြို့နယ်ခန်းမ၌ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာသိင်္ဂီဝင်း၊ တောင်ကြီး မေတ္တာရှင်ပရဟိတအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးခွန်မောင်စိုးနှင့် တာဝန်ရှိသူများ ပါဝင်သော နယ်လှည့် မျက်စိစမ်းသပ်စစ်ဆေး ကုသရေးအဖွဲ့က နမ့်စန်မြို့နယ်ရှိ မျက်စိဝေဒနာရှင်များအား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ စမ်းသပ်ကုသပေးခြင်းနှင့် မျက်မှန်နှင့်ဆေးဝါးများပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

မျက်စိရောဂါများ အခမဲ့ စစ်ဆေးကုသပေးမှုကို နမ့်စန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြသိန်းနှင့် လူမှုကူညီရေးအသင်းဝင်များက လာရောက်ကြည့်ရှုကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



မျက်စိအထူးကုဆရာဝန်ကြီးက မျက်စိဝေဒနာရှင်တစ်ဦးအား စမ်းသပ်စစ်ဆေးပေးနေစဉ်။

အခမဲ့ မျက်စိစမ်းသပ်ကုသပေးရာသို့ နမ့်စန်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ မျက်စိဝေဒနာရှင်ပြည်သူ ၃၅၆ ဦး လာရောက်ပြသ ကုသမှုခံယူခဲ့ကြပြီး ၎င်းတို့ထဲမှ ခွဲစိတ်ကုသရမည့်လူနာ ၂၈ ဦးကို မေလအတွင်း တောင်ကြီးမြို့၌ ဆက်လက် ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရအောင် (ပြန်/ဆက်)**

# လေပြင်းဒဏ်သင့် ကျောင်းနှင့် အိမ်များအတွက် သွပ်ပြားများထောက်ပံ့

**တာချီလိတ် ဧပြီ ၂၈**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလုကျေးရွာ၌ ဧပြီ ၂၃ ရက်က ဖြစ်ပွားခဲ့သည့် အခါမဟုတ် မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် နေအိမ်များတွင် ထိခိုက်ပျက်စီးမှုများ ရှိခဲ့သည်။

လေပြင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သော ကျောင်းအဆောက်အအုံနှင့် လူနေအိမ်များ၏ အမိုးများကို ပြန်လည်ပြုပြင်ရန်အတွက် အိမ်မိုးသွပ်ပြားများကို တပ်မတော်မှ ဧပြီ ၂၇ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပျက်စီးခဲ့သော ကျောင်းအဆောက်အအုံနှင့် အိမ်များအတွက် အိမ်မိုးသွပ်ပြားများ ထောက်ပံ့ပေးအပ်ရာတွင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအေးမင်းဦးက စန်းလုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အဆောက်အအုံ ပြုပြင်ရန်အတွက် သွပ်အချပ်ရေ ၅၀ ကို ကျောင်းတာဝန်ရှိသူများထံသို့ လည်းကောင်း၊ အိမ် ၁၀ လုံးအတွက် သွပ်အချပ်ရေ ၅၀ ကို နေအိမ်အမိုးများ ထိခိုက်ပျက်စီးမှုရှိခဲ့သည့် ကျေးရွာနေပြည်သူများထံသို့လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှု၏ ထိရောက်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးရန် ညှိနှိုင်းဆွေးနွေး

**ဘားအံ ဧပြီ ၂၈**
ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာနက ကြီးမှူး၍ ဖွင့်လှစ်သင်ကြားပေးနေသော တိုင်းရင်းသားဘာသာစကား သင်တန်းများ၏ ထိရောက်အောင်မြင်မှုအခြေအနေများနှင့် သုတေသနဆိုင်ရာများကို ကွင်းဆင်းစစ်ဆေးရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြသံလွင်ခန်းမ၌ ဧပြီ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်များ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဘာသာစကားသင် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှု၏ ထိရောက်အောင်မြင်မှုအခြေအနေ သုတေသနဆိုင်ရာလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်သင့်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှုကိုလည်း အထောက်အကူပြုသောကြောင့် လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းစဉ်များဖြစ်၍ ပြည်နယ်တစ်ဝန်းရှိ တိုင်းရင်းသားများနှင့် အဖွဲ့အစည်းအသီးသီးက လိုအပ်သောအကူအညီများ ပေးစေလိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည်များ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ဦးကလည်း သုတေသနလုပ်ငန်းများ အောင်မြင်စေရန် မိမိတို့ ပညာရေးဌာနအနေဖြင့် အဘက်ဘက်မှ ပံ့ပိုးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြီးနောက် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကား ဦးစီးဌာန (မြန်မာစာအဖွဲ့)မှ စာတည်းမှူးချုပ် ဦးမြင့်ဆွေက သုတေသနလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဦးစီးဌာန၏ ရည်ရွယ်ချက်သုံးရပ်ကို ရှင်းလင်းပြောကြားသည်။

ရည်ရွယ်ချက်သုံးရပ်မှာ တိုင်းရင်းသားဘာသာစကား သင်ကြားကြသည့် ကလေးငယ်များ၏ ဘာသာရပ်စွမ်းရည်တိုးတက်မှုကို လေ့လာရန်၊ တိုင်းရင်းသားဘာသာစကား သင်ယူတတ်မြောက်မှုက ဘာသာရပ်နားလည်မှု စွမ်းရည်အပေါ် အထောက်အကူပြုမှုကို လေ့လာရန်နှင့် တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှုဖြစ်စဉ်အတွက် အထောက်အကူပေးနိုင်မည့်အခြေအနေများကို လေ့လာရန်ဖြစ်ကြောင်း သိရသည်။



တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများ တက်ရောက်ဆွေးနွေးနေစဉ်။

အဆိုပါ ရည်ရွယ်ချက်သုံးရပ် အောင်မြင်ရန်အတွက် သုတေသနသုံးခုကို ချမှတ်ထားပြီး စီမံချက် နယ်မြေများအဖြစ် ပြည်နယ်ခုနစ်ခု၏ မြို့တော်ခုနစ်ခုတွင် ဖွင့်လှစ်သင်ကြားနေသော တိုင်းရင်းသားဘာသာစကား ၁၈ မျိုးကို လေ့လာရန် သတ်မှတ်ထားရာ စီမံချက်နယ်မြေတစ်ခုဖြစ်သော ကရင်ပြည်နယ် ဘားအံမြို့၌ သင်ကြားနေသော စကောကရင်၊ ပိုးကရင်နှင့် ပကညော ကရင် ဘာသာစကားသင်တန်းသုံးမျိုး၏ သင်ကြားသင်ယူမှု အခြေအနေများကို ဧပြီ ၂၉ ရက်အထိ ဘားအံမြို့၌ အခြေပြုပြီး သုတေသနလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသူ (ဘားအံ)**

# သံတောင်မြို့နယ်ထွက် လိုက်ချီးသီးများ မြေပြန့်ဈေးကွက်သို့ စတင်ဝင်ရောက်လာ

**ရေတာရှည် မေ ၂၈**
ကရင်ပြည်နယ် သံတောင်မြို့နယ်ထွက် ချိုချဉ်အရသာနှင့် အရည်ရွှမ်းသော လိုက်ချီးသီးများသည် မိုးဦး အကြိုရာသီဖြစ်သော မေပြီတတိယပတ်မှ စတင်ကာ မြေပြန့်ဈေးကွက်ဖြစ်သော ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းသို့ စတင်ဝင်ရောက်လာပြီး ပေါ်ဦးစဖြစ်၍ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဝန်းကျင် ဈေးနှုန်းအမြင့်ဖြင့် ရောင်းချလျက်ရှိသည်ကို တွေ့ရ သည်။

"ခုအချိန်က တောင်ပေါ်မှာလည်း အများကြီးမပေါ်သေးဘူး၊ ဝယ်ရတာကို ဈေးမြင့်တယ်၊ နောက် ကျွန်တော်တို့က အောက်ကျင်းကနေ ဆိုင်ကယ်နဲ့တက်ပြီး ဝယ်ရတာဆိုတော့ ဆီဖိုး ကုန်ကျစရိတ်နဲ့ဆို တစ်ပိဿာကို ၃၀၀၀ ဈေးလောက်ရောင်းရမှ တွက်ခြေကိုက်တယ်"ဟု တောင်ပေါ်ဒေသအထိ လိုက်ချီးသီးများ သွားရောက်ဝယ်ယူ၍ ပြန်ရောင်းနေသူ တစ်ဦးက ပြောသည်။

ယခု ပေါ်စအချိန်တွင် လိုက်ချီးသီးများ အနေဖြင့် အချိုဓာတ်နည်းပါးကာ အချဉ်ဘက်ကို ပိုများနေသည့်အတွက် စားသုံးသူများအနေဖြင့် ဝယ်ယူမှု နည်းနေသေးကြောင်း၊ မိုးရွာပြီး အချိုဓာတ်များလာချိန်တွင် အသီးအရသာ ပိုကောင်းလာသောကြောင့် ပို၍ ဝယ်ယူစားသုံးကြကြောင်း၊ လာမည့်မေလလယ်ခန့်ဆိုလျှင် တောင်ပေါ်ဒေသများ၌ လိုက်ချီးသီးများ အထွက်နှုန်းကောင်းလာပြီး ဝယ်လိုအားထက် ရောင်းလိုအားက များလာသဖြင့် ဈေးနှုန်းကျဆင်းလေ့ရှိသလို တစ်ဆင့်ဝယ်ယူရောင်းချမည့်သူများ အနေဖြင့်လည်း ဈေးကျမည့်အချိန်ကို စောင့်ဆိုင်းနေကြကြောင်း သိရသည်။



"အခုထွက်တဲ့အသီးတွေက အချဉ်ဘက်များတော့ သိပ်မစားကြသေးဘူး၊ ဈေးကလည်း မြင့်တယ်၊ ဝယ်တဲ့သူတွေကလည်း လက်ဆောင်ပေးဖို့လောက်ပဲ ဝယ်ကြတာများတယ်"ဟု ရေတာရှည်မြို့ရှိ အသီးအနှံများရောင်းချသူတစ်ဦးက ပြောသည်။

တောင်ပေါ်ဒေသ သံတောင်မြို့နယ်ထွက် သီးနှံများဖြစ်သော ဒူးရင်း၊ မင်းဂွတ်၊ နာနတ် အစရှိသော သီးနှံများသည် မိုးရာသီတွင် အထွက်နှုန်းကောင်းကာ နယ်နိမိတ်ဆက်စပ်နေသော ပဲခူးတိုင်းဒေသကြီးအပါအဝင် မြေပြန့်ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်သည့်အတွက် ထိုအချိန်တွင် သီးနှံခြံစိုက်ပျိုးသူများ အဆင်ပြေလေ့ရှိကြောင်း သိရသည်။

**သန်းလွင်**

# ရွှေဘို၌ နှလုံးသွေးကြောကျဉ်းရောဂါအကြောင်း သိကောင်းစရာများ ပညာပေးဟောပြော

**ရွှေဘို မေ ၂၈**
မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး(နှလုံးရောဂါကုဌာန)နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ရွှေဘိုခရိုင်)တို့ ပူးပေါင်းပြီး လူထုအခြေပြု နှလုံးသွေးကြောကျဉ်းရောဂါ သတိပြုဖွယ်ရာများ ပညာပေးဟောပြောပွဲကို ရွှေဘိုမြို့ ဒေဝ်ခန်းမ၌ မေ ၂၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်း (ရွှေဘို)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်လင်းက အမှာစကားပြောကြားပြီး ရွှေဘိုပြည်သူ့ဆေးရုံမှ သမားတော်ကြီး ဒေါက်တာကျော်ဆန်းမင်းက နှလုံးသွေးကြောကျဉ်းရောဂါအကြောင်း သတိပြုဖွယ်ရာများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ကိုယ်တိုင် နှလုံးခွဲစိတ်ကုသမှုခံယူထားသည့် ဒေါက်တာခင်မောင်ထွန်းက ၎င်း၏ ခွဲစိတ်ခံအတွေ့အကြုံများနှင့် ကုသမှုအကြောင်းကို ရှင်းလင်းပြောကြားပြီး ဟောပြောပွဲတက်ရောက်သူများက သိလိုသောမေးခွန်းများကိုလည်း သမားတော်ကြီး ဒေါက်တာကျော်ဆန်းမင်းက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲအစီအစဉ်ကို European Society of Cardiology ၏ စီစဉ်မှုနှင့် ပြင်သစ်ဆေးကုမ္ပဏီ Servier ၏ ပံ့ပိုးမှုဖြင့် ကျင်းပခြင်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် နှလုံးသွေးကြောကျဉ်းရောဂါနှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ ယနေ့အချိန်အထိ နိုင်ငံပေါင်း ၅၀ ခန့်တွင် ကျင်းပပြီးဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုလုံးရှိ မြို့ကြီးများတွင် ဟောပြောပွဲများ လှည့်လည်ကျင်းပလျက်ရှိရာ မြို့နယ်ပေါင်း ၅၄ မြို့နယ်၌ ကျင်းပပြီးဖြစ်ကြောင်း သိရသည်။

**ကျော်ဇော (ရွှေဘို)**

# ရန်ကုန်မြို့ လူထုစက်ဘီးစီးပွဲ သန်လျင်၌ကျင်းပ

**ရန်ကုန် မေ ၂၈**
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ (၃၅)ကြိမ်မြောက် ရန်ကုန်မြို့ လူထုစက်ဘီးစီးပွဲကို မေ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သန်လျင်တံတားအဆင်းရှိ ကြယ်စင်အိမ်ရာရှေ့၌ ကျင်းပခဲ့သည်။

စုပေါင်းစက်ဘီးစီးပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်က သေနတ်ဖောက်၍ ဖွင့်လှစ်ပေးပြီး စုပေါင်းစက်ဘီးစီးပွဲတွင် စက်ဘီးဝါသနာရှင် ၅၀၀ ကျော်တို့က ကျိုက်ခေါက်ဘုရားလမ်း၊ မြို့ပတ်လမ်း၊ သတိပဋ္ဌာန် လမ်းအတိုင်းပတ်၍ စီးနင်းကာ သန်လျင်တံတားထိပ်၌ ပန်းဝင်ခဲ့ကြသည်။

အဆိုပါ လူထုစုပေါင်းစက်ဘီးစီးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်မင်းသန်း၊ ရန်ကုန်တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တောင်ပိုင်းခရိုင် အားကစားမှူး ဦးမြအောင်နှင့် သန်လျင်စက်ဘီးချစ်သူများအဖွဲ့မှ အဖွဲ့ဝင်များက ကူညီပေးခဲ့ကြပြီး Tiger Balm ကုမ္ပဏီလီမိတက်က အဓိက ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**




စက်ဘီးစီးပွဲတွင် ပါဝင်ဆင်နွှဲနေသော စက်ဘီးဝါသနာရှင်များ

# ကျေးရွာဘုန်းတော်ကြီးကျောင်းအတွက် အသေးစား ရေအားလျှပ်စစ်တာဘိုင်ကို ကျောင်းသားများက ပြုလုပ်လှူဒါန်း

**ကမမောင်း မေ ၂၈**
ကရင်ပြည်နယ် ကမမောင်းမြို့ မဲပလိကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် မြင်းကောင်ရေ သုံးကောင်အားရှိသော ဒိုင်နမိုနှင့်တွဲဖက်၍ ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် တာဘိုင်စက်တစ်ခုကို အဆိုပါကျေးရွာမှ အစိုးရနည်းပညာတက္ကသိုလ်နှင့် ကောလိပ်ကျောင်းသို့ တက်ရောက်ခဲ့ကြသော ရွာခံကျောင်းသားများက ရွာသူရွာသားများ၏ ပံ့ပိုးမှုဖြင့် ပြုလုပ်တည်ဆောက်၍ လှူဒါန်းထားရာ ရေအားလျှပ်စစ်ကို အောင်မြင်စွာ ထုတ်ယူရရှိနေကြောင်း သိရသည်။

အဆိုပါ ရေအားလျှပ်စစ်ထုတ်ယူနိုင်သော တာဘိုင်စက်ယဲကို လည်ပတ်ရန်အတွက် ဘုန်းတော်ကြီးကျောင်းဝင်းဘေးတွင် ဖြတ်သန်းစီးဆင်းနေသော မဲပလိချောင်းကို တစ်ဖက်ပိတ်၍ ရေလွှဲရယူပြီး ထိုရေစီးအားဖြင့် လည်ပတ်စေကြောင်း၊ တာဘိုင်၏ အပေါ်ဘက်တွင် မြင်းကောင်ရေ သုံးကောင်အားရှိသော ဒိုင်နမိုကို ထိုင်ထားပြီး ထိုဒိုင်နမို၏ လည်ပတ်မှုဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်ယူရရှိကြောင်း၊ ယခုအခါ အဆိုပါ တာဘိုင် လျှပ်စစ်ဓာတ်အားပေးစက်ကြောင့် ဘုန်းတော်ကြီးကျောင်းတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီး ထုတ်ယူရရှိသော လျှပ်စစ်ဓာတ်အားဖြင့် အချင်းနှစ်ပေရှိသော မျက်နှာကြက်ပန်ကာ ခြောက်လုံးကို လည်ပတ်နိုင်ကြောင်း သိရသည်။

**လင်းသန့်(ပြန်/ဆက်)**



တက္ကသိုလ်ကျောင်းသားများ တပ်ဆင်ပြုလုပ်ထားသော ရေအားလျှပ်စစ်တာဘိုင်နှင့် ဒိုင်နမို


# ဆီဆိုင်မြို့နယ်၌ ငမြှောင်တောင်ပိုးကျရောက်မှုကြောင့် ပြောင်းစိုက်ခင်းဧက ၁၅၀ ခန့် ပျက်စီးဆုံးရှုံး

**ဆီဆိုင် မေ ၂၈**
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စုရှိ နောင်အယ်ကျေးရွာနှင့် ထီဖူးကျေးရွာတို့မှ ရေသွင်းပြီး စိုက်ပျိုးထားသော ပြောင်းသီးနှံစိုက်ခင်းအချို့တွင် မေ ၂၇ ရက်က ငမြှောင်တောင်ပိုးများ ကျရောက်ဖျက်ဆီးမှုကြောင့် ပြောင်းစိုက်ခင်း ဧက ၁၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ ငမြှောင်တောင်ပိုးကျရောက်ရာသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်းပြီး ငမြှောင်တောင်ပိုး ကာကွယ်နည်းနှင့် သဘာဝပိုးသတ်ဆေး အသုံးပြုနည်းလမ်းတို့ကို ရှင်းပြခဲ့ကြောင်း သိရသည်။

"ပြောင်းစိုက်တောင်သူအချို့လည်း ပိုးသတ်ဆေးဖျန်းဖို့ဆန္ဒရှိကြသလို တချို့ကလည်း ပိုးသတ်ဆေးမဝယ်နိုင်လို့ အရှုံးခံပြီး ဒီအတိုင်းပဲ ထားချင်ကြတဲ့သူလည်း ရှိပါတယ်။ ဒါပေမယ့် ကိုယ်စိုက်ထားတဲ့အပင်ကို တာဝန်ယူနိုင်ဖို့၊ ပြီးတော့ ကိုယ့်ပြောင်းခြံကြောင့် သူများခြံလည်း ပိုးထပ်မံမကျရောက်စေဖို့ ပိုးသတ်ဆေး မတတ်နိုင်တဲ့ တောင်သူတွေကို စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူတို့က အာမခံ အရစ်ကျစနစ်နဲ့ ပေးဝေမှာဖြစ်ပါတယ်"ဟု နောင်ကျောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်နိုင်ထံမှ သိရသည်။ ဆီဆိုင်မြို့နယ်တွင် ပြီးခဲ့သည့် ဩဂုတ်လနောက်ဆုံးပတ်ကလည်း တစ်ကြိမ် ကျရောက်ခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး**



# ရွှေရောင်အဆင်းရှိကြာပွင့်ပုံနှင့် ကျောက်စက်ပန်းဆွဲများကို သဘာဝအတိုင်းမြင်တွေ့နိုင်ပြီး သုံးဖက်ပွင့် သဘာဝထုံးကျောက် ရွှေကြာပွင့်လိုဏ်ဂူက ခရီးသွားများကို ဆွဲဆောင်လျက်ရှိ

**ကရင်ပြည်နယ်အတွင်းရှိ သဘာဝထုံးကျောက်လိုဏ်ဂူများအား ပြည်တွင်းခရီးသွားများထက် ပြည်ပမှလာရောက်လေ့လာသူအများစုက ပိုမိုစိတ်ဝင်စားလျက်ရှိရာ ကရင်ပြည်နယ် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် ဒေသတွင်းမီဒီယာများနှင့် ဒေသခံများ ပူးပေါင်းကာ တစ်ဖက်တစ်လမ်းမှ မီးမောင်းထိုးပြနေမှုအပေါ် ကရင်ပြည်နယ်အစိုးရအဖွဲ့ကလည်း လိုအပ်ချက်များကို အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိပြီး ကရင်ပြည်နယ်၏ခရီးသွားလုပ်ငန်းမှာ နှစ်အနည်းငယ် အတွင်း တစ်ဟုန်ထိုးမြင့်တက်လာသည်ကို မြင်တွေ့နေရသည်။**



သုံးဖက်ပွင့် သဘာဝထုံးကျောက် ရွှေကြာပွင့်လိုဏ်ဂူကို တွေ့ရစဉ်။ ဓာတ်ပုံ-ဖြိုးဝေဆက်

ကရင်ပြည်နယ်အတွင်း တန်ခိုးကြီး ဘုရားစေတီများနှင့် သမိုင်းဝင်ဂူအမြောက်အမြားရှိသည့်အနက် ယခုတွေ့ရှိရသည့် ရွှေကြာပွင့်ထုံးကျောက်လိုဏ်ဂူတော်မှာ သံလွင်မြစ်ကိုမကူးမီ ဘုရင့်ညီဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ လင်းနို့ဂူတို့နှင့် ခရီးတစ်ဆက်တည်းဖြစ်ကာ သဘာဝအလှများဖြင့် ဆန်းကြယ်လှသည့် သုံးဖက်ပွင့် လိုဏ်ဂူအမျိုးအစားဖြစ်သည်။

**ရွှေရောင်အဆင်းရှိ ကြာပွင့်ကြီး**

အဆိုပါဂူမှာ ရှည်လျားနက်ရှိုင်းကာ ဂူအတွင်းပိုင်းကျယ်၍ သဘာဝအတိုင်းတည်ရှိနေသည့် ကျောက်စက်ပန်းဆွဲများအပြင် ဂူအတွင်းပိုင်း၌ ရွှေရောင်အဆင်းရှိကြာပွင့်ကြီးကလည်း ပြည်တွင်းပြည်ပခရီးသွားများကို အဓိကဆွဲဆောင်နိုင်သော သဘာဝက ဖန်တီးထားသည့် လက်ရာများဖြစ်ကြောင်း တွေ့ရသည်။

အဆိုပါဂူမှာ ဘားအံမြို့နယ် ဘားကပ်ကျေးရွာအုပ်စု ကော့ဂွန်း (၂) ကျေးရွာ၏ လေးဖာလုံခန့်တွင် သဘာဝအတိုင်း ထီးထီးကြီးတည်ရှိနေသော ထုံးကျောက်လိုဏ်ဂူဖြစ်သည်။

ရွှေကြာပွင့်သဘာဝလိုဏ်ဂူတော် အဝင်လမ်းတစ်လျှောက်၌ သုံးဖာလုံခန့်မှာ ကျောက်ချောလမ်းဖြစ်ပြီး တစ်ဖာလုံခန့်မှာ ကွန်ကရစ်လမ်းဖြစ်ကာ လမ်းကောင်းသော်လည်း လမ်းကျဉ်းသည့်အတွက် လက်ရှိအခြေအနေတွင် ယာဉ်ငယ်လေးများသာ အဆင်ပြေမည်ဖြစ်သည်။

လိုဏ်ဂူအနေအထားမှာ ဝင်/ထွက်ပေါက် သုံးဖက်ရှိပြီး ဂူအတွင်းပိုင်းတွင်လည်း သန့်ရှင်း၍ လေဝင်လေထွက်ကောင်းသည့်အတွက် အေးစိမ့်သည့်အရသာကို ဂူအတွင်းသို့ စတင်ဝင်သည်နှင့် ခံစားရမည်ဖြစ်သည်။

**ခရီးသွားများကို ဆွဲဆောင်**

လက်ရှိအခြေအနေတွင် ဂူအတွင်းသို့ ဝင်ရောက်ပါက လက်နှိပ်ဓာတ်မီး ယူသွားရန် လိုအပ်မည်ဖြစ်သည်။ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်ဝင်ထွက်မှု တစ်ဟုန်ထိုးမြင့်တက်လာသော ကရင်ပြည်နယ်သည် ယခုကဲ့သို့ သဘာဝအလှများဖြင့် ဆန်းကြယ်ပြီး ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ထုံးကျောက်လိုဏ်ဂူများက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုနိုင်သဖြင့် သံလွင်အနောက်ခြမ်းတွင် ငါးဂူမြောက်အဖြစ် ရွှေကြာပွင့်ဂူအားဖော်ထုတ်ပြီးစီးပါက ပြည်တွင်းပြည်ပခရီးသွားများအတွက် လေ့လာလည်ပတ်စရာနေရာသစ်တစ်ခု တိုးလာမည်ဖြစ်သည်။

လိုဏ်ဂူတော်တည်ရှိရာ တောင်မှာ တောင်ကလေးတောင်ဟု ဒေသခံများက ခေါ်ဆိုကြပြီး ဂူအလယ်နေရာသို့ အရောက်တွင် ဂူနံရံအပေါ်ဘက် ၁၀ ပေခန့်အကွာ၌ ရွှေအဆင်းအလှလှအထပ်ထပ်ကဲ့သို့ ထူးခြားဆန်းကြယ်စွာ သဘာဝအတိုင်း ဖြစ်ပေါ်လျက်ရှိသော အချင်းရှစ်ပေခန့်ရှိ ကြာပွင့်ပုံသဏ္ဌာန် ရွှေကြာပွင့်ကြီးအား အံ့သြဖွယ်ရာမြင်တွေ့ရမည်ဖြစ်သည်။

ဂူနံရံတွေမှာလည်း သဘာဝက ဖန်တီးထားသည့် ကျောက်စက်ပန်းများက လှပဆန်းကျယ်စွာ တွေ့မြင်နိုင်ပြီး အလွန်မြင့်သော ဂူခေါင်မိုးများတွင် လင်းနို့များက ငြိမ်သက်စွာ နားခိုနေသည်ကို တွေ့ရမည်ဖြစ်သည်။



လိုဏ်ဂူအတွင်း၌ အချင်းရှစ်ပေခန့်ရှိ ကြာပွင့်ပုံသဏ္ဌာန် ဖြစ်ပေါ်နေမှုကို တွေ့ရစဉ်။

ဓာတ်ပုံ-ဖြိုးဝေဆက်

အဆိုပါလိုဏ်ဂူ အလယ်ရှိ ရွှေရောင်တဖိတ်ဖိတ်တောက်ပနေပြီး သဘာဝအတိုင်း ဖြစ်ပေါ်နေသော ကြာပွင့်ပုံသဏ္ဌာန်ကြီးကို အစွဲပြု၍ ရွှေကြာပွင့်လိုဏ်ဂူဟူ၍ ဒေသခံများက ခေါ်တွင်လာခြင်းဖြစ်ကြောင်း သိရပြီး လက်ရှိတွင် အဆိုပါတောင်ခြေ ဂူအနီးတွင် ဝါးကျောင်းလေးဖြင့် သီတင်းသုံးလျက်ရှိသော ဦးပဥ္ဇင်းပညာဝံသနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကရင်ပွင့်လင်းအုပ်စု (KGO) အဖွဲ့တို့နှင့်ဒေသခံအချို့ပူးပေါင်းကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာစေရန်အတွက် ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

"ဦးပဥ္ဇင်းဒီမှာ သီတင်းသုံးခဲ့တာ လေးနှစ်ကျော်ပါပြီ။ ကိုရင်ကြီးဘဝနဲ့ သုံးနှစ်ကျော် အရင်ဒီကျောင်းမှာ သီတင်းသုံးတဲ့ဆရာတော်သုမေဒါနဲ့ လက်တွဲပြီး သာသနာပြုလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဆရာတော်က ဦးပဥ္ဇင်းဘဝနဲ့ သာသနာပြုပြီး ဒီနေရာလေးဖွံ့ဖြိုးလာအောင် ဆက်လက်ဆောင်ရွက်သွားဖို့မိန့်ကြားတာဝန်ပေးခဲ့တာမို့ ဦးပဥ္ဇင်းအနေနဲ့လည်းဆက်ပြီး ကြိုးပမ်းအားထုတ်သွားပါမယ်" ဟု လက်ရှိသီတင်းသုံးနေသည့် ဆရာတော် ဦးပညာဝံသက မိန့်ကြားသည်။

ဆက်လက်၍ ကော့ဂွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွေးအောင်ကလည်း ကျွန်တော်တို့ ငယ်ငယ်က ဒီတောင်ခြေက ဂူတွေ၊ လယ်ကွင်းတွေမှာ ကစားခဲ့ကြပါတယ်။ ဂူကရှည်ပြီး နက်တယ်။ မည်းမှောင်နေတာမို့ ထူးခြားချက်တွေကို မသိခဲ့ကြဘူး။ မိုးတွင်းရေကြီးချိန်ဆို ဂူက ရေမြုပ်နေတော့ဝင်ဖို့ မလွယ်ဘူး။ နွေရာသီဆိုရင် အလွယ်တကူဝင်ထွက်သွားလာရတာအဆင်ပြေပါတယ်။ ပိုပြီးတော့စိတ်ဝင်စားစရာကောင်းတာက ဂူထဲမှာ ဝင်္ကပါဆန်တဲ့ ဂူလမ်းတွေအများကြီးရှိတာမို့ အများပြည်သူတွေ အသိများလာပြီး ပြည်တွင်းပြည်ပခရီးသွားတွေ ဆွဲဆောင်နိုင်မယ့်နေရာတစ်ခုဖြစ်လာရင် ကျွန်တော်တို့ ကျေးရွာလည်း ပိုပြီးစည်ကားဖွံ့ဖြိုးသွားတာပေါ့" ဟု ဖြည့်စွက်ပြောကြားသည်။

**သဘာဝအလှထိန်းသိမ်း**

ကရင်ပြည်နယ်အနေဖြင့် သဘာဝထုံးကျောက်လိုဏ်ဂူများကို ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် သွားလာမှုလွယ်ကူစေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ လမ်းများပြုပြင်ခြင်း၊ သဘာဝထုံးကျောက်တောင်များရှိ သဘာဝအလှများကို မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းတို့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည့်အပြင် လာရောက်သူများ စိတ်အေးချမ်းသာစွာ လည်ပတ်လေ့လာနိုင်ရန်အတွက်လည်း တပ်မတော်၊ ရဲတပ်ဖွဲ့၊ နယ်ခြားစောင့်တပ်အပါအဝင် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

---

## ခွေးရူးရောဂါကာကွယ်ဆေးများ ဓနုဖြူမြို့နယ်တွင် ထိုးနှံပေး

**ဓနုဖြူ မေ ၂၈**

ဓနုဖြူမြို့တွင် World Veterinary Day အထိမ်းအမှတ်အဖြစ် ခွေးရူးရောဂါကာကွယ်ဆေးများထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက အမှတ် (၁၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်ခဲ့သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မောင်လင်းက ခွေးရူးရောဂါအကြောင်းအား ရပ်ကွက်နေပြည်သူများ သိရှိစေရန် ဟောပြောပေးပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။ ခွေးရူးရောဂါကာကွယ်ဆေးအား အမှတ် (၁၀)ရပ်ကွက်၊ အမှတ် (၁၃)ရပ်ကွက်၊ အမှတ်(၁၄)ရပ်ကွက်အတွင်းရှိ ခွေး ၉၆ ကောင်အားကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပြီး လာရောက်မထိုးနှံနိုင်သည့် တိရစ္ဆာန်လေးများအား အုပ်ချုပ်ရေးမှူးများ ဦးဆောင်ကာ ဒေါက်တာဒေါ်တင်တင်အိနှင့်အဖွဲ့က ရပ်ကွက်အတွင်း လှည့်လည်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**အောင်သူဟိဏ်း(ဓနုဖြူ)**

## ဒေးဒရဲမြို့၌ ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးမည်

**ဒေးဒရဲ မေ ၂၈**

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဒေးဒရဲမြို့နယ်အတွင်းရှိ အိမ်မွေးတိရစ္ဆာန် ခွေးနှင့်ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းအား ဒေးဒရဲမြို့ ရုံးကြီးရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် မေ ၂၉ ရက် နံနက် ၉ နာရီခွဲမှစတင်၍ အခမဲ့လာရောက်ထိုးနှံနိုင်ကြောင်းနှင့် ကာကွယ်ဆေးအရေအတွက် ကန့်သတ်ချက်ရှိပါသဖြင့် စောစီးစွာ လာရောက်ထိုးနှံကြရန် တိုက်တွန်းလိုကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာ လှိုင်ဘုန်းမြင့်၏ ပြောကြားချက်အရ သိရသည်။

**မြင့်မြင့်ခိုင် (ပြန်/ဆက်)**

## တောင်တွင်းကြီး၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဝေငှ

**တောင်တွင်းကြီး မေ ၂၈**

တောင်တွင်းကြီးမြို့ မြန်မာ့မီးရထား ဘူတာရုံရှိ ခရီးသွားပြည်သူများအား အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ၊ သောက်ရေသန့်ဘူးများနှင့် အားဖြည့်သီးစုံဓာတ်ဆားအချိုရည်ထုပ်များကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲက စန္ဒာ-သူရိယ ကျန်းမာပညာကူညီရေးအသင်းမှ ဦးဆောင်၍ စိတ်တူကိုယ်တူညီအစ်ကိုများ၊ တူညီနှလုံးသား အစုလာမ်လူငယ်များ ပရဟိတအဖွဲ့တို့ ပူးပေါင်းပြီး ပဌမအကြိမ် ဝေငှပေးခဲ့သည်။

ယနေ့ လှူဒါန်းခဲ့သော ရေသန့်နှင့် သီးစုံဓာတ်ဆားအလှူရှင်မှာ ၂၀၀၁-၂၀၀၂ (အ.ထ.က ၁) ကျောင်းသူ/ကျောင်းသားဟောင်းများက စုပေါင်းလှူဒါန်းသည့် လစဉ်အလှူငွေဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (၂၀၁၉ ခုနှစ်၊ ဧပြီ လ ၂၉ ရက်)

၁။ ၂၀၁၉ ခုနှစ်၊မေ လ ၁ ရက်နေ့တွင် ကျင်းပမည့် (၃)ကြိမ်မြောက် ၁၀၀၀ကျပ် တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲအတွက် "က" အက္ခရာမှ "ကဃ" အက္ခရာထိ စုစုပေါင်းအက္ခရာ (၃၇)လုံး၊ ထီစာအုပ်( ၃၀၂၇၂၆၆ ) အုပ်အား ရောင်းချပေးခဲ့ပါသည်။

၂။ ထိုသို့ရောင်းချပေးခဲ့ရာတွင် ထီစာအုပ်(၂၇၆၅၉၇၁) အုပ်ရောင်းချခဲ့ရပြီး ထီစာအုပ် (၂၆၁၂၉၅) အုပ်မှာ ရောင်းမကုန်ထီအဖြစ် ကျန်ရှိခဲ့ပါသည်။ အဆိုပါ ရောင်းမကုန်ထီလက်မှတ်များအား ပြည်တွင်းအခွန်များဦးစီးဌာန ၏ Website: **www.irdmyanmar.gov.mm** နှင့် အောင်ဘာလေသိန်းဆုဌာနခွဲ၏ ကြော်ငြာသင်ပုန်းတွင် ကြေညာထားပါသည်။

၃။ ထီစာအုပ် ရောင်းရငွေမှာ(၂၇၆၅၉.၇၁၀)သန်းဖြစ်ပြီး၆၀%ထီဆုမဲအဖြစ် ခွဲဝေပေးမည့်ငွေမှာ(၁၆၅၉၅.၈၂၆) သန်း ဖြစ်ပါသည်။

၄။ ထီဆုငွေများကိုအထူးဆုကြီးစနစ်မှ **ကျပ်သိန်းတစ်သောင်းငါးထောင်ဆု၊ ကျပ်သိန်းငါးထောင်ဆု၊ ကျပ်သိန်းနှစ်ထောင်ဆု၊ ကျပ်သိန်းတစ်ထောင်ဆု** ၊ ဆုတစ်ဆုချင်းစနစ်မှ **ကျပ်သိန်းငါးရာဆု၊ ကျပ်သိန်းနှစ်ရာဆု၊ ကျပ်သိန်းတစ်ရာဆု၊ ကျပ်သိန်းငါးဆယ်ဆု၊ ကျပ်သိန်းနှစ်ဆယ်ဆု၊ ကျပ်တစ်ဆယ်သိန်းဆု၊ ကျပ်ငါးသိန်းဆုမဲများနှင့်** ဝေဝေဆာဆာဆုမဲများဖြစ်သည့် **ကျပ်(၃)သိန်းဆု၊ ကျပ်(၂)သိန်းဆု၊ ကျပ်(၁)သိန်းဆုနှင့် ကျပ်ငါးသောင်း ဆုမဲများ**ကိုဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။

၅။ ထိုသို့ ခွဲဝေချီးမြှင့်သွားမည့် ဆုမဲများဖွင့်လှစ်ရာ၌ အထူးဆုကြီးစနစ်နှင့် ဆုတစ်ဆုချင်းစနစ်တွင် ရောင်းမကုန်ထီ လက်မှတ်နံပါတ်မှ ဆုမဲပေါ်ထွက်လာပါက ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး၊ ဝေဝေဆာဆာ ဆုမဲစနစ်တွင် ရောင်းမကုန်ထီလက်မှတ်နံပါတ်မှ ဆုမဲပေါ် ထွက်လာပါက အဆိုပါဆုမဲတန်ဖိုးများအား စုပေါင်းပြီး အခြားသင့်လျော်သောဆုမဲများအားအစားထိုး ပြန်လည် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၆။ အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၅.၂၀၁၉)ရက်နေ့( ဗုဒ္ဓဟူးနေ့ ) နံနက် (၈) နာရီ အချိန်တွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

---

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန
## တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန တင်ဒါကော်မတီသည် သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(၁)နှစ်တာကာလတွင် လျာထားသော(၃၁)ဧကရေကန်အနီးမြေသား ကန်တူးဖော်ခြင်းနှင့်ကန်သာယာကန်အနီး မြေသားကန်တူးဖော်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအားတင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာ အဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ(Instructions to Tenders)နှင့်အညီ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါစာရွက်စာတမ်း အပြည့်အစုံကို ၆-၅-၂၀၁၉ရက်မှစတင်၍ သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်းဖွင့်ဖောက်သွားမည်ဖြစ်ပါသည်-

(က) တင်ဒါဖွင့်ဖောက်မည့်နေရာ - သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

(ခ) တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် - ၃၀-၅-၂၀၁၉ရက် နံနက် ၉ နာရီ

(ဂ) တင်ဒါဖွင့်ဖောက်စစ်ဆေးမည့် ရက်/အချိန် - ၃၀-၅-၂၀၁၉ရက် နံနက် ၁၀နာရီ

၄။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသော အချက်များကိုသုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဖုန်း-၀၉-၄၂၁၀၂၁၃၂၅၊ ၀၉-၄၃၀၃၉၂၅၇၊ ၀၉-၇၈၆၃၆၆၉၆၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန**

---

## မဲခေါင်အလှလူငယ်ပန်းချီဖိတ်ခေါ်ပြိုင်ပွဲ
## Mekong-Japan Exchange Year(2019)

မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်၏ ချစ်ကြည်ရေး(၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မဲခေါင်အလှပန်း ချီပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(၁) ပြိုင်ပွဲအမည် - မဲခေါင်အလှပန်းချီပြိုင်ပွဲ

(၂) ရေးဆွဲရမည့်အကြောင်းအရာ - မြန်မာအပါအဝင် မဲခေါင်ဒေသနိုင်ငံများဖြစ်သောထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၏ လူနေမှုဓလေ့စရိုက်နှင့် ယဉ်ကျေးမှုအနုပညာကို ပန်းချီကားအဖြစ် ရေးဆွဲယှဉ်ပြိုင်ရန်။

(၃) ပြိုင်ပွဲအမျိုးအစား - ရေဆေးနှင့်ဆီဆေး/ခရိုက်လစ် ဆေးပြိုင်ပွဲ

(၄) ပြိုင်ပွဲဝင်အရွယ်အစား - ရေဆေး (၁၅လက်မ×၂၂လက်မ)
- ဆီဆေး/ခရိုက်လစ်(၁၈လက်မ×၂၄ လက်မ)

(၅) ပေးပို့ရမည့်အရေအတွက် - ပြိုင်ပွဲအမျိုးအစားတစ်ခုအတွက် တစ်ဦးလျှင် အရေအတွက် (၃)ပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(၆) ဆုအမျိုးအစားများ - ပထမဆု(၅)သိန်း၊ ဒုတိယဆု(၃)သိန်း၊ တတိယဆု(၂)သိန်း ပြိုင်ပွဲနှစ်ခုအတွက် စုစုပေါင်းဆု(၆)ဆု ချီးမြှင့်မည်။

(၇) ပေးပို့ရမည့်နောက်ဆုံးရက် - ၁၅-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)

(၈) ပေးပို့ရမည့်နေရာ - ဦးအောင်သင်းဦး၊ တွဲဖက်ပါမောက္ခ (ပန်းချီ)၊ ပန်းချီပညာဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ဖုန်း-၀၉-၂၅၀၀၈၈၂၅၀
- ဦးမင်းလွင်၊ ပါမောက္ခ(ပန်းချီ)၊ ပန်းချီပညာဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဖုန်း-၀၉-၂၀၂၃၀၅၂

(၉) ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက် - ၁၅-၅-၂၀၁၉ရက်တွင် အသက်(၄၀)ထက်မကျော်လွန်သူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။
- ပြိုင်ပွဲဝင် ပန်းချီကားနှင့်အတူ ပန်းချီကား၏အဓိပ္ပာယ်ရှင်းလင်းချက်၊အမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်တို့ကို (A4)စာရွက်ဖြင့် ပန်းချီကားနောက်ကျောတွင်ပါရှိရမည်။
- မှတ်ပုံတင်မိတ္တူနှင့် ပတ်စပို့ဓာတ်ပုံ(၃)ပုံကို ပူးတွဲပေးပို့ရမည်။

(၁၀) ဆုကြေညာခြင်း - ဆုရရှိသူများကို ၁၉-၅-၂၀၁၉ရက်တွင် ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပြီး ၂၂-၅-၂၀၁၉ရက် မဲခေါင်အလှပန်းချီပြပွဲဖွင့်ပွဲတွင် ဆုချီးမြှင့်သွားမည်။

(၁၁) ပန်းချီကားများပြန်လည်ထုတ်ပေးခြင်း - ဆုမရရှိသော ပန်းချီကားများကို မိမိတို့ပန်းချီကားများ ပေးပို့သောနေရာများတွင် ပြန်လည်ထုတ်ယူနိုင်သည်။
- ဆုရပန်းချီကားများကို မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များတွင် အသုံးပြုရန် သဘောတူရမည်။
- ဆုရပန်းချီကားများကို မှတ်တမ်းအဖြစ် သိမ်းဆည်းပါမည်။

---

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ အကွက်အမှတ် (၁၀-ဃ/အထက-၄ အရှေ့)၊ ဦးပိုင်အမှတ် ၁၆၉၊ ဧရိယာ ၀ဒသမ ၄၈၀ဧကရှိ မြေကွက်အား ဦးစိုင်းအောင်ဘ ၁၃/လရန(နိုင်)၀၁၅၇၃၃က အမည်ပေါက်ပိုင်ဆိုင်ပြီး ၄င်းမြေကွက်အား မြို့မြေခ ပေးဆောင်ကြောင်းပြေစာ/မြေခွန်ပြေစာ ဖြင့် ပေးဆောင်ခဲ့ပြီး ဦးစိုင်းအောင်ဘက မြေငှားဂရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် သတင်းစာကြေညာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အ ထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

---

## ဖခင်အမည်မှန်

အထက(၅) လားရှိုးမြို့၊ တတိယတန်းမှ မောင်ဖွဲ့ထက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးနေအေး ၁၁/မပတ(နိုင်)၀၃၆၀၇၁ ဖြစ်ကြောင်း။

---

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၃-၂၀၁၉ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊ဒဂုံမြောက်မြို့နယ်ဘီးလစ်ဒေါ်နီလာခင်၏အရောင်းမြေပုံကူးတွင်ဘီးလစ်ဒေါ်နီလာခင်အစားဘီးလစ်ဒေါ်နီလာခင်(၁၂/မဂဒ(နိုင်)၀၉၈၉၀၁)ဟုအမှန်ပြင်ဆင်ဖတ်ရှုပါရန်။

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7323၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၆၁၇/အေ-က၊မြေကွက်တည်နေရာ အမှတ် ၆၁၇/အေ-က၊ ၅လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးလှဆန်း ၁၂/ဥကတ(နိုင်)၀၆၀၂၅၄ အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှဆန်း ၁၂/ဥကတ(နိုင်)၀၆၀၂၅၄ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၀၂၀/၁၄(၅-၁၂-၁၄) ဖြင့် ရရှိသူ SPဦးမြင့်သိန်း ၆/ကသန(နိုင်)၀၃၀၃၉၅မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၂/၈၃၆/၁၈(၂၁-၁၂-၁၈)၊ဦးလှဆန်း အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ ကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ပါ ပုံ/တဥ-၁၀၃/၉၇/(၁၇-၂-၉၇)ဖြင့် ဒေါ်ခင်ခင်ဝင်းမှ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက် ပုံ/တဥ-၂၀၁/၉၈(၃၀-၄-၉၈)ဖြင့် ဒေါ်ခင်ခင်ဝင်းမှမြေပုံကူးလျှောက်ထားလာခြင်းတို့အား SP ဦးမြင့်သိန်းမှ လုံးဝမသိရှိကြောင်း၊ ဂရန်အမည်ပေါက် ဦးလှဆန်းထံမှအရပ် ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ဦးလှဆန်းထံမှ အထူးကိုယ်စားလှယ်လွှဲစာရယူထားကြောင်းတို့ ရှင်းလင်းတင်ပြလာသဖြင့် အဆိုပါလျှောက်ထားမှုအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## Down Town တွင် အောက်ဈေးဖြင့် ကွန်ဒိုအမြန်ရောင်းမည်

❋ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်းနှင့် ကုန်သည်လမ်းပေါ်၌ အသစ်တည်ဆောက်ထားသော Time Square Condo တွင် (၆၅၀-စတုရန်းပေ) အကျယ်ရှိ အိပ်ခန်း(၂)ခန်းပါ ကွန်ဒိုအခန်းများအား အမြန်ရောင်းပါမည်။ (ကားပါကင်ပါ ၊ Lift ပါ)

➢ ဈေးနှုန်း- ၆၈၀ သိန်း (ညှိနှိုင်း)

➢ ပိုင်ဆိုင်မှု (Owner Book)

09-422 8888 93,09-422 8888 94,09-422 8888 92

# Times City

မကြာမီဖွင့်လှစ်တော့မည့် Times City Complex ၌ ခမ်းနားလှပလွန်းသည့် ဗိသုကာဒီဇိုင်းများ၊ ခေတ်မီနည်းပညာများဖြင့် တည်ဆောက် ထားသည့် Hilton Hotel ၊ Residences ၊ Office Tower ၊ Jewellery & Luxury Mall နှင့် Times Mall Shopping Centre တို့ ပါဝင်သော အထပ်မြင့် အဆောက်အဦများဖြင့် ဖွဲ့စည်းထားပါသည်။



ကားအစီးရေ ၂၀၀၀ ကျော်တပြိုင်တည်းရပ်နားနိုင်ပြီး ရန်ကုန်မြို့၏ အချက်အချာကျသော နေရာမျိုးတွင် လူကြီးမင်းတို့၏ စီးပွားရေး လုပ်ငန်းများအား တိုးချဲ့လုပ်ကိုင်လိုပါက ဟံသာဝတီ လမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ Times City Complex သို့ လာရောက်လေ့လာရန် ဖိတ်ခေါ် အပ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များ၏ ဆုံမှတ်၊ ရင်းနှီးမြှုပ်နှံသူများအတွက် အကြီးမားဆုံးအခွင့်အရေး၊ တစ်နေရာထဲတွင် ပြီးပြည့်စုံသည့် ဝန်ဆောင်မှုများဖြင့် စျေးဝယ်သူများ၏ နံပါတ်တစ်ရွေးချယ်မှု ဖြစ်လာမည့် Times City Complex ကြီးရှိ ရုံးခန်း၊ ဆိုင်ခန်းများကို အထူး စျေးနှုန်းများဖြင့် ဝယ်ယူ ငှားရမ်းနိုင်ရန် Information Center အား နေ့စဉ် နံနက် (၉း၀၀) နာရီ မှ ညနေ (၅း၀၀) အထိ ဖွင့်လှစ်ထားပါကြောင်း အထူးသတင်းကောင်းပါးအပ်ပါသည်။

လိပ်စာ - Times City ၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်းနံပါတ် - 09-765800800 , 09-764800800 , 09-5045777

- Website - http://www.timescity.com.mm
- Facebook - Times City Yangon - Myanmar
- Email - timescityproject@gmail.com



ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော MEC

# MYANMAR EDUCATION CENTRE
# မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

မေလ ၃ ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်

ကျောင်းလခနှင့် နှစ်စဉ်ကြေး

| မူလတန်း နှစ်စဉ်ကြေး ၄၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| သူငယ်တန်း (KG) | ၄၅၀၀၀ |
| ပထမတန်း | ၄၅၀၀၀ |
| ဒုတိယတန်း | ၄၅၀၀၀ |
| တတိယတန်း | ၄၅၀၀၀ |
| စတုတ္ထတန်း | ၅၀၀၀၀ |

| အလယ်တန်း နှစ်စဉ်ကြေး ၅၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| ပဉ္စမတန်း | ၅၀၀၀၀ |
| ဆဌမတန်း | ၅၀၀၀၀ |
| သတ္တမတန်း | ၅၀၀၀၀ |
| အဋ္ဌမတန်း | ၅၅၀၀၀ |

| အထက်တန်း နှစ်စဉ်ကြေး ၆၀၀၀၀ | |
|---|---|
| နဝမတန်း | ၆၀၀၀၀ |
| ဒသမတန်း | ၇၀၀၀၀ |

*လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်။*

- နိုင်ငံတော်မှချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအပြင် ထပ်ဆောင်း၍ အင်္ဂလိပ်စာ 4 Skills၊ ပန်းချီ၊ မြန်မာ့သိုင်း ပညာရပ်များကိုထည့်သွင်းသင်ကြားပေးနေပါသည်။
- သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းချိန်နံနက် ၈း၀၀ မှ နေ့လယ် ၁း၃၀ နာရီအထိ။
- အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများအတွက် Study Guide အချိန်များ ရှိပါသည်။ (Study Guide အချိန်ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ နံနက် ၈း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ)

ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ဗိုတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၉၅ ၅၀၅၅၂၀၃၊ ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၉၅ ၅၁၀ ၂၁၃၃

Myanmar Education Centre (MEC) သည် စေတနာ၊ သဒ္ဓါ၊ ဝါသနာတို့ဖြင့် ရင်းနှီးမတည်ကာ ကျောင်းလစဉ်ကြေးကို မိဘများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်၍ အတတ်နိုင်ဆုံး လျှော့ချကောက်ခံထားပါသည်


## ပတ်စ်ပို့ပျောက်

ကျွန်မ မရာမူနာဒေဝီ ၁/ရကန(နိုင်) ၀၇၂၂၂၁ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၂၁၆၁၆၄

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အထက(၃)၊ ဆဋ္ဌမတန်း(D)(အောင်)မှ (ဘ) ဦးဆန်းဝင်းဦး၏သမီး မသက်မှူးအိမ့်အား မသွန်းဆုတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။


# Student's Companion
## English Workbooks
Ph:09-500 2378 / 795 456 795 / 795 677 588


## မာလာတင်
## အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ
၂-၅-၂၀၁၉ ရက်စမည်
စုံစမ်းချိန် နံနက် ၉ နာရီ
မှ
ညနေ ၃ နာရီအတွင်း

လှူဦးရေကန့်သတ်သည်
အမှတ် ၂၉၇၊ အခန်း ၆
မဟာဗန္ဓုလပန်းခြံလမ်း
ဖုန်း-၃၈၄၉၂၄၊ ၃၇၉၇၃၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/23417 JINCHENE CLICK 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသွယ်မိုး ၉/မဟမ(နိုင်)၀၃၂၄၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/9907 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

နိုင်ငံတကာသတင်းဂျာနယ်

အမှတ်စဉ် - ၁၂၀၈

သီဟိုဠ်ကျွန်းရဲ့ သွေးမတိတ်သေးတဲ့ဒဏ်ရာ

ထရီပိုလီလွတ်မြောက်ရေးတိုက်ပွဲများနှင့်အတူ လစ်ဗျားပြည်တွင်းစစ်အဆုံးသတ်နိုင်တော့မည်လား

ပြည်တွင်းသူပုန်ကို အမြစ်ပြတ်တိုက်ခိုက်နိုင်ခဲ့သော သီရိလင်္ကာအစိုးရ အကြမ်းဖက်မှုကို ဘယ်လိုနှိမ်နင်းမှာလဲ

သမ္မတဂျိုကိုဝီဒိုဒို၏ ဒုတိယသက်တမ်းကာလတွင် အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ အလားအလာ

ဗင်နီဇွဲလား ဆီးရီးယားနိုင်ငံလို ဖြစ်လာမှာလား

တရုတ်နဂါးကြီးအား အစာကျွေးခြင်း

မြောက်ကိုရီးယားမီဒီယာများ၏ အပြောင်းအလဲ



တနင်္လာနေ့တိုင်း ထွက်ပြီ

နယ်စာပတ်ပရိသတ်များ၊ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-

ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ် (၇၇)၊ ၅၂ လမ်း၊ ကြေးမုံသတင်းစာတိုက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၀၁-၃၉၇၃၃၀၊ ၀၁-၂၉၂၈၃၀

Gmail - internationaljournalmm@gmail.com



လှုံထမ်းလာတာကို မြင်ရသော်လည်း၊ ကံထမ်းလာတာကို မမြင်ရဘူး သင့်ကံကြမ္မာကို ကြိုတင်သိရှိနိုင်ဖို့အတွက် -

မြန်မာသက္ကရာဇ် ၁၃၈၁-ခုနှစ်

စံ-ကဏဘို

မြန်မာ့ရိုးရာအဋ္ဌဟောကိန်း

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ မိမိတို့၏ နေ့အလိုက် တစ်အုပ်ချင်းထုတ်ဝေထားပါသည်။

အဆောင်လက်ဖွဲ့ ပစ္စည်းများကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။

ထွက်ပြီ

ပင်ရင်းဖြန့်ချိရေး
အမှတ်-၂၈၆(မြေညီထပ်)၊ လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့။
ဖုန်း -၀၁ ၇၀၉၀၁၂၊ ၃၉၁၁၆၉၊ ၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉

မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်-၂၂၁၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း -၀၂ ၄၀၃၉၇၁၇၊ ၄၀၆၀၁၃၆



အောင်သရဖူ

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ခန်းရုံးခန်းများ ပြောင်းရွှေ့ခြင်း အတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်။

အမှတ်-၁၈၃၊ မြပန်းမုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊

09254009334, 09254009335, 09254009336



မ်ား SEVEN ၀ံ

မြေကွက်များရောင်း/ဝယ်ရေး

ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ (ရွှေပေါက်ကံမြို့သစ်)

အိမ်အရောက် ငွေပေးချေသည်။

"ပွဲခလုံးဝမယူပါ"။

09 - 33 333 511
09 - 33 333 514
09 - 33 333 644



နှစ်သစ်ဆုမွန်ကောင်းပို့သခြင်း

စတင်ထုတ်လုပ်ချိန်မှစ၍ ယနေ့အချိန်ထိ အမှတ်တံဆိပ်တစ်မျိုးတည်းကိုသာ ထုတ်လုပ်လာခဲ့သော Royal-D သည် အခြားသော အမှတ်တံဆိပ်အခွဲများ ထပ်မံထုတ်လုပ်ထားခြင်းမရှိပါကြောင်း ချစ်သော မိဘပြည်သူအပေါင်းအား လေးစားစွာအသိပေးလိုပါသည်။

ယနေ့အထိ ချစ်ခင်နှစ်သက်စွာ၊ သစ္စာရှိစွာ အားပေးလာကြသော မိဘပြည်သူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန် အခါသမယတွင် Royal-D ချစ်သူများအားလုံး ကြည်နူးရွှင်ပြချမ်းမြေ့ပါစေကြောင်း ဝမ်းမြောက်စွာဆုမွန်ကောင်းတောင်းလိုက်ပါသည်။

Royal-D

ELECTROLYTE BEVERAGE





ချွေး ထွက် များ လို့ ရေ ဓာတ် ဆုံး ... ရွိုင်ရယ်-ဒီ သာ အကောင်းဆုံး

မြန်မာအိုအေစစ်ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိသည်။



မြင့် အင် ဆန်း

အရေပြားနှင့် အလှအပဆေးခန်း




- အရေပြားရောဂါအမျိုးမျိုး ■ အလှအပပြဿနာများ
- ဝက်ခြံ၊ ဆားဝက်ခြံ၊ အဆီပြန်ခြင်း၊ ဝက်ခြံအမာရွတ်၊
- အညိုအမည်းကျန်ခြင်း၊ အသားအရောင်မှိန်ခြင်း၊ မှဲ့ခြောက်၊ တင်းတိပ်၊ နေလောင်ကွက်၊ အရေးအကြောင်းထခြင်း၊ အသားဖြူဆေး၊ ဘိုတောက်စ်ထိုးခြင်း၊ ဖြည့်ဆေးထိုးခြင်း၊ လေဆာစက်များဖြင့် ကုသခြင်းတို့အပြင် အခြားသော အသားအရေထိန်းသိမ်းခြင်းဆိုင်ရာ ကုသမှုအမျိုးမျိုးကို အရေပြားအထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကုသဆောင်ရွက်ပေးပါသည်။

နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ဗွီးရှင်းမျက်မှန်ဆိုင်နှင့်မျက်နှာချင်းဆိုင်)၊ ရန်ကုန်။ ဖုန်း-၃၈၂၂၄၇၊ ၂၅၆၀၄၅



အဆီများ၍ဗိုက်ချပ်လိုသူများ၊ ဝမ်းပျော့ ဝမ်းမှန်လိုသူများအတွက်...

သဏ္ဍာန်မောင်

အမှတ်တံဆိပ်



ရှားစောင်းလက်ပပ်ဝမ်းပျော့ဝမ်းမှန်ဆေး

အမြို့မြို့ဆေးဆိုင်တိုင်းတွင် လက်လီလက်ကား ရရှိနိုင်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR012605(0320) တဆဝက စာနယ်ဇင်း ၂၂၃/၀၁၁၈

ပင်ရင်း
စုစေတနာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ၁၄/၁၉၊ မဥ္စူလမ်း၊ စက်မှုဇုန်၊ ပုသိမ်မြို့။
ဖုန်း ၀၉ ၄၉၂၃၅၈၀၈၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ယ/၄၁၂၃၅ Honda (China), M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာ ၉/မရတ(နိုင်)၀၇၁၆၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8L/8261၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ခင်ခင် (ကသာမြို့)

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)ဝန်ကြီးချုပ်ရုံး**

**အသက်(၉၃)နှစ်**

ကသာမြို့နေ (ဦးဘမောင်-ဒေါ်သောင်း)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ အမှတ်(၉၁)နေ (ဦးကျား)-ဒေါ်အုန်းခင်တို့၏ညီမ၊ ဒေါ်တင်အေးကြည်၏အစ်မ၊ (ဦးဝင်းမြင့်)-ဒေါ်သက်သက်၊ ဗိုလ်မှူးကြီးဒေါ်နွယ်နွယ်ဝင်း၊ ဗိုလ်မှူးမင်းဇော်(ငြိမ်း)-ဒေါ်ချိုချိုဦးတို့၏အဒေါ်၊ ဦးအောင်အောင်သန့်-ဒေါ်ယုယုအေး၊ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း-ဒေါ်လွင်မာတို့၏အဘွား၊ မမေဇော်ဦး၊ မချစ်ဆုလာဘ်ဝင်းတို့၏ဘွားဘွားကြီးသည် ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား တပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပေးပို့ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ရက်(စနေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ မြို့သစ်(၁)လမ်း ဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အံစိန် (မြိတ်/သဲချောင်း)

**အသက်(၇၉)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ရေကန်တောင်ကျေးရွာအုပ်စု၊ သဲချောင်းရွာနေ (ဦးစံရွှေ-ဒေါ်မိတင်)တို့၏ သမီးကြီး၊ ဦးသင်းအောင်၏ဇနီး၊ ဦးကျားမောင်-ဒေါ်မြမြ၊ ဦးအေးမောင်-ဒေါ်မြစိန်၊ (ဦးမောင်စိုး)၊ ဦးတင်ရွှေ-ဒေါ်ရှုတ်၊ ဦးမြင့်နိုင်-ဒေါ်စန်းစန်းယု၊ ဦးမောင်မြင့်-ဒေါ်အင်ကြည်တို့၏ အစ်မ ဦးသိန်းကို-ဒေါ်ဝင်းရီ၊ ဦးသန်းကို-ဒေါ်မိန္ဒဲ့၊ ဦးဝင်းကို၊ ဦးအက်ကြောင်း(ခ) ဦးအေးကို-ဒေါ်ဖြူ၊ ဦးမောင်မျိုး-ဒေါ်သန်းသန်းဆင့်တို့၏မိခင် မြေး (၁၄) ယောက်တို့၏အဖွားသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေ)နေ့၊ နံနက် ၇း၁၀ နာရီတွင် ကွယ်လွန်းသွားပါသဖြင့် ၄-၅-၂၀၁၉ ရက်နေ့ (စနေနေ့)တွင် သဲချောင်းရွာမှ ကျောက်တောင်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေးမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်ကြည် (မြင့်ဝင်းနီ)

**(မြန်မာ့အလင်းသတင်းထောက်)**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ် ၄၅၇နေ (ဦးရွှေ-ဒေါ်အုန်းကြွယ်)တို့၏သား၊ (ဦးလှမြင့်-ဒေါ်ရင်နု)တို့၏ သားသမက်၊ ဒေါ်ဖြူဖြူမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးနီဟိန်းအောင်-ဒေါ်ယဉ်မိုးဟန်၊ မောင်ထက်အောင်ဝင်းတို့၏ဖခင်သည် ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ရက် နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်ကြည်(မြင့်ဝင်းနီ) အသက်(၇၆)နှစ်

**မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့(နာယကကြီး)၊ သက်ကြီးကန်တော့ခံ**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ နာယကကြီး ဦးမြင့်ကြည်(မြင့်ဝင်းနီ)သက်ကြီးကန်တော့ခံသည် ၂၈-၄-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြန်မာ့အလင်းသတင်းစာမြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့**

### အထူးကျေးဇူးဥပကာရတင်ရှိခြင်း

## ဦးကျော်ညွန့် (B.E Mechanical 1969)

**ညွှန်ကြားရေးမှူး(ငြိမ်း)ဆည်မြောင်းဦးစီးဌာန**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် ၅(စ)နေ ဒေါ်ခင်အေးအေး၏ခင်ပွန်း ဦးကျော်ညွန့် ၂၀-၄-၂၀၁၉ ရက်တွင် ကွယ်လွန်ချိန်မှစ၍ ရက်လည်ဆွမ်းကျွေးပြီးသည့် အချိန်အထိ အစစအရာရာ ကူညီပံ့ပိုးပေးခဲ့ကြသော ဆည်မြောင်းမိသားစုများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေသင်္ဂဟများ၊ သတင်းမေးမြန်းကြသူများ၊ လှူဖွယ်ပစ္စည်းပေးပို့ လှူဒါန်းကြသူများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများ အားလုံးတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ပုလဲ အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ(စာရေးဆရာကြီး မဟာဆွေ-ဒေါ်ကြည်ကြည်)တို့၏မြေး၊ (ဦးစိန်ဘန်း-စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦး) တို့၏တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့နေ (ဦးထင်အောင်)-ဒေါ်ခင်ဆွေအေးတို့၏တူမ၊ (ဦးမောင်မောင်တိုး)-ဒေါ်မိုးမိုး ဆွေ၊ ဦးခင်မောင်ငွေ-ဒေါ်ချစ်ချစ်သက်ဆွေ၊ ဦးအောင်မြင့်ဦး-ဒေါ်ဝေလွင်ဆွေ၊ ဒေါ်မျိုးမြတ်ဆွေ၊ ဒေါ်လှိုင်လမင်းဆွေတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ(၅)လမ်း၊ အမှတ် ၅၅၇နေ ဒေါက်တာမောင်မောင် စော၏ဇနီး၊ စင်ကာပူနိုင်ငံနေ မစောချိုဦး၊ မလပြည့်အေးချမ်း၊ မစိန်ယင်းမာတို့၏ချစ်လှစွာသောမိခင်သည် ၂၇-၄-၂၀၁၉ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၉-၄-၂၀၁၉ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

မြောင်းမြမြို့၊ (၅)ရပ်ကွက်၊ မြိုင်ဂန္ဓမာ ၁လမ်းနေ ဦးတလုပ်ကြီး၏သမီး ဒေါ်စန်းမြင့် ၁၄/မမန(နိုင်)၀၁၀၆၈၆မှ မြောင်းမြမြို့၊ မြေစာရင်းရပ်ကွက်၊ အမှတ် ၁၅၊ ရှမ်းကုန်းပိုင်း၊ ဦးပိုင်အမှတ်(၆၇)၊ ဧရိယာ၀ဒသမ၀၅၂ဧကရှိမြေအား လူနေထိုင်ရန် ဂရန်သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာပါသည်။ ယင်းမြေသည် DOVNO ၂၇၉/၁၉၅၀-၅၁အရ (၃-၁၂၀၅၃)မှ (၂-၁၂-၆၃) အထိ ဖခင်ဖြစ်သူ ဦးတလုပ်ကြီး အမည်ဖြင့် (၁၀)နှစ် ဂရန်ရရှိခဲ့ပြီး ယင်းဂရန်စာချုပ်မူရင်းမှာ (၁၉၈၄) ခုနှစ်တွင် မြောင်းမြမြို့၊ (၅)ရပ်ကွက်၊ မီးလောင်စဉ်က မီးလောင်ပျက်စီးသွားခဲ့ပါသည်။ ယခုတွင် ဒေါ်စန်းမြင့် အမည်ဖြင့် လူနေထိုင်ရန် ဂရန်သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားတင်ပြလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လာသူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောင်းမြမြို့**

ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဒေါ်ရင်အေး

**(မြန်မာ့မီးရထား-ငြိမ်း)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ လမ်း ၁၁၀၊ အမှတ် ၈ (ငါးလွှာ၊ ယာ)နေ(ဦးချစ်တင်-ဒေါ်ရှင်) တို့၏သမီး၊ ဦးသန်းရွှေ၏ ချစ်လှစွာသောဇနီး၊ ဦးတင်အောင်-ဒေါ်ဝင်းကြည်၊ ဦးသိန်းဇော်-(ဒေါ်မြင့်မြင့်ကြည်)တို့၏အစ်မ၊ ဦးဇေယျာမင်းနောင်-ဒေါ်သိမ့်ဆုထိုက်၊ ဦးတေဇာမင်းအောင်၊ ဦးရဲလင်း-ဒေါ်အိအိရွှေဇင်တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၂၇-၄-၂၀၁၉ရက် (စနေနေ့) နံနက် ၃း၁၈ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဝင်း

**အသက်(၇၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၃၀/၇၃)နေ ဒေါ်ခင်ခင်စန်း၏ခင်ပွန်း၊ (မောင်ကိုကိုဝင်း)-မသီဂီအေး၊ မောင်ညီညီဝင်း၊ မဇွန်ပွင့်ဖြူတို့၏ဖခင်၊ မောင်လတ်ထွန်းအိမ်(ခ) Charming ၏အဘိုးသည် ၂၇-၄-၂၀၁၉ရက် (စနေနေ့) ည၁၀း၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၉ ရက် (သောကြာနေ့) နံနက် ၇ နာရီမှ ၁ ၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီနီ

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့နေ (ဦးကံကြာ)-ဒေါ်စန်းတို့၏သမီး၊ ပဲခူးမြို့နေ(ဦးရှိထင်း)-ဒေါ်လှိုင်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ၂၈လမ်း၊ အမှတ် ၁၂၃(ပထမထပ်)နေ ဦးယုဝင်း-ဒေါ်သင်းသင်းနိုင်တို့၏ညီမ၊ ဒေါ်ဖြူဖြူဝင်း၊ ဦးစိန်ဝင်းမော်-ဒေါ်စန်းစန်းမြ၊ ဦးဇော်ဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးတင်ဝင်း-ဒေါ်ခင်မာမြင့်၊ ဦးတင်မျိုးထွေး-ဒေါ်အေးအေးမြတ် တို့၏ အစ်မ၊ ဒေါ်ကျော့ကျော့ဝေ၊ ဦးသန်းစိုး [Second mate (f.g)]၊ ဒေါ်မေသန္တာ၊ ဦးကျော်သီဟ [Chief mate(f.g)]-ဒေါက်တာပွင့်ဖြူ (ကထိက၊ ဥပဒေပညာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား၊ ဦးမြတ်အေး၏ချစ်လှစွာသောဇနီးသည် ၂၈-၄-၂၀၁၉ရက် နံနက် ၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းအောင် B.Sc, Engg(Mech)

**စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာချုပ်(ငြိမ်း)**

**မြန်မာ့မီးရထား**

**အသက်(၉၁)နှစ်**

ပြင်ဦးလွင်မြို့နေ (ဦးချာလီ-ဒေါ်ခင်ပု)တို့၏သား၊ ဒေါ်သန်းသန်းအေး၏မောင်၊ (ဒေါ်ခင်စန်းစန်း)၏ချစ်လှစွာသောခင်ပွန်း၊ [ဦးအုန်းသွင်(ခ)ဂျမ်ဘို]၊ (ဦးကျော်လွင်အောင်)၊ ဗိုလ်မှူးချုပ်ကြည်လွင်-ဒေါ်အေးအေးဝင်း၊ ဒေါက်တာအောင်ဇော်၊ ဒေါ်တင်မေသန်း၊ ဦးမျိုးဝေ-ဒေါ်မော်မော်သန်း၊ ဦးမြင့်သိန်း-ဒေါ်လဲ့လဲ့ဝင်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၇-၄-၂၀၁၉ရက် နံနက် ၉း၄၀နာရီတွင် အမှတ် (၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ် ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၉ရက် နံနက် ၇နာရီမှ ၁၁နာရီ အထိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ အမှတ်(B-5) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ခင်ကြည် (ပေါင်းတည်)

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာလမ်း၊ အမှတ်(၃၀/က)နေ ဦးစန်းသိန်း-ဒေါ်သန်းသန်းအေးတို့၏မိခင်၊ ကိုမျိုးမင်းသိန်း-မလဲ့ရည်သင်း၊ ကိုဇေယျာဟိန်း-မစိုးသူဇာသိန်း(ခေတ္တ-UK)၊ ဒေါက်တာကျော်စွာသိန်း-ဒေါက်တာနန်းလဲ့သီရိကျော်တို့၏အဘွား၊ မောင်မွန်သုခဟိန်း၊ မဖူးရွှေရည်သိန်းတို့၏ဘွားဘွားကြီးသည် ၂၇-၄-၂၀၁၉ရက် (စနေနေ့) ညနေ ၅း၁ ၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၉ ရက် နံနက် ၉ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှစိန်(ခ)လင်ခိုင်ခေး

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ စဉ့်အိုးတန်းလမ်း၊ အမှတ် ၁၃၈(ပထမထပ်)၊[ဦးစိန်(ခ)လင်ရှုတ်ဂိုင်-ဒေါ်ခင်ဝင်း]တို့၏သား၊ ဒေါ်မြသန်း(ခ)အင်ပိုးကြူး၏ခင်ပွန်း၊ ကိုခင်မောင်စန်း-မသဇင်နွယ်တို့၏ဖခင်၊ မောင်သန်းထိုက်စိုး၊ မောင်ရဲရင့်ဖြိုး၊ မချမ်းမြေ့ဇင်တို့၏အဘိုးသည် ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေ နေ့) မွန်းလွဲ ၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၅-၂၀၁၉ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကုသလစာရီ

**အသက်(၈၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီးချုပ် ဦးသန်းထွန်း၏မိခင် (ဆရာကြီး) ဒေါ်ကုသလစာရီသည် ၂၆-၄-၂၀၁၉ရက် ညနေ ၄း၄၅နာရီတွင် ပုသိမ်မြို့ လမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကုသလစာရီ

**အသက်(၈၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီးချုပ် ဦးသန်းထွန်း၏မိခင် (ဆရာကြီး) ဒေါ်ကုသလစာရီသည် ၂၆-၄-၂၀၁၉ရက် ညနေ ၄း၄၅ နာရီတွင် ပုသိမ်မြို့ လမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပုသိမ်ခရိုင်နှင့်ခရိုင်အတွင်းရှိမြို့နယ်တရားရုံးများ**

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးဟောက်ခင်းခမ် (Pu Hau Khen Kham)

**ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ(ဟောင်း) (၂၀၁၁-၂၀၁၆)**

**အသက်(၇၂)နှစ်**

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်၊ အမှတ်(ဈသ/၁၂၀၀)နေ ဒေါ်ကျင်းဒိုက်ဝုန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးတွာလ်လမ်းကျင့်(မဟာဝိဇ္ဇာတန်း၊ ကလေးတက္ကသိုလ်)-ဒေါ်ခွေရှင်းကျိန်(ထပြ၊ အထက-၁၊ တီးတိန်)၊ ဦးထန်ကိပ်စိန်(ဒါရိုက်တာ၊ ဇိုလင်းကုမ္ပဏီ၊ ဟားခါး)-ဒေါ်နီနိလမ့်လိန်း(မူပြ၊ အမက-ဆက်ပီး)၊ မဇမ်းတွဲလျန်း(သူနာပြု၊ ဟားခါးပြည်သူ့ဆေးရုံကြီး)၊ မကျိန်လိုမ်နွမ်း(ချင်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဟားခါး)၊ မညောင်ဟောက်ကိမ်(ပြည်နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဟားခါး)၊ မောင်ပေါင်ဆူမ်ခိုင်(တက္ကသိုလ်ဝင်တန်း၊ ACYS-Falam)တို့၏ဖခင်သည် ၂၇-၄-၂၀၁၉ရက် ည ၁၁နာရီတွင် ဟားခါးပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၄-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ဟားခါးအမှတ်(၂) သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဆရာမကြီး ဒေါ်နော်ငွေးမေ (အထက်တန်းသူနာပြု)

**အသက်(၉၇)နှစ်**

(ဦးစံဦး-ဒေါ်နှင်းဆီ)တို့၏သမီး၊ (ဦးစောဆင်မြူရယ်ချစ်)၏ဇနီး၊ (နော်ရွှေနှင်းဆီ)၊ နော်ပွယ်ထူး-(ဦးအောင်ကြည်မင်း)၊ နော်ထူးထူးဖော၊ နော်ကပေါ်ထူး၊ စောနွဲ့းထူး-နော်သီဂီချစ်သိန်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၃၈လမ်း (အလယ်)၊ အမှတ် ၁၈၄ (သုံးလွှာ၊ဝဲ)နေအိမ်၌ ၂၇-၄-၂၀၁၉ရက် ညနေ၆း၀၆နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်တွင် ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး ဒါယကာကြီး

## ဦးကျော်မြင့် (ဒု/ညွှန်မှူး၊ သမဦးစီးဌာန)

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၂လမ်း၊ အမှတ်၄၉နေ (ဦးစောလှိုင်-ဒေါ်သိန်းရင်)တို့၏သား၊ ဦးထိန်ဝင်း-ဒေါ်နီလာမြင့်၊ ဒေါ်သီတာမြင့်(ကျောင်းအုပ်ဆရာမကြီး၊ အလက/ပလ္လင်္ကာ၊ခရမ်းမြို့နယ်)၊ ဦးကျော်စွာမြင့်-ဒေါ်ရီရီအောင်တို့၏ဖခင်၊ မောင်ထက်အောင်ကျော်-မအိမ့်သဉ္ဇာသက်၊ မသီရိစန္ဒီဝင်း၊ မခိုင်သီရိအောင်တို့၏အဘိုးသည် ၂၈-၄-၂၀၁၉ရက်မွန်းလွဲ ၂း၀၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ရက် (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ခေါင်းလောင်းဒါယိကာမကြီး

## ဒေါ်ခင်အေး (လေးမျက်နှာမြို့)

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ ၁၃၃လမ်း၊ အမှတ်(၃၀)၊ အမှတ် ၁၉ နေ (ဦးထွန်းတင်-ဒေါ်သိန်းပို) တို့၏သမီး၊ ကျုံမငေးမြို့နေ (ဦးဘိုးဝ-ဒေါ်လုံမလေး)တို့၏သမီးချွေးမ၊ ဦးတင်လှိုင်[သတင်းစာဆရာ၊ စာရေးဆရာမောင် တင်လှိုင်(ဟိုတယ်/ခရီး)]၏ဇနီး၊ ဒေါ်စန္ဒာလှိုင်(လ/ထစာကြည့်တိုက်မှူး၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးကျော်ကျော်လှိုင်၊ ဒေါ်သန္တာလှိုင်(ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးကျော်သူလှိုင်-ဒေါ်လဲ့လဲ့နွယ်တို့၏မိခင်၊ မောင်ရဲထက်လှိုင်၊ မောင်သုတလှိုင်(အထက-၆၊ ဗိုလ်တထောင်)၊ မောင်လှိုင်ဘိုဘိုအောင်တို့၏ဘွားဘွားကြီးသည် ၂၈-၄-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ခေါင်းလောင်း ဒါယိကာမကြီး

## ဒေါ်ခင်အေး (လေးမျက်နှာမြို့)

**အသက်(၇၆)နှစ်**

ဦးတင်လှိုင်[သတင်းစာဆရာ၊ စာရေးဆရာမောင် တင်လှိုင်(ဟိုတယ်/ခရီး)]၏ဇနီး ဒေါ်ခင်အေး(လေးမျက်နှာမြို့) ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာမောင်ယဉ်ကျော်၊**
**အဆိုတော် သန်းထွန်းလေး၊**
**အသံတုရဲမြင့်လေးမိသားစု**
**ပုသိမ်လှကြည်**
**သစ္စာဝါဒီဦးမြင့်အောင်(ဟသ်ာတ)**

### ဝမ်းနည်းကြေကွဲခြင်း

## ဦးမိုက်ကယ်ညိုလေး

**ဗိုလ်မှူး(ငြိမ်း)၊ D.S.A-9**

**လေယာဉ်မှူးကြီး(ငြိမ်း)၊ မြန်မာ့လေကြောင်း**

**အသက်(၇၃)နှစ်**

မန္တလေးမြို့၊ ဒိုင်အိုကျောင်းဝင်းနေ (ဦးဘဟန်-ဒေါ်သိန်းသိန်း)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးနိုင်ဝင်း-ဒေါ်ငြိမ်းမြ)တို့၏ သားသမက်၊ ဒေါ်စန္ဒာဝင်း(S.A.T-ငြိမ်း)၏ခင်ပွန်း၊ မနှင်းကေခိုင်၏ဖခင်သည် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) ညနေ ၅း၃၀နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**D.S.A-9th Intake မှ သူငယ်ချင်းများနှင့်မိသားစုများ**

ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

## ဒေါ်ရီရီမြင့်(ခ)ဒေါ်ညိုလေး (ဟသ်ာတ)

**အထက(၄)၊ အထက်တန်းပြ(ငြိမ်း)**

**အသက်(၇၅)နှစ်**

ဟသ်ာတမြို့၊ လက်သမား(မြောက်)ရပ်ကွက်၊ ဦးရွှေဒွေးလမ်း၊ အမှတ် ၁၂၃နေ ဒေါ်တင်ကြွယ်၏အစ်မ၊ ဒေါက်တာတင်ထွန်းနိုင်(ပုတီးကုန်း)-ဒေါ်အေးအေးနွယ်၊ ဒေါ်အေးသီတာ၊ဒေါ်ဆုလင်းမြတ်တို့၏အဒေါ် ဒေါ်ရီရီမြင့်(ခ)ဒေါ်ညိုလေးသည် ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ဟသ်ာတမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မတူပီ - ဟားခါး လမ်းပိုင်း လမ်းတာချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းသို့ ဆက်သွယ်သည့် မတူပီ - ဟားခါးလမ်းပိုင်း လမ်းတာချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**ဟားခါး မေ ၂၈**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ်၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းသို့ ဆက်သွယ်သည့် မတူပီ - ဟားခါး လမ်းပိုင်း လမ်းတာချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ ဆူရိခွားမြို့တွင် ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့သည် မတူပီမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့်ထွက်ခွာလာရာ လမ်းတစ်လျှောက်ရှိ မြို့၊ ရွာများမှ ဒေသခံပြည်သူများက ရိုးရာဓလေ့အတိုင်း ဂုဏ်ပြုကြိုဆိုကြပြီး ဒုတိယသမ္မတက ဒေသခံပြည်သူများ၏ လိုအပ်ချက်များအား ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးသည်။

ထို့နောက် ဦးမျိုးကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်နေသည့် ဟားခါး-မတူပီလမ်း (၁၂၈ ဒသမ၇ဝကီလိုမီတာ) (၈ဝ/ဝ)မိုင်မှ (၁၂၉ ဒသမ ဝဝ ကီလိုမီတာ) (၈ဝ / ၁ ဒသမ ၅ မိုင်) အတွင်း လမ်းတာချဲ့ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လက်ရှိ လမ်းတာချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✤

# အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲတွင် အိမ်ရှင်မြန်မာအသင်း ဩစတြေးလျကို ရှုံးနိမ့်

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့် အုပ်စု (က) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပရာ အိမ်ရှင် မြန်မာအသင်း ရှုံးနိမ့်ပြီး ဩစတြေးလျနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အာရှထိပ်သီးအသင်းတစ်သင်းဖြစ်သလို ဘောလုံးအဆင့်အတန်း မြင့်မားသည့် ဩစတြေးလျအသင်းကို မြန်မာအသင်း အနေဖြင့် အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး ယခုရလဒ်အတွက် ကျေနပ်စရာပင် ဖြစ်သည်။ မြန်မာအသင်းသည် ဩစတြေးလျကို ရှုံးသော်လည်း ခြေစစ်ပွဲ အောင်ရန် သက်ရောက်မှုမရှိဘဲ



မြန်မာအသင်း ထိုးဖောက်မှုကို ဩစတြေးလျ ဂိုးသမားနှင့် ကစားသမားများ ဟန့်တားစဉ်။ ခတ်ပုံ-ဖိုးသော်ဇင်

နောက်ဆုံးပွဲတွင် နီပေါအသင်းကို အနိုင်ရရန်သာ လိုအပ်နေသည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သော်လည်း အမာခံကစားသမားအများစုပါဝင်ခဲ့ပြီး ဩစတြေးလျအသင်းကို ရင်ဆိုင်ခဲ့သည်။ ဩစတြေးလျအသင်းမှာလည်း ပွဲစကတည်းက တိုက်စစ်ဖွင့်

စာမျက်နှာ ၁၂ ကော်လံ ၅ ❍

# အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဖန်နီ မြန်မာနိုင်ငံဘက် ဦးတည်မည့်အခြေအနေမရှိ

**ဆိုင်ကလုန်းမုန်တိုင်းအခြေအနေ**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “ဖန်နီ”သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး သီရိလင်္ကာနိုင်ငံ ထရင်ကိုမာလီမြို့၏ အရှေ့-အရှေ့တောင်ဘက် မိုင် ၃၈၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် ၅၃၅ မိုင်ခန့်၊ မာချီလီပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၆၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ဖန်နီ” သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရပါသည်။

ဆိုင်ကလုန်းမုန်တိုင်း “ဖန်နီ”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ဖန်နီ”သည် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျု ၇ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၇ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်း ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❑

● စည်းကမ်းကို အုတ်မြစ်ချသည် စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
● လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော . . .
UEC
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG မှ တက္ကသိုလ်ဝင်တန်းထိ
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP
၂၀၁၉-၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
အဆင့်မြင့်ဘော်ဒါ - ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-Con တပ် အိပ်ခန်းများနှင့် စာသင်ခန်းများထားရှိသည်။
DAY CAMP - (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
မူလတန်း၊ အလယ်တန်း - English 4 - skills၊ ဝန်းချီ၊ တွန်ဖူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်။
■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
■ (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။
ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 7800 20647 , 09 7938 93725,09 7938 93726 ,09 5157988
ကျောင်းသူဆောင် ● ခြံအမှတ် (၁၅ A နှင့် B)၊ စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● ခြံအမှတ် (၄)၊ စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ



ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၆-၇-၂၀၁၈ ရက်က ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆင္မြနေ့တွင် ကျေးဇူးတင်စကားပြောကြားစဉ်။

## နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို အဓိကထား ဦးတည်ဆောင်ရွက်နေသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

**❍ တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဓာတ်ပုံစုစည်း - ကိုကိုစိုးညွန့် ❍**

အစိုးရသစ်၏ သက်တမ်းသည် ယခုအခါ သုံးနှစ်တာ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ထို့အတူ နိုင်ငံတော်အစိုးရသစ်၏ သက်တမ်းနှင့်အတူ မွေးဖွားပေါ်ပေါက်လာခဲ့ရသည့် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည်လည်း သက်တမ်း သုံးနှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကို ၂၀၁၆ ခုနှစ် ဧပြီလ ၆ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေပုဒ်မ ၃ ပြဋ္ဌာန်းချက်ပါ အတိုင်း ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ထွန်းကားရေး၊ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ရန်ရည်ရွယ်ခဲ့ပြီး နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေအရအပ်နှင်းထားသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တာဝန် လေးရပ်တို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချမှတ်ပေးသည့်မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရသည့် အထောက်အကူပြုဝန်ကြီးဌာနကြီးလည်း ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ တတိယ (၁)နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များနှင့် ဖြတ်သန်းမှုများအကြောင်းကို သိရှိနိုင်ရန်အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန မွေးဖွားလာပုံနဲ့ ရည်ရွယ်ချက်အပါအဝင် တတိယ(၁)နှစ်တာအတွင်းက လုပ်ငန်းစဉ်အကျဉ်းကိုလည်း ရှင်းပြပေးပါရှင့်။**

*အချပ်ပို(ခ)သို့*

**နိုင်ငံရေးပြဿနာကို ညှိနှိုင်းအဖြေရှာဖို့အတွက်အပြင် ကျွန်တော်တို့ဟာ အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့ အတွက် အဓိကရည်ရွယ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေးတွေကို ကျင်းပပြုလုပ်လျက်ရှိ**



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၀-၄-၂၀၁၈ ရက်က မြောင်းမြို့၌ ပြုလုပ်သည့် ငြိမ်းချမ်းရေးစကားဝိုင်းတွင် တက်ရောက်ဆွေးနွေးစဉ်။ သတင်းစဉ်

**အချပ်ပို(က)မှ**

ဖြေ။ ။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနဟာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေပါ လုပ်ငန်းနယ်ပယ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို လိုအပ်တာတွေ ပံ့ပိုးဆောင်ရွက်ပေးနေနိုင်ဖို့၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချမှတ်ပေးထားတဲ့မူဝါဒတွေကို အကောင်အထည်ဖော်ရာမှာ ပေါင်းစပ်ညှိနှိုင်းပေးနိုင်ဖို့အတွက် အထောက်အကူပြုနိုင်ဖို့ ဖွဲ့စည်းပေါ်ပေါက်လာတဲ့ ဝန်ကြီးဌာနတစ်ခုဖြစ်ပါတယ်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ရဲ့ တတိယ (၃)နှစ်တာကာလအတွင်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်တွေကို အဓိကထားပြီး ဆောင်ရွက်ခဲ့ပါတယ်။

ဒါတင်မကသေးပါဘူး။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းထားပါတယ်။ ဒါ့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းဖို့အတွက် ငြိမ်းချမ်းရေးကော်မရှင်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ နိုင်ငံရေးပြဿနာကို ညှိနှိုင်းအဖြေရှာဖို့အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ ကြိုးပမ်းဆောင်ရွက်ချက်ကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ နိုင်ငံရေးပြဿနာကို ညှိနှိုင်းအဖြေရှာဖို့အတွက်အပြင် ကျွန်တော်တို့ဟာ အနာဂတ် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့အတွက် အဓိကရည်ရွယ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေးတွေကို ကျင်းပပြုလုပ်လျက်ရှိပါတယ်။

ဝန်ကြီးဌာနရဲ့ တတိယ(၃)နှစ်တာအတွင်းမှာဆောင်ရွက်ချက်များအနေနဲ့ကတော့ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၁ ရက်ကနေ ၁၆ ရက်အထိ တတိယအကြိမ် ပင်လုံညီလာခံ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ အားလုံးပါဝင်ရေးမူကို အခြေခံပြီးတော့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီတွေမှ ကိုယ်စားလှယ်များအပါအဝင် တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ အခြား ပါဝင်သင့် ပါဝင်ထိုက်သူတွေအားလုံးပါဝင်ခဲ့ပြီး စုစုပေါင်း ကိုယ်စားလှယ် ၇၀၀ ဦး တက်ရောက်ခဲ့ကြပါတယ်။

တတိယအကြိမ် ပင်လုံညီလာခံမှာ အဆင့်ဆင့်တင်ပြလာတဲ့ ဖက်ဒရယ်အခြေခံမူ အဆိုပြုချက်တွေကို ညီလာခံအတွင်းမှာ ဆွေးနွေးဆုံးဖြတ်အတည်ပြုခဲ့ကြတဲ့အပြင် ပြည်ထောင်စုသဘောတူ စာချုပ် အစိတ်အပိုင်း ၂ အဖြစ် အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ပါတယ်။

**မေး။ ။ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း ၂ မှာ အချက် ဘယ်လောက် ပါဝင်ခဲ့ပါသလဲရှင့်။**

ဖြေ။ ။ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း ၂ မှာဆိုရင် နိုင်ငံရေးကဏ္ဍအတွက် အချက်လေးချက်၊ စီးပွားရေးကဏ္ဍအတွက် အချက်တစ်ချက်၊ လူမှုရေးကဏ္ဍအတွက် အချက်ခုနစ်ချက်နဲ့ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍအတွက် အချက်နှစ်ချက်၊ စုစုပေါင်း သဘောတူညီချက် ၁၄ ချက် ပါဝင်ပါတယ်။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂)ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အပိုဒ် ၂၀၊ အပိုဒ်ခွဲ (င) အရ အစုအဖွဲ့အသီးသီးရဲ့ ခေါင်းဆောင်များနဲ့ အသိသက်သေတွေနဲ့ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၆ ရက်မှာ လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ကြပါတယ်။

ဒါကြောင့် ယခင်ချုပ်ဆိုခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း ၁ မှာတုန်းက ရရှိထားခဲ့တဲ့ ဖက်ဒရယ်အခြေခံမူ ၃၇ ချက်အပါအဝင် စုစုပေါင်းဖက်ဒရယ်အခြေခံမူ ၅၁ ချက် ရရှိထားပြီးဖြစ်ပါတယ်။

**မေး။ ။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA အတွက် ဆောင်ရွက်ချက်တွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA မှာ လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့

**အချပ်ပို(ဂ)သို့**

**“အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းထားပါတယ်။ ဒါ့အပြင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းဖို့အတွက် ငြိမ်းချမ်းရေးကော်မရှင်ကိုလည်း ဖွဲ့စည်း ဆောင်ရွက်လျက်ရှိ”**



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်




၁၅-၁၀-၂၀၁၈ ရက်က နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေး ကျင်းပစဉ်။

*အချပ်ပို(ခ)မှ*

ငြိမ်းချမ်းရေးရရှိဖို့အတွက် NCA ပါ ပြဋ္ဌာန်းချက်များနဲ့အညီ အကောင်အထည်ဖော်ရေးကိစ္စတွေကို နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်နေပါတယ်။

တစ်ဖက်မှာလည်း NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေနဲ့တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို ဖွင့်လှစ်ထားပါတယ်။ ဒါမှ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများ မြှင့်တင်နိုင်မှာ ဖြစ်တာကြောင့် စဉ်ဆက်မပြတ်ထိတွေ့ဆောင်ရွက်လျက်ရှိပါတယ်။

အစိုးရရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံရေးဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရန်၊ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲနိုင်ရန်အတွက် NCA ရဲ့ ထီးရိပ်အောက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာရန်၊ ညီလာခံစားပွဲဝိုင်းပေါ်ကို ပါဝင်သင့်သူအားလုံးရောက်ရှိလာစေဖို့အတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်ဖို့ပဲ ဖြစ်ပါတယ်။

**မေး။ ။ NCA မှာ ပါဝင် လက်မှတ်ရေးထိုးတဲ့ အဖွဲ့အစည်းတွေအကြောင်းနဲ့ နိုင်ငံရေးသဘောတူညီချက်များ ချမှတ်ဖို့အတွက် ဆောင်ရွက်ခဲ့ပုံကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ NCA မှာ ပါဝင်လက်မှတ်ရေးထိုး နိုင်ရေး ညှိနှိုင်းဆောင်ရွက်တဲ့အခါမှာ မွန်ပြည်သစ်ပါတီ NMSP နဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံး LDUတို့က ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှာ NCA လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါကြောင့် အစိုးရနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့ အထိ ရှိလာပြီဖြစ်ပါတယ်။

ဒါ့အပြင် အစိုးရနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များအကြား နိုင်ငံရေးသဘောတူညီချက်များချမှတ်နိုင်ဖို့ အတွက် ရည်ရွယ်ကျင်းပတဲ့ အစိုးရနှင့် NCA-S EAOs ခေါင်းဆောင်များရဲ့ သီးသန့်အစည်းအဝေးကို နေပြည်တော်မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၅ ရက်နဲ့ ၁၆ ရက်တို့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ်မတိုင်မီမှာ ကျင်းပဖို့အတွက် မျှော်မှန်းထားတဲ့ (၂၁)-ရာစုပင်လုံ ညီလာခံ သုံးကြိမ်တွင် အရေးကြီးတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ဆိုင်ရာအခြေခံမူတွေ ချမှတ်နိုင်ဖို့အတွက် လိုအပ်တဲ့ အချိန်ဇယားနဲ့ ဦးစားပေးလုပ်ငန်းစဉ်များ ဆောင်ရွက်ကြဖို့ သဘောတူညီချက်ချခဲ့ ကြပါတယ်။ နောက်ထပ်ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေး သုံးကြိမ်အတွင်း ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ ချမှတ် နိုင်ဖို့နဲ့ ဖက်ဒရယ်အုတ်မြစ်ခိုင်ခိုင်မာမာ စိုက်ထူနိုင်ဖို့အတွက် ရည်မှန်းကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်တွေအကြောင်းကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနက အဓိကထား ဆောင်ရွက်နေတဲ့ ကိစ္စတစ်ခုကတော့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်မှာ ဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်တွေဟာ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းရေးအတွက် အလွန် အရေးကြီးလျက်ရှိပါတယ်။ ဒါကြောင့် ရေတို၊ ရေရှည်အစီအမံတွေ ချမှတ်ဆောင်ရွက်ရပါတယ်။ ယင်းကို အထောက်အကူပြုစေနိုင်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် မေလ ၃၀ ရက်ကတည်းက စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် မစ္စတာ ကိုဖီအာနန် ခေါင်းဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်မှာလည်းကောင်း၊ ဒုတိယသမ္မတဦးမြင့်ဆွေ ဦးဆောင်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှာ လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်မှာ လည်းကောင်း အသီးသီးဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု၊ အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကို ၂၀၁၇ အောက်တိုဘာ ၁၇ ရက်မှာ စတင်ခဲ့ပါတယ်။

*အချပ်ပို(ဃ)သို့*



၁၆-၇-၂၀၁၈ ရက်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးမှ အတည်ပြုထားသော သဘောတူချက် ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အစိုးရအစုအဖွဲ့ ကိုယ်စားလှယ် ဒေါက်တာတင်မျိုးဝင်း၊ လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ် ဦးအောင်စိုး၊ တပ်မတော်အစုအဖွဲ့ ကိုယ်စားလှယ် ဗိုလ်ချုပ်စန်းမြင့်၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ ကိုယ်စားလှယ် ဒေါက်တာ လျန်မှုန်းဆာခေါင်းနှင့် နိုင်ငံရေးပါတီအစုအဖွဲ့ကိုယ်စားလှယ် ဦးသုဝေတို့ လက်မှတ်ရေးထိုးကြစဉ်။



၆-၆-၂၀၁၈ ရက်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ် **Mr. Knut Ostby** နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဌာနေကိုယ်စားလှယ် **Mr. Giuseppe de Vincentiis** တို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဦးကျော်တင်တို့ ရှေ့မှောက်၌ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်း အထောက်အပံ့ပြုနိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြစဉ်။

*အချပ်ပို (ဂ)မှ*

Dr. Surakiart Sathirathai ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၈ ရက်က ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်အကြား ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို စောင့်ကြည့်လေ့လာနိုင်ဖို့အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်တဲ့ အထူးလုပ်ငန်းအဖွဲ့ကိုလည်း ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၇ ရက်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီကို ၂၀၁၈ ခုနှစ် မတ်လ ၁၅ ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

ဒါတင်မကသေးပါဘူး။ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICoE) ကိုလည်း Ambassador Rosario Manalo ဦးဆောင်ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်မှာ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်ကနေ နေရပ်စွန့်ခွာသူတွေကို ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွေ ဆောင်ရွက်နေမှုအပိုင်းကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ပူးပေါင်းဆောင်ရွက်ဖို့အတွက် မြန်မာအစိုးရနဲ့အတူ UNHCR နှင့် UNDP တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၂၀၁၈ ခုနှစ် ဇွန်လ ၆ ရက်မှာ လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပါတယ်။

ပြန်လည်လက်ခံရေး လုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်လျက် MoU on Establishment of Border Liaison Office- BLOs နှင့် MoU on Security Dialogue and Cooperation၊ Arrangement on Return of Displaced Persons from Rakhine State တို့ရဲ့ Arrangement ကို အကောင်အထည်ဖော်ဖို့အတွက် နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းအဖွဲ့၊ Joint Working Group (JWG) ဖွဲ့စည်းနိုင်ရေးအတွက် ToR၊ Physical Arrangement for Repatriation of Displaced Myanmar Residents From Bangladesh Under The Arrangement on Return of Displaced Persons from Rakhine State အသီးသီးကို အဆင့်ဆင့်လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပထမအကြိမ် Joint Working Group (JWG) အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီမှာ ဘင်္ဂလားဒေ့ရှ်ဘက်က ဟိန္ဒူဘာသာဝင်နဲ့ အစ္စလာမ်ဘာသာဝင် ၁၂၅၈ ဦးစာရင်းကို မြန်မာနိုင်ငံဘက်ကို ပေးအပ်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် မတ်လ ၁၉ ရက်မှာ မြန်မာဘက်ကနေ ပြန်လည်စိစစ်ပြီးတော့ ဟိန္ဒူဘာသာဝင် ၄၄၄ ဦးနဲ့ အစ္စလာမ်ဘာသာဝင် ၇၇၈ ဦး စာရင်းကို ဘင်္ဂလားဒေ့ရှ်ဘက်ကို ပြန်လည်ပေးပို့ခဲ့ပါတယ်။ ပြီးတော့ သူတို့တွေနဲ့အတူ ကောင်စစ်ရေးရာနဲ့ တွေ့ဆုံမှုကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှာ ပြုလုပ်ခဲ့ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်အရေးအတွက် ဘယ်လိုပုံစံနဲ့ ကိုင်တွယ်ဖြေရှင်းနေရသလဲဆိုတာကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ IDP စခန်းတွေ ပိတ်သိမ်းရေးအတွက် ၂၀၁၈ ခုနှစ် ဇွန်လ ၂ ရက်က နေပြည်တော်မှာ National Strategy for Closure of IDP camps in Myanmar အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ပါတယ်။

ရခိုင်ပြည်နယ်ကိစ္စဟာ အင်မတန်သိမ်မွေ့နက်နဲပြီး ထိလွယ်ရှလွယ်ဖြစ်တဲ့ကိစ္စရပ် ဖြစ်ပါတယ်။ ဒါကြောင့် အချိန်ယူပြီး အလေးထားဆောင်ရွက်ရမယ့် ကိစ္စရပ်လည်း ဖြစ်ပါတယ်။ လက်ရှိအစိုးရဟာ ပြဿနာတွေကိုအကောင်းဆုံး ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းနေတာ ဖြစ်ပါတယ်။ ပြဿနာဖြေရှင်းရေးကို အထောက်အကူပြုတဲ့ အပြုသဘောထောက်ခံမှုတွေရရှိဖို့လည်း လိုအပ်ပါတယ်။ ဒါမှလည်း ရေရှည်တည်တံ့တဲ့ ဖြေရှင်းချက်ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ အစိုးရသစ် တတိယ (၁)နှစ်တာအတွင်း ဖြတ်သန်းမှုများအနက်မှ ပြည်သူကို ပြောကြားလိုတဲ့ အချက်ရှိသေးရင် ပြောပြပေးပါရှင့်။**

ဖြေ။ ။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနဟာ အစိုးရသစ်ရဲ့ တတိယ (၁) နှစ်တာအတွင်းမှာလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်မှုနဲ့ ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးတို့ကို အဓိကထားပြီး ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား လိုအပ်တဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းတွေအကြား လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးလျက်လည်းရှိပါတယ်။ အစိုးရရဲ့ကျန်ရှိနေတဲ့ သက်တမ်းနှစ်နှစ်တာ ကာလအတွင်းမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ထားတဲ့ မူဝါဒ၊ လမ်းညွှန်ချက်တွေကို အောင်အောင်မြင်မြင်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနကနေ ဆက်လက်ပြီးတော့လည်း ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ မိဘပြည်သူတွေကို ပြောကြားလိုပါတယ်။ ။

**ရခိုင်ပြည်နယ် ကိစ္စဟာ အင်မတန် သိမ်မွေ့နက်နဲပြီး ထိလွယ်ရှလွယ်ဖြစ်တဲ့ ကိစ္စရပ် ဖြစ်ပါတယ်။ ဒါကြောင့် အချိန်ယူပြီး အလေးထားဆောင်ရွက်ရမယ့် ကိစ္စရပ်လည်း ဖြစ်ပါတယ်။ လက်ရှိအစိုးရဟာ ပြဿနာတွေကို အကောင်းဆုံး ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းနေတာ ဖြစ်ပါတယ်။ ပြဿနာ ဖြေရှင်းရေးကို အထောက်အကူပြုတဲ့ အပြုသဘောထောက်ခံမှုတွေ ရရှိဖို့လည်း လိုအပ်ပါတယ်။ ဒါမှလည်း ရေရှည်တည်တံ့တဲ့ ဖြေရှင်းချက်ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။**



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၈ ဖွဲ့တို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ၂၁-၃-၂၀၁၉ ရက်က ကျင်းပစဉ်။

# နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် အလားအလာကောင်းများကို ပိုင်ဆိုင်ထားသည့်

# မန္တလေးတိုင်းဒေသကြီး

*ဆောင်းပါး - နန္ဒာဝင်း၊ ဓာတ်ပုံ - ဘိုဘို*




၆-၄-၂၀၁၉ ရက်က မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် သပိတ်ကျင်းမြို့နယ် တွင်းငယ်ရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးစဉ်။

**"ပြည်သူတွေရဲ့ လူမှုအကျိုးစီးပွားကိုမြှင့်တင်ပေးဖို့အတွက် တစ်မျိုးသားလုံးဆိုင်ရာ ထုတ်ကုန်တန်ဖိုး GDP ကို မြှင့်တင်ဖို့ မူဝါဒတွေ ချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်အဆင့် မဟာဗျူဟာတွေ ချမှတ်ပြီး ရေတို၊ ရေရှည် စီမံကိန်းတွေကို ရေးဆွဲဆောင်ရွက်နေပါတယ်"**

မန္တလေးဟူသော အမည်သည် 'မဏ္ဍလ' ဟူသော ပုဒ်မှ 'မဏ္ဍလေး'၊ ထိုမှ 'မန္တလေး' ဖြစ်လာကြောင်း၊ အဓိပ္ပာယ်မှာ 'ပျံ့ပျူးသာယာသောနယ်မြေ' ဟု ယူဆကြသလို အချို့က 'မန္တရေး' မှ ပြောင်းလာဟန်ရှိသည်ဟု ဆိုကြသည်။

အဓိပ္ပာယ်မှာ 'ကျက်သရေတို့ကို ဆောင်အရပ်' ဟု ဆိုကြသလို အချို့ကလည်း ရှေးပုဂံခေတ်က မင်းရှင်စောမင်းကလေး မှီခိုနေသွားသော တောင်ဖြစ်ခြင်းကြောင့် မင်းကလေး တောင်ဟု ခေါ်တွင်ရာမှ မန္တလေးတောင်ဟူ၍ ဖြစ်လာပြီး ထိုတောင်၏ ပတ်ဝန်းကျင်ရှိ မန္တလေးအရပ်တွင် မြို့တည်သဖြင့် မန္တလေးမြို့ဟု ဖြစ်ပေါ်လာသည်ဟု ဆိုကြသည်။

မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် တည်ရှိပြီး အရှေ့ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ တောင်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မြောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတို့က အသီးသီးဝန်းရံလျက်ရှိသည်။

တိုင်းဒေသကြီး၏ မြို့တော်ဖြစ်သော မန္တလေးမြို့၌ မြန်မာတို့၏ နောက်ဆုံးမင်းဆက် စိုးစံခဲ့သော မြနန်းစံကျော် ရွှေနန်းတော်တည်ရှိသည်။ ပထမ မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့သော ပုဂံမြို့ဟောင်းမှာ မန္တလေးတိုင်းဒေသကြီးတွင်း၌ တည်ရှိပြီး လက်ရှိအစိုးရအဖွဲ့များရုံးစိုက်ရာ နေပြည်တော် ပြည်ထောင်စုနယ်မြေကို မန္တလေးတိုင်းဒေသကြီးမှ ဝန်းရံထားသည်။

**မြန်မာ့ယဉ်ကျေးမှုတို့ စုဝေးရာဒေသ**

မန္တလေးမြို့သည် ရန်ကုန်မြို့ပြီးနောက် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အလယ်ဗဟိုတွင် တည်ရှိသကဲ့သို့ပင် မြန်မာ့ယဉ်ကျေးမှုတို့ စုဝေးရာဒေသလည်း ဖြစ်သည်။

မန္တလေးမြို့သည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် ချိတ်ဆက်ရန် အချက်အချာနေရာတွင် တည်ရှိပြီး အာရှအမြန်လမ်းများသည် မန္တလေးမြို့ကို ဖြတ်သန်းသွားလာလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ စတင်တာဝန်ထမ်းဆောင်ခဲ့ကာ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်လည်း ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ အစိုးရလက်ထက်မှာ ပြည်သူတွေရဲ့ လူမှုအကျိုးစီးပွားကို မြှင့်တင်ပေးဖို့အတွက် တစ်မျိုးသားလုံးဆိုင်ရာ ထုတ်ကုန်တန်ဖိုး GDP ကို မြှင့်တင်ဖို့ မူဝါဒတွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်အဆင့် မဟာဗျူဟာတွေ ချမှတ်ပြီး ရေတို၊ ရေရှည် စီမံကိန်းတွေကို ရေးဆွဲဆောင်ရွက်နေပါတယ်" ဟု မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောသည်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်

မန္တလေးတိုင်းဒေသကြီးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် နိုင်ငံတော်၏ အဓိကကျသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး အဓိကအားသာချက်မှာ စိုက်ပျိုးရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် ခရီးသွားလာရေးစသည့် လုပ်ငန်းနယ်ပယ်များဖြစ်ကာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


"ခေတ်မီဖွံ့ဖြိုးတဲ့ စီးပွားရေးဖြစ်ပေါ်လာဖို့ ဆိုရင် နိုင်ငံတော်အနေနဲ့ အခြေခံကျတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို မွေးထုတ်ပေးရမှာ ဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ အသက်မွေးဝမ်းကျောင်း ပညာရပ်တွေ လုပ်ကိုင်နိုင်ဖို့အတွက်ပါ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးလုပ်ငန်းတွေ ပိုမိုအောင်မြင်လာဖို့ ချမှတ်ထားတဲ့ စီးပွားရေးမူဝါဒတွေနဲ့အညီ အချို့သောစီးပွားရေး လုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်နေပါတယ်" ဟုလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆိုသည်။

**ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်**

စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပြင် တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် သက်ဆိုင်ရာ ဌာနများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိသည်။

"နိုင်ငံတော်အနေနဲ့ စီးပွားရေးမူဝါဒ (၁၂) ရပ်ကို ချမှတ်ထားပါတယ်။ အဲဒီမူဝါဒတွေ ချမှတ်စဉ်ကလည်း ဝေဖန်မှုတွေရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီအချိန်မှာ အဲဒီစီးပွားရေး မူဝါဒ (၁၂) ရပ်က တိုင်းပြည်နဲ့ အလွန်ကိုက်ညီတဲ့ အနေအထားဖြစ်ပါတယ်။ အဲဒီလမ်းညွှန်ချက်တွေအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးမှာ အဓိကကဏ္ဍတစ်ခု ဖြစ်သဖြင့် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီအနေဖြင့် တတိယ (၁) နှစ်တာကာလအတွင်း မြို့နယ်ခြောက်ခုတွင် နိုင်လွန်ကတ္တရာလမ်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ တံတားများနှင့် ရေမြောင်းများတည်ဆောက်ခြင်းတို့ကို ငွေကျပ်သန်း ၁၃၉၁၈ ဒသမ ၈၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ***အချပ်ပို (စ) သို့***



မန္တလေးမြို့ရိုးနှင့် ကျုံးအလှညရှုခင်းကို တွေ့ရစဉ်။

*အချပ်ပို (င) မှ*

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူများနေထိုင်မှု အဆင်ပြေရေးအတွက် ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ (တတိယ တစ်နှစ်တာကာလအတွင်း) တန်ဖိုးငွေကျပ် ၁၉၁၀၉ ဒသမ ၄၁၇ သန်းဖြင့် တန်ဖိုးမျှအိမ်ရာ အခန်းအရေအတွက် ၁၁၂၈ ခန်းနှင့် တန်ဖိုးငွေကျပ် ၂၉၁ ဒသမ ၄၁၁ သန်းဖြင့် အခန်း ၃၀ ပါ ဝန်ထမ်းအိမ်ရာတို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တန်ဖိုးငွေကျပ်သန်း ၃၀၀၀ ဖြင့် Precast စက်ရုံ တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**“မန္တလေးတိုင်းဒေသကြီးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် နိုင်ငံတော်၏ အဓိကကျသည့် တိုင်းဒေသကြီးတစ်ခု ဖြစ်ပြီး အဓိက အားသာချက်မှာ စိုက်ပျိုးရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် ခရီးသွားလာရေးစသည့် လုပ်ငန်းနယ်ပယ်များဖြစ်ကာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိ”**

**ကျေးလက်ဒေသ ဖွံ့ဖြိုးရေး**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍအနေဖြင့် လမ်းတံတားကဏ္ဍတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စသည်ဖြင့် ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည်။

“မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၂ ခုမှာ ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ (တတိယတစ်နှစ်တာ ကာလအတွင်း) နိုင်လွှန်ကတ္တရာလမ်းခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ဂျင်း/ဝဝလမ်း၊ မြေသားတာပေါင်ခင်းခြင်း၊ ကွန်ကရစ်ရေကျော်၊ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းတွေကို ရန်ပုံငွေကျပ် ၄၀၉၁၇ ဒသမ ၂၄၉၅ သန်းနဲ့ ဆောင်ရွက်လျက်ရှိသလို ကွန်ကရစ်တံတား၊ ရေပြွန်၊ ရေကျော်၊ Box Coluvert လုပ်ငန်းတွေကို ရန်ပုံငွေကျပ် ၆၀၉၀ ဒသမ ၉၁၅၇ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ပါတယ်” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆိုသည်။

အခြားလုပ်ငန်းများအဖြစ် ပလက်ဖောင်းလုပ်ငန်း၊ အုတ်ရေမြောင်းလုပ်ငန်း၊ မြို့သာယာလှပရေးလုပ်ငန်း(ဆေးသုတ်ခြင်း)လုပ်ငန်း ၂၅၀ ကို တန်ဖိုးငွေကျပ် ၁၄၄၁ ဒသမ ၁၆၆ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း**

၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ (တတိယတစ်နှစ်တာ ကာလအတွင်း) နိုင်ငံတော်ထောက်ပံ့ငွေကျပ်သန်း ၂၆၄၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၅၂၆ ဒသမ ၃၂၇ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) လုပ်ငန်း ၂၇၀ ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

“တတိယတစ်နှစ်တာ ကာလအတွင်းမှာ လမ်း/တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ ကျောင်းခြံစည်းရိုးကာရံခြင်း၊ ကျောင်းအိမ်သာတည်ဆောက်ခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်” ဟု မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများတွင် လူထုဗဟိုပြုစီမံကိန်း (CDD) သည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်၍ ၂၀၁၆ - ၂၀၁၇ ခုနှစ်မှစ၍ နှစ်စဉ်ငါးမြို့နယ်စီတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်ဟုလည်း သိရသည်။

တတိယတစ်နှစ်တာ ကာလအတွင်း လမ်း/တံတား၊ ရေပေးရေး၊ အဆောက်အဦ၊ မီးလင်းရေး၊ အုတ်တံတိုင်းကာရံခြင်း၊ အိမ်သာတည်ဆောက်ခြင်း၊ အဆောက်အအုံ အမိုးအကာများ ပြုပြင်ခြင်းလုပ်ငန်းများကို စုစုပေါင်းတန်ဖိုးငွေကျပ် ၄၁၃၇ ဒသမ ၂၅ သန်း (၄ ဒသမ ၁၃၇ ဘီလီယံ) ဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

*အချပ်ပို (ဆ) သို့*



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်အဖွဲ့ မြင်းခြံမြို့နယ် ရန္တပိုကျေးရွာအတွင်းရှိ မြန်မာ့ရိုးရာ ရန္တပိုအိုးလုပ်ငန်းအဆင့်ဆင့်ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာကြစဉ်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**အချပ်ပို (စ)မှ**

ထို့ပြင် ကျေးရွာပေါင်း ၅၂၁ ရွာကို မီးလင်းနိုင်ရေး၊ ဓာတ်အားလိုင်းများအသစ် တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ဓာတ်အားခွဲရုံများ အသစ်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ထရန်စဖော်မာတည်ဆောက်ခြင်း၊ Switch Bay တပ်ဆင်ခြင်းတို့ကို စုစုပေါင်းတန်ဖိုးငွေကျပ် ၄၁၉၉၂ ဒသမ ၃၇၄၇၈ သန်းဖြင့် ဆောင်ရွက်ခဲ့သည်။

**ကျေးလက်မီးလင်းရေး**

ဆက်လက်၍ ကျေးလက်မီးလင်းရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၄၇၉၉ အနက် ကျေးရွာ ၃၆၄၇ ရွာကို မီးရရှိရေးဆောင်ရွက်ထားရှိပြီး ၂၀၂၀ ခုနှစ်တွင် တိုင်းဒေသကြီးတစ်ခုလုံး မီးလင်းနိုင်ရေးကို လျာထားစီမံဆောင်ရွက်နေသည်ဟု သိရသည်။

"နိုင်ငံတော်ရဲ့အခြေခံစီးပွားရေး အဆောက်အအုံတွေ လျင်မြန်စွာတိုးတက်လာရေးကို ဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိသလို အများပြည်သူနဲ့ သက်ဆိုင်တဲ့ နေရာတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေ၊ တိုင်းဒေသကြီးနဲ့ ကိုက်ညီတဲ့ မူဝါဒတွေရေးဆွဲပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးတားဆီးရေး လုပ်ငန်းများကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား/ကျောင်းသူများ ပညာရေးတိုးတက်မြင့်မားလာရန်အတွက် ခရိုင်/မြို့နယ်များအတွင်း ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ (တတိယတစ်နှစ်တာကာလအတွင်း) ကျောင်းအသစ်တည်ဆောက်ခြင်း၊ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ ကျောင်းဝတ်စုံနှင့်ဗလာစာအုပ်များထောက်ပံ့ပေးအပ်လျက်ရှိသလို ကျောင်းပြင်ပ(မူလတန်း) အခြေစိုက်စခန်းများနှင့် တိုင်းရင်းသား ဘာသာစကားသင်တန်းများကို ဖွင့်လှစ်လျက်ရှိသည်။

**အဆောက်အအုံများ ပြင်ဆင်မွမ်းမံ**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ တတိယတစ်နှစ်တာကာလအတွင်း အဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်း၊ အဆောက်အအုံသစ် တည်ဆောက်ခြင်း၊ ဝန်ထမ်း အိမ်ရာတည်ဆောက်ခြင်း၊ စံကိုက်ကျေးလက်ကျန်းမာရေးဌာန၊ စံကိုက်ကျေးလက် ကျန်းမာရေးဌာနခွဲ၊ အခြားကျန်းမာရေးဌာနခွဲနှင့် အခြားကျန်းမာရေးဌာနခွဲများတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနများကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သည်။

"၂၀၁၈ - ၂၀၁၉ ခုဘဏ္ဍာရေးနှစ်မှာ ပြင်ထိန်းရန်ပုံငွေကိုကျပ်သန်း ၈၇၀ လျာထားပြီး ဒေသဖွံ့ဖြိုးရေးအတွက် ပြင်ဆင်ရေးလုပ်ငန်းတွေကို စိစစ်ရွေးချယ်ဆဲဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

**"နိုင်ငံတော်ရဲ့အခြေခံစီးပွားရေး အဆောက်အအုံတွေ လျင်မြန်စွာတိုးတက်လာရေးကို ဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိသလို အများပြည်သူနဲ့ သက်ဆိုင်တဲ့ နေရာတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေ၊ တိုင်းဒေသကြီးနဲ့ကိုက်ညီတဲ့ မူဝါဒတွေရေးဆွဲပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်"**

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုကျန်းမာရေးအတွက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လအတွင်း ငွေကျပ် ၈၂၉ ဒသမ ၁၈၁ သန်း တန်ဖိုးရှိဆေးဝါး ၁၁၄ မျိုးကိုကုမ္ပဏီ ၃၄ ခုမှ ဝယ်ယူထောက်ပံ့ပေးနိုင်ခဲ့သလို ဆက်လက်၍ ဆေးဝါး ၉၃ မျိုးကို ကုမ္ပဏီ ၅၉ ခုမှ ဝယ်ယူဖြန့်ဖြူးရန် တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ**

စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနေဖြင့် တရုတ်၊ ကိုရီးယား၊ ထိုင်း၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့က လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် တတိယ တစ်နှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအဖြစ် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းနှစ်ခုကို အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၈၃ သန်း၊ ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းတစ်ခုကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၀၀ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၂ ခုအတွက် စက်မှုကဏ္ဍ ၈ ခုတွင် ရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၂၅၄၈၁ ဒသမ ၇၇၀ သန်း၊ ဟိုတယ်ကဏ္ဍ ၄ ခုတွင် ရင်းနှီးမြှုပ်နှံမှု

*စာမျက်နှာ (ဧ)သို့*



မန္တလေး မဟာအောင်မြေမြို့နယ်ရှိ မြန်မာ့ယဉ်ကျေးမှုလက်ရာ ရွှေချည်ထိုးများ ရောင်းချသည့် အရောင်းဆိုင်၌ ရွှေချည်ထိုးကားချပ်များအား ပြည်ပခရီးသွားများ လာရောက်လေ့လာဝယ်ယူနေစဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကိန်းဖြစ်သော မန္တလေး- မြို့သာ စက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်းသို့ ၁၈-၃-၂၀၁၉ ရက်က မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ လာရောက်လေ့လာနေကြစဉ်။

*အချပ်ပို(ဆ)မှ*

ငွေကျပ် ၁၆၈၅၉ သန်းတို့ကို ခွင့်ပြုနိုင်ခဲ့သည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေအနေနဲ့ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေး၊ လျှပ်စစ်ကဏ္ဍတို့ ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေက ပြည်တွင်းအလုပ်အကိုင် ဖန်တီးပေးနိုင်မှုတွေအနေနဲ့ လျှပ်စစ်ကဏ္ဍမှာ ၁၂၁ ဦး၊ စက်မှု ကဏ္ဍမှာ ၁၉၄၇ ဦး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ၁၃ ဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍမှာ ၁၆၁ ဦး စုစုပေါင်း ၂၁၄၂ ဦး အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိတော့မှာ ဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

### သဘာဝဘေးကြိုတင်ကာကွယ်ရေး

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက သဘာဝဘေးအန္တရာယ်များ ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန်အတွက် တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်ကို ရေးဆွဲဆောင်ရွက်ထားရှိကြောင်း သိရသည်။

ရေကြီးနစ်မြုပ်မှု ဘေးအန္တရာယ်အတွက် ဖိုက်ဘာလှေငါးစင်း၊ ဘေးအန္တရာယ်ဖြစ်ပွားပြီး လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ဖို့အတွက် Wheel Loader တစ်စင်းကိုလည်း အသင့်စီစဉ်ထားရှိပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရန် အသိပညာပေး ဟောပြော ပွဲ ၇၆ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး လူဦးရေ ၁၈၄၆၀ ဦး ကို သင်တန်းပေးပို့နိုင်ခဲ့ကြောင်း၊ ငလျင်ဘေးအန္တရာယ်ကာကွယ်နိုင်ရန် ငလျင်သရုပ်ပြလေ့ကျင့်ခြင်း ကိုးကြိမ် ပြုလုပ်ခဲ့သည်။

သဘာဝဘေး ကျရောက်ခဲ့သည့် မြို့နယ်များအတွင်း ၂၀၁၈ ခုနှစ်ဧပြီလမှစက်တင်ဘာလအထိ ပညာရေးကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ အခြားကဏ္ဍ စုစုပေါင်း တန်ဖိုးငွေကျပ်သန်း ၁၀၀၀ ထောက်ပံ့ပေးနိုင်ခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ်အတွက် သဘာဝဘေးရန်ပုံငွေကျပ်သန်း ၃၀၀၀ ထောက်ပံ့နိုင်ရေး ခွင့်ပြုခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု ၁၉၂ ကြိမ်အတွက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနအနေဖြင့် ငွေကျပ် ၁၄၇ ဒသမ ၇၄၆ သန်းအား ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

"အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်/မြို့နယ်တွေမှာ သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာဖြစ်ပွားရင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်အောင် ခရိုင်/မြို့နယ်တွေအလိုက် စက်သုံးဆီကို မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ရမည်းသင်းနဲ့ ညောင်ဦးခရိုင်တို့မှာ အရေးပေါ် အသုံးပြုဖို့ တန်ဖိုး ငွေကျပ် ၂၆၆၂ ဒသမ ၁၄ သိန်း ကြိုတင်ထောက်ပံ့ထားရှိပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

### ပြည်သူလူထုလူမှုစီးပွားဘဝဖွံ့ဖြိုးရေး

မြန်မာနိုင်ငံ၏ အချက်အချာနေရာ၌ တည်ရှိပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် အလားအလာကောင်းများကို ပိုင်ဆိုင်ထားသည့် မန္တလေးတိုင်းဒေသကြီးတွင် ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့အစိုးရဖြစ်သည့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**"စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနေဖြင့် တရုတ်၊ ကိုရီးယား၊ ထိုင်း၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့က လာရောက်ရင်းနှီး မြှုပ်နှံလျက်ရှိ"**



မန္တလေးမြို့၌ ညပိုင်း အနားယူအပန်းဖြေနေသည့် ပြည်သူများကို တွေ့ရစဉ်။